# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၀၂၉)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို ရွှေသောင်ယံတံတား(မကျီးချောင်း)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

## နိုင်ငံတော်က ငွေကုန်ကြေးကျခံပြီး အလေးအနက်ထား ရင်းနှီးမြှုပ်နှံပေးခဲ့သည့် လမ်းတံတားအပါအဝင် အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့အောင် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရွှေသောင်ယံတံတား (မကျီးချောင်း) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် အောက်တိုဘာ ၂၈

**ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာ မြင့်ထွေး၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဦးကျော်မျိုး၊ ဦးကျော်လင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့၌ ကျင်းပသည့် ရွှေသောင်ယံတံတား (မကျီးချောင်း)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

### အတိုင်းမသိအထူးဝမ်းသာ


အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလ ယခုလမ်း၊ ယခုခရီးကြမ်းတွင် မိမိအနေဖြင့် ဆိုင်ကယ်တစ်တန်၊ ကားတစ်တန်၊ စက်လှေတစ်တန်၊ ဇက်အသွားအပြန်ဖြင့် ယခုဒေသ၊ ယခုအရပ်တွင် ခြေရာချင်း ထပ်ခဲ့ရပါကြောင်း၊ ထိုစဉ်ကတည်းက မိမိအား လှိုက်လှဲစွာ ကြိုဆိုကြပြီး ညှော့ခံကျွေးမွေးကြသည့် မိဘပြည်သူများ၊ အားပေးထောက်ခံကြသည့် မဲဆန္ဒရှင်များ၊ မညည်းမညူ ရိုင်းပင်းကူညီကြသူများအားလုံး၏ ကျေးဇူးကို မိမိနှလုံးသားတွင် ကမ္ပည်းတင်ထားပါကြောင်း၊ ယခုမြို့နယ်၊ ယခုဒေသရှိ မိတ်ဆွေသင်္ဂဟများ အားလုံးကို သတိရလျက်ရှိပါသည်ဟု အခွင့်အခါ ကြုံခိုက် ပြောကြားလိုပါကြောင်း၊ ယခု အချိန်တွင် ဒေသခံများ နှစ်ပေါင်းများစွာ လိုလားတောင့်တခဲ့သည့် ရွှေသောင်ယံတံတားကို ဖြည့်ဆည်းခွင့်ရပြီး ကိုယ်တိုင်ကိုယ်ကျလာရောက် ဖွင့်လှစ်နိုင်သည့်အတွက် အတိုင်းမသိအထူးဝမ်းသာ ကြည်နူးရပါကြောင်း။

### ဟန်ချက်ညီဖွံ့ဖြိုးရန်

ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပေးခဲ့သည့် မိမိတို့အစိုးရအဖွဲ့သက်တမ်းမှာ အခုဆိုလျှင် နှစ်နှစ်ခွဲကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ပြည်ထောင်စုကြီးအတွင်းတွင် ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြပါကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများနှင့် စုစည်းညီညွတ်စွာ စုပေါင်းနေထိုင်ကြသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆



ရွှေသောင်ယံ(မကျီးချောင်း)တံတားကို တွေ့ရစဉ်။


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# နိုင်ငံတော်သမ္မတ၏ လုပ်ငန်းလမ်းညွှန်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့၌ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် တာဝန်ရှိအဖွဲ့အစည်းပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားခဲ့ပါသည်။ ၎င်းတွေ့ဆုံပွဲအခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ(ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီး) နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၏ ပြောင်းလဲမှုဖြစ်စဉ်များ အောင်မြင်ချောမွေ့စေရန်အတွက် ပြည်သူပြည်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းအားလုံး၏ ပုံစံကျနေသည့် အတွေးအခေါ်နှင့် ပုံသေကားကျအလေ့အထများ ပြုပြင်ပြောင်းလဲရန် အထူးလိုအပ်နေသည်ကို အလေးအနက်ထား ပြောကြားခဲ့ပါသည်။ နိုင်ငံတော်သမ္မတက ပြုပြင်ပြောင်းလဲရေးသည် နိုင်ငံသူ နိုင်ငံသားများအားလုံး တောင့်တနေသည့် ဆန္ဒဖြစ်သည်နှင့်အညီ အဆိုပါဆန္ဒအား အကောင်အထည်ဖော်ရန် အားလုံးတွင်တာဝန်ရှိသည်ကို ထောက်ပြခဲ့ပါသည်။ ၎င်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ တွန့်ဆုတ်မှုများနှင့်အတူ စိုးရိမ်မှု၊ ဝန်လေးမှုတို့ ရှိနေသည်ကိုလည်း နိုင်ငံတော်သမ္မတက သုံးသပ်တင်ပြခဲ့ပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုသာ အကောင်အထည်ဖော်နိုင်စွမ်းမရှိပါက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်မည်မဟုတ်၍ နိုင်ငံတော်သမ္မတက တာဝန်ရှိအဖွဲ့အစည်း၊ ပုဂ္ဂိုလ်အားလုံးအား ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းတွင် လိုက်ပါကြပါရန် လမ်းညွှန်အမှာစကားပြောကြားခဲ့ပါသည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တို့သည် တိုင်းပြည်၏ ဖွံ့ဖြိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်၍ အတင်းအကျပ်တိုက်တွန်းမှ ဖော်ဆောင်မည်ဟူသော သဘောထားမျိုးမထားကြရန်ကိုလည်း နိုင်ငံတော်သမ္မတက သတိပေးစကားပြောကြားခဲ့ပါသည်။ တစ်ဆက်တည်း နိုင်ငံတော်သမ္မတက အတိတ်သင်ခန်းစာတို့ကို နှလုံးသွင်းခံယူလျက် အနာဂတ်၌ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအား ဦးတည်အကောင်အထည် ဖော်ရမည်ကိုပါ လမ်းညွှန်ခဲ့ပါသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးသည် တိကျသော လုပ်ငန်းစဉ်များ ချမှတ်၍ အကောင် အထည်ဖော်ရမည်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က ဥပဒေပြုရေး၊ အုပ်ချုပ် ရေး၊ တရားစီရင်ရေးတို့နှင့် ပတ်သက်သော မူဝါဒတို့ ချမှတ်ထားသည်ကိုလည်း နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြခဲ့ပါသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေးကို စီမံခန့်ခွဲရာ၌ နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးတရားမျှတမှုတို့ ဖန်တီးဖော်ဆောင်ရမည်ဖြစ်သကဲ့သို့ အခွင့်အလမ်းညီမျှမှု၊ အဆင့်အတန်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ ပုံဖော်ရမည်ကိုလည်း လမ်းညွှန်ပြောကြားခဲ့ပါသည်။ နိုင်ငံတော်သမ္မတက အုပ်ချုပ်ရေး ယန္တရားတို့ဟူသည် နိုင်ငံသူ နိုင်ငံသားတို့အား ဖိနှိပ်ချုပ်ချယ်သည့် သဘောမသက်ရောက်စေရ၊ ပြည်သူ့ဝန်ဆောင်မှုသဘောသာဖြစ်စေရမည်ကို ရှင်းလင်းပြောဆိုခဲ့ပါသည်။ တရားမျှတရေးသည် ဒီမိုကရေစီခိုင်မာရေးနှင့် လူ့အဖွဲ့အစည်းခိုင်မြဲရေးတို့၏ အခြေခံအုတ်မြစ်ဖြစ်သည်နှင့်အညီ အုပ်ချုပ်ရေးအား တရားမျှတ၍ ဘက်လိုက်မှုကင်းသည့် အုပ်ချုပ်ရေးဖြစ်စေရန်ကိုလည်း နိုင်ငံတော်သမ္မတက ထောက်ပြခဲ့ပါသည်။

နိုင်ငံတော်သမ္မတက တရားစီရင်ရေး၌ လုပ်ပိုင်ခွင့်ရှိသူများ၊ တာဝန်ရှိသူများ၏ ဝင်ရောက်စွက်ဖက်မှု ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ရန် ညွှန်ကြားသကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှု မရှိစေရေး အပါအဝင် အဂတိကင်းစင်သည့် တရားစီရင်ရေးဖြစ်စေရန် လမ်းညွှန်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတက တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဖြတ်သန်းသည့်ကာလတစ်ခုတွင် သမိုင်းကပေးအပ်လိုက်သည့် တာဝန်များကို ကျေပွန်မှသာ နောင်မျိုးဆက်တို့က အသိအမှတ်ပြုလေးစားမည်ဟု သုံးသပ်တင်ပြလိုက်ခြင်းသည် နိုင်ငံသူ နိုင်ငံသား အားလုံးအတွက် လုပ်ငန်းလမ်းညွှန်ချပြလိုက်ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၈

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ




# သက်ကြီးများ၏ အကြံဉာဏ်များ၊ အကြံပြုချက်များအား အလေးထား၍ ရယူသုံးစွဲရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် အီရန်နိုင်ငံ တီဟီရန်မြို့တွင် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် သက်ကြီးရွယ်အိုများနှင့် စပ်လျဉ်း၍ မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အစိုးရတို့၏ အခန်းကဏ္ဍများဆိုင်ရာ အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများ ညီလာခံသို့ တက်ရောက်သည်။**

အဆိုပါညီလာခံအား အီရန်နိုင်ငံ သမဝါယမ၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန၊ အီရန်နိုင်ငံ လူမှုဝန်ထမ်းအဖွဲ့အစည်း (State Welfare Organization)၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေ အဖွဲ့(UNFPA) နှင့် Helpage International တို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံကို အီရန်နိုင်ငံမှ ဒုတိယသမ္မတ (၁) H.E. Dr. Eshaq Jahangiri ၊ သမဝါယမ၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Dr. Mohseni Bandpey၊ ကျန်းမာရေးနှင့် ဆေးပညာဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Hassan Ghazizadeh Hashemi နှင့် UNFPA မှ Executive Director H.E. Dr Natalia Kanem တို့က တက်ရောက်ဖွင့်လှစ်ပေးသည်။

ညီလာခံသို့ အာရှပစိဖိတ်ဒေသတွင်းရှိ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ နိုင်ငံကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ကြီးရွယ်အိုကိစ္စရပ်များအား ဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် အာရှပစိဖိတ်နိုင်ငံအများစု၌ မွေးဖွားနှုန်းကျဆင်းလာပြီး လူ့မျှော်မှန်းသက်တမ်းတို့ ရှည်ကြာလာခြင်းကြောင့် သက်ကြီးရွယ်အိုများ၏ အချိုးအစားမှာ မြင့်မားလာလျက်ရှိရာ များပြားလာသော သက်ကြီးရွယ်အိုများအတွက် ဝင်ငွေဖူလုံရေး၊ လိုအပ်သော ပြုစုစောင့်ရှောက်မှုများကို ထိရောက်စွာပေးအပ်နိုင်ရေး၊ သက်ကြီးများအနေဖြင့် လူမှုရေး၊ စီးပွားရေးနှင့် ၎င်းတို့ ကျွမ်းကျင်ရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် အထီးကျန်မှုများ လျော့နည်းသက်သာစေရေး၊ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ သတ်မှတ်ဆောင်ရွက်ရာတွင် ငယ်စဉ်ဘဝမှ စတင်၍ သက်ကြီးဘဝ အထိ ထည့်သွင်းစဉ်းစားသည့် Life Cycle Approach ဖြင့် ဆောင်ရွက်နိုင်ရေး၊ အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည်လေ့ရှိရာ သက်ကြီးအမျိုးသမီးများ၏ အခန်းကဏ္ဍ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းမှု စသည့်ကိစ္စရပ်များ၊ သက်ကြီးရွယ်အိုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဓိကအကျဆုံးဖြစ်သည့် သက်ကြီးများ၏ လိုအပ်ချက်များ၊ လိုလားချက်များကို သိရှိနားလည်နိုင်ရေးအတွက် သက်ကြီးများ၏ အကြံဉာဏ်များ၊ အကြံပြုချက်များအား အလေးထား၍ ရယူသုံးစွဲရေးတို့အား အထူးပြုဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် သက်ကြီးရွယ်အိုများ အပါအဝင် ပြည်သူများ လူ့ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ရရှိခံစားနိုင်ရေး လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒချမှတ်ဆောင်ရွက်နေပုံများ၊ သက်ကြီးရွယ်အိုများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်နိုင်မှု၊ သက်ကြီးပင်စင်အား မူလက အသက် ၉၀ နှစ်အထက် သက်ကြီးအားလုံးအား ထောက်ပံ့ပေးနေရာမှ ယခုဘဏ္ဍာနှစ်တွင် အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများအထိ ပိုမိုထောက်ပံ့ပေးနိုင်ခဲ့မှုများ၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး Older People Self Help Groups (OPSHG) မှသည် သက်ကြီးများ၊ လူငယ်များ အားလုံးပါဝင်သော Inclusive Self Help Groups (ISHG) အဖြစ်သို့ ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးသည် အီရန်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော သက်ကြီးများ ကိုယ်တိုင်တည်ထောင်ထားသည့် နေထိုင်မှုဆိုင်ရာ အစီအစဉ်များ၊ အစီအမံများနှင့် တီဟီရန်မြို့ စည်ပင်သာယာရေးဌာနမှ ကူညီပံ့ပိုးဆောင်ရွက်ပေးနေမှုများကို လက်တွေ့သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **သတင်းစဉ်**



# စည်းကမ်းမဲ့ ရေဆင်းကူးသူများကြောင့် မြေသားများပြိုကျ၍ ကွန်ကရစ်လမ်းပျက်စီး

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သပြေကုန်း ခနိတောသုသာန်သို့ သွားသောကွန်ကရစ်လမ်းမကြီးသည် ရပ်ကွက် (၆) အတွင်းရှိ လယ်သမားများ၏ ရေလွှတ်မြောင်း၌စည်းကမ်းမဲ့ ရေဆင်းကူးကြသူများကြောင့် မြေသားများပြိုကျ၍ ကွန်ကရစ်လမ်း အရှည်ပေ ၂၀ ကျော် ပျက်စီးလျက်ရှိကြောင်း အောက်တိုဘာ ၂၁ ရက်က မြင်တွေ့ရသည်။ **(ယာပုံ)**

အဆိုပါ ကွန်ကရစ်လမ်းသည် ဒလမြို့နယ်မှတစ်ဆင့် သပြေကုန်းခနိတောသုသာန်သို့ နာရေးပို့ဆောင်ရာတွင် နာရေးယာဉ်များ အဓိကအသုံးပြုနေသော ကွန်ကရစ်လမ်းမကြီးဖြစ်သည်။ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများသည် မြေသားများပြိုကျမှုနှင့် ပျက်စီးနေသော လမ်းအပိုင်းများကို မြေသားနှင့် သဲများဖို့၍ သွပ်များဖြင့်ကာပြီး တုတ်ရိုက်ပြုပြင်ဆောင်ရွက်ပေးထားသော်လည်း စည်းကမ်းမဲ့ နေ့စဉ်ရေဆင်းကူးသူများကြောင့် မြေသားများထပ်မံပြိုကျသဖြင့် ကွန်ကရစ်လမ်းမှာ ပျက်စီးလျက်ရှိကြောင်း၊ နာရေးပို့ဆောင်သောယာဉ်များ အချိန်မရွေး အန္တရာယ်ရှိနိုင်သောကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများအနေဖြင့် ရေဆင်းကူးသူများကို စည်းကမ်းထိန်းသိမ်းမှုနှင့် အရေးယူမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း အဆိုပါလမ်းကို ဖြတ်သန်းသွားလာနေကြသော ပြည်သူများထံမှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**








နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရွှေသောင်ယံတံတား(မကျီးချောင်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

◆*ရွှေဖုံးမှ*

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ဖြစ်ပါကြောင်း၊ ရှေးပဝေသဏီကတည်းကစပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်လျက်ရှိကြပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို အဆင့်အတန်းမြင့်မားစေရန် အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းများ၊ တံတားများ ကောင်းမွန်ပြီး ဆက်သွယ်မှုအဆင်ပြေချောမွေ့မှသာ ပြည်သူများအကြား ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ရွှေသောင်ယံတံတား( မကျီးချောင်း) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

**ဒေသခံများအတွက် အကျိုးဖြစ်ထွန်း**

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ စပါးကျီသာမက၊ ရေထွက်ကုန်ပစ္စည်းများ အဓိကဖြည့်တင်းပေးနေသည့် တိုင်းဒေသကြီးလည်း ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ယခင်က ရေလမ်းခရီးကိုသာ အဓိကထား အားကိုးခဲ့ကြရသော်လည်း ဒီနေ့ဒီအချိန်တွင် တိုင်းဒေသကြီး၏ ဒေသအသီးသီးကို ကုန်းလမ်းခရီးဖြင့် အချိန်တိုအတွင်း လွယ်လင့်တကူသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ထို့အပြင် ပေါကြွယ်ဝသည့် သဘာဝသယံဇာတများ၊ မပျက်စီးသေးသည့် သာယာလှပသော ပင်လယ်ကမ်းရိုးတန်းနှင့် အပန်းဖြေကမ်းခြေများကြောင့် ပြည်တွင်း ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ဒေသကြီးတစ်ခုလည်း ဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ရွှေသောင်ယံတံတားသည် ဧရာဝတီတိုင်းဒေသကြီးနှင့် ဒေသခံပြည်သူများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း**

ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးလာသည်နှင့် ယခုဒေသ၏ လူမှုစီးပွားဘဝလည်း တိုးတက်လာမည် ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့၏ သားစဉ်မြေးဆက် စားဝတ်နေရေးအတွက်အသုံးပြုရမည့် ယခုသဘာဝပတ်ဝန်းကျင်မပျက်စီးရအောင် ထိန်းသိမ်းရမည်ဖြစ်ပြီး သဘာဝသယံဇာတများ မဆုံးရှုံးရအောင် ကာကွယ်ရမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မိမိတို့၏ ခဏတာဝမ်းစာအတွက် မကြည့်ဘဲ အားလုံးခံစားကြရမည့် တစ်သက်တာ ရေရှည်အကျိုးစီးပွားကို ဂရုစိုက်စေလိုပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စည်းမျဉ်း စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို ဒေသခံပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းရှင်များက လေးစားလိုက်နာခြင်းဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ ကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲမည် ဖြစ်ပါကြောင်း၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကိုလည်း ဒေသခံများ စီးပွားရေးလုပ်ငန်းရှင်များက ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်လည်း သတိပေးဆိုင်းဘုတ်များ၊ ပိုစတာများ၊ ကြော်ငြာများ စိုက်ထူထားရန် လိုအပ်ပါကြောင်း။



ရွှေသောင်ယံတံတား( မကျီးချောင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ရွှေသောင်ယံတံတား( မကျီးချောင်း) ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် လမ်း၊ တံတားများကို တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ လက်ကျန်သက်တမ်းအတွင်းမှာလည်း ဒေသအလိုက် လိုအပ်နေသည့် တံတားအစင်းပေါင်း ၄၀၀ ကျော် ပြီးစီးအောင် တည်ဆောက်သွားရန် စီစဉ်ထားပါကြောင်း၊ ပြည်သူလူထုစိတ်လုံခြုံမှု၊ ဘဝလုံခြုံမှုရှိစေရန် လမ်းများနှင့် တံတားများကိုလည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက ကြည့်ရှုစစ်ဆေးပြီး ကြိုတင်ပြုပြင်အဆင့်မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော်အတွင်း ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်း၊ ကျေးလက်ဒေသနေပြည်သူအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် ကျေးလက်လမ်းများကို ရာသီမရွေးအသုံးပြုနိုင်အောင် နှစ်စဉ်နှစ်တိုင်း ဖောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

**ဒေသအကျိုးဖြစ်စေမည့်စီမံကိန်း**

ယခုကဲ့သို့ လမ်းတံတားတည်ဆောက်ရေးများ၊ စီမံကိန်းလုပ်ငန်းများတွင် ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် လေလွင့်မှုမရှိစေရေးအတွက် ဒေသခံပြည်သူများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြုဆောင်ရွက်သည့် စီမံကိန်းများသည် ဒေသအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများဖြစ်ရန် လိုပါကြောင်း၊ ထို့အပြင် စီမံကိန်းများကို လက်သင့်ရာလုပ်ငန်းအပ်နှံခြင်းမျိုးများ မရှိရန် နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် တင်ဒါစည်းမျဉ်း စည်းကမ်းများအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများက တိတိကျကျလိုက်နာမှုရှိကြရန် သတိပေးလိုပါကြောင်း၊ စီမံကိန်းများ ဆောင်ရွက်သည့်နေရာတွင် အကယ်၍ အဆင့်လိုက် ခွဲတမ်းချဝေပုံကျ ခွဲယူကြပြီး ပြည်သူများအတွက် ထိထိရောက်ရောက် မရှိတော့သည့် ဘဏ္ဍာငွေဆုံးရှုံးမှု အခြေအနေများ ဖြစ်ပေါ်လာပါက နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးအရ ကျောသားရင်သား မခွဲခြားဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည်ကို အလေးထားပြီး ပြောကြားလိုပါကြောင်း။

**တာဝန်ရှိသူများ တာဝန်ခံရမည်**

လမ်းများ၊ တံတားများအပါအဝင် အခြေခံအဆောက်အအုံများ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း အရည်အသွေးစိစစ်ထိန်းသိမ်းရေး Quality Control ကို မဖြစ်မနေ ဆောင်ရွက်ကြရန် မှာကြားထားပြီးဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် ခံနိုင်ဝန်၊ သတ်မှတ်ထားသည့် အချိန်ကာလ၊ မမျှော်လင့်ဘဲကြုံတွေ့ရတတ်သည့် အခြေအနေများမှလွဲ၍ မဖြစ်သင့်မဖြစ်ထိုက်သည့် ယိုယွင်းပျက်စီးခြင်းမျိုးများ ဖြစ်ပေါ်လာပြီး ပြည်သူများဒုက္ခတွေ့ကြုံလာလျှင် သက်ဆိုင်ရာ တာဝန်ရှိသူများကို တာဝန်ယူ၊ တာဝန်ခံရမည်ဖြစ်သည်ကို အတိအလင်း ပြောကြားလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေနှင့် ကျခံသုံးစွဲရသည့် ယခုလိုအခြေခံအဆောက်အအုံများ ရေရှည်တည်တံ့နိုင်အောင် ပြည်သူများဘက်ကလည်း ကြည့်ရှုစောင့်ရှောက်ပေးကြရန်၊ ကြပ်မတ်ထိန်းသိမ်းပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်းအများစု မှီခိုအားထားနေရသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးပိုင်းတွင် နိုင်ငံတော်က တတ်နိုင်သလောက် ဖြည့်ဆည်းပေးနေပြီး လယ်ယာကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေများကိုလည်း ခေတ်ကာလအခြေအနေနှင့် လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း၊ လယ်ယာကဏ္ဍ ခိုင်မာအားကောင်းရန်၊ တောင်သူလယ်သမားများ မိမိတို့စိုက်ပျိုးလုပ်ကိုင်ရသလောက် အကျိုးရှိစေရန်၊ မိမိတို့စီမံလုပ်ကိုင်နေသည့် မြေယာကို သားစဉ်မြေးဆက် ခိုင်ခိုင်မာမာလုပ်ကိုင်ခွင့်ရစေရန်အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့ကိုလည်း လက်ရှိပကတိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြဋ္ဌာန်းဆောင်ရွက်လျက် ရှိပါကြောင်း။

မိမိတို့ အစိုးရအနေဖြင့် သိမ်းဆည်းခံလယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ပေးခဲ့ရာမှာ စုစုပေါင်းစွန့်လွှတ်မြေ ၆၃၄၁၇ ဧက ရှိခဲ့ပြီဖြစ်ပါကြောင်း၊ တောင်သူများ လက်ဝယ်ကို ၁၃၀၉၁ ဧက လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကို ၅၀၃၂၆ ဧက လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိနေသေးသည့် သိမ်းဆည်းခံလယ်ယာမြေများကို သက်ဆိုင်သည့် တောင်သူများလက်ထဲ အမြန်ဆုံးပြန်လည်ပေးအပ်နိုင်ရန်လည်း စိစစ်မှုများဆောင်ရွက်နေကြပါကြောင်း။

**လူတိုင်းရသင့်သည့်အခွင့်အရေး**

သိမ်းဆည်းခံမြေများကို သက်ဆိုင်ရာ ကော်မတီအသီးသီးက ပြန်လည်စိစစ်ရာတွင် အဆင်ပြေချောမွေ့မှုမရှိစေရန် အဟန့်အတား ဖြစ်စေသည့်၊ စွန့်လွှတ်ပြီး မြေများအား ပြန်လည်အပ်နှံပေးရန် နှောင့်နှေးစေသည့်၊ စွန့်လွှတ်ပြီး မြေများကို အပ်နှံပြီးသော်လည်း ယာယီလွှဲပြောင်းပေးရန် အခက်အခဲဖြစ်ပေါ်နေသည့်၊ အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိစေရန် အကျပ်အတည်းဖြစ်စေသည့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း လိုအပ်သလို အရေးယူသွားမည်ကို ထပ်မံသတိပေးလိုပါကြောင်း၊ လျော်ကြေး၊ နစ်နာကြေးများ ပေးရန်ရှိပါကလည်း ကာလဒေသအခြေအနေအရ မှန်မှန်ကန်ကန် တရားမျှတစွာ သတ်မှတ်ကြရမည် ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက်စလုံးက မဖြစ်နိုင်သည်များကို ရပ်ခံမနေကြဘဲ ကိုယ်ချင်းစာတရားဖြင့် သူ့မနာ၊ကိုယ်မနာ လက်ခံကြရန် လိုအပ်ပါကြောင်း၊ တရားမျှတခြင်းသည် လူတိုင်းရသင့်ရထိုက်သည့် အခွင့်အရေးဖြစ်ပါကြောင်း၊ တရားမျှတမှုကို လက်ခံကျင့်သုံးရေးသည် လူမှုအဖွဲ့အစည်း ခိုင်မာရေးဖြစ်သလို ဒီမိုကရေစီ တည်ဆောက်ရေးလည်း ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါတွင် ခေတ်ဟောင်းစနစ်ဟောင်းမှသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၏ အစပင်ရှိသေးပါကြောင်း၊ ဒီမိုကရေစီပန်းတိုင်သို့ မရောက်သေးပါကြောင်း၊ ယခုပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူပြည်သားများနှင့် ဝန်ထမ်းများအားလုံး၏ ပုံစံကျနေသည့် အတွေးအမြင်များ၊ ပုံသေကားကျ အလေ့အထများအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါကြောင်း။

**လယ်ယာမြေများပြန်လည်ရရှိရေး**

ထို့ကြောင့် ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်မှုများ ဆောင်ရွက်နေပါကြောင်း၊ တရားစီရင်ရေး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပုသိမ်ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသနေသည့် ကလေးငယ်တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။
သတင်းစဉ်

မဏ္ဍိုင်ကို တည့်မတ်နိုင်ရန် တရားရေးမဏ္ဍိုင်တာဝန်ရှိသူများက ကြိုးပမ်းနေပါကြောင်း၊ အဂတိလိုက်စားမှုကို အရှိန်အဟုန်နှင့် တိုက်ဖျက်နေပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ် ပေးနေပါကြောင်း၊ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းနေပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စနစ်တကျစီမံခန့်ခွဲနေပါကြောင်း၊ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေးနစ်နာကြေးများ ရရှိရေးကို ဥပဒေနှင့်အညီ အလေးပေးပြီး ဆောင်ရွက်နေပါကြောင်း။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပြီး ပြည်သူများကလည်း တည်ဆဲဥပဒေများကိုလိုက်နာပြီး ကူညီပံ့ပိုးပေးကြရန် လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍကို တာဝန်ယူထားသူများကလည်း ဒီမိုကရေစီစနစ်ကို ဖော်ဆောင်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်အောင် ကြိုးစားလုပ်ဆောင်ရန်၊ ဥပဒေနှင့်အညီ တရားနည်းလမ်းတကျ မျှမျှတတအုပ်ချုပ်ရန်၊ ပြည်သူတို့၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးသည့် အုပ်ချုပ်ရေးစနစ်ဖြစ်ရန်၊ နိုင်ငံသူနိုင်ငံသားများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်၊ ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးယန္တရားမဖြစ်စေရန် အထူးလိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲရာတွင် တရားဥပဒေစိုးမိုးရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးများကို ပြည်သူများက ကိုးစားယုံကြည်ရသည့် အခြေအနေတစ်ရပ်ဖြစ်ထွန်းလာစေရန် ပြည်သူ့အားကိုရယူပြီး နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများသည် မိမိတို့သားစဉ်မြေးဆက်များ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုအတွက် ဖြစ်သည်ကို နားလည်သဘောပေါက်ကြပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူများက ဟန်ချက်ညီစွာ လိုက်ပါဆောင်ရွက်ကြမှသာ လိုရာခရီး ရောက်မည်ဆိုသည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့၏ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်ဆိုသည်ကို ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် မိမိတို့အားလုံး၏ ပုံသေကားကျအတွေးအခေါ်၊ အယူအဆ၊ အလေ့အထများကို ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိမှုအပေါ် အများကြီးမူတည်နေသည်ကို အလေးအနက် သတိထားကြစေလိုပါကြောင်း။

**လေးလေးနက်နက်တိုက်တွန်း**

ဒီမိုကရေစီကျင့်စဉ်အရ ပြည်သူကို ဦးထိပ်ထားပြီး ပြည်သူကို လေးစားစွာ အလုပ်အကျွေးပြုရန်နှင့် ပြည်သူ့ဝန်ကို ထမ်းဆောင်ရာတွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးနှင့် သန့်ရှင်းသည့် အစိုးရဖြစ်လာစေရန် ပြည်သူ့ဝန်ထမ်းများ ကိုယ်တိုင်က ပြုပြင်ပြောင်းလဲနိုင်မှု၊ ယုံကြည်မှု အပြည့်အဝဖြင့် လိုက်ပါဖော်ဆောင်ပေးကြရန် လေးလေးနက်နက် တိုက်တွန်းပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကြီး အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးစေရန်၊ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးစေရန် နိုင်ငံတော်က ငွေကုန်ကြေးကျခံပြီး အလေးအနက်ထား ရင်းနှီးမြှုပ်နှံပေးခဲ့သည့် လမ်း၊ တံတားအပါအဝင် အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့အောင် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း၊ အဂတိကင်းသည့် လူ့အသိုင်းအဝိုင်းကို ဖော်ဆောင်ပေးကြပါ၊ တရားမျှတသည့် လူ့အဖွဲ့အစည်းကို ဖန်တီးပေးကြစေလိုကြောင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မရှိစေရန် ကာကွယ်ပေးကြစေလိုကြောင်း၊ သယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်ပေးကြစေလိုကြောင်း၊ နိုင်ငံအဆင့် အပန်းဖြေကမ်းခြေများဖြစ်လာအောင် ကြိုးစားပေးကြစေလိုကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်အရင်းခံပြီး ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံးရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို တက်ညီလက်ညီ တည်ဆောက်ပေးကြပါရန် အလေးအနက်ထားပြောကြားလိုကြောင်း ပြောကြားသည်။

**“အုပ်ချုပ်ရေးကဏ္ဍကို တာဝန်ယူထားသူများကလည်း ဒီမိုကရေစီစနစ်ကို ဖော်ဆောင်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်အောင် ကြိုးစားလုပ်ဆောင်ရန်၊ ဥပဒေနှင့်အညီ တရားနည်းလမ်းတကျ မျှမျှတတအုပ်ချုပ်ရန်၊ ပြည်သူတို့၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးသည့် အုပ်ချုပ်ရေးစနစ်ဖြစ်ရန်၊ နိုင်ငံသူနိုင်ငံသားများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်၊ ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးယန္တရားမဖြစ်စေရန် အထူးလိုအပ်”**



နိုင်ငံတော်သမ္မတဦးဝင်းမြင့် ပုသိမ်ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ ကိုးထပ်တိုးချဲ့လူနာဆောင် တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က တံတားတည်ဆောက်ရခြင်း၊ အစိုးရသစ်လက်ထက် လမ်း၊ တံတားများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုနှင့် ဆက်လက်တည်ဆောက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းကွန်ရက်များကောင်းမွန်ရေးအတွက် လမ်း၊ တံတားများ ပြုပြင်တည်ဆောက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဦးဝင်းဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း၊ တံတားအထူးအဖွဲ့(၁၅) မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် ဒေသခံပြည်သူတစ်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တံတားဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တံတားကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ပြည်ထောင်စုဝန်ကြီးများ၊တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်**

ယနေ့ဖွင့်လှစ်သည့် ရွှေသောင်ယံတံတား(မကျီးချောင်း)သည် ရွှေသောင်ယံ-ချောင်းသာကို အလွယ်တကူသွားလာနိုင်ပြီး အရှည် ၈၂၇ ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစား ဖြစ်သည်။ ယခုတံတား တည်ဆောက်နိုင်ခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ပင်လယ်ကမ်းခြေတစ်လျှောက် သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပုသိမ်မြို့ ရွှေတောင်ကျောင်းတိုက်ဆရာတော်နှင့် မင်္ဂလာစံကျောင်းတိုက် ဆရာတော်တို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဘဏ္ဍာငွေရရှိမှု**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပုသိမ်ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ ဆံ့ ကိုးထပ်တိုးချဲ့လူနာဆောင် တည်ဆောက်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပုသိမ်ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က ဆေးရုံတည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှု၊ လုပ်ငန်းပြီးစီးမှုပမာဏ၊ လုပ်ငန်းအပ်နှံခဲ့မှု အဆင့်ဆင့်နှင့်ဆေးရုံအတွက် ဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်အပေါ် နိုင်ငံတော်သမ္မတက ယခု ဆေးရုံကိုးထပ်ဆောင် တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ဥပဒေ၊ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရတို့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားပြီး တည်ဆောက်ဆဲ ကိုးထပ်ဆောင်ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ပုသိမ်ဆေးရုံကြီးတွင် တက်ရောက်ဆေးကုနေကြသည့် လူနာများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ပုသိမ်မြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးများ တက်ရောက်ရာမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့သည် ဒိန်းမတ်နိုင်ငံတွင် ကျင်းပသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးများ တက်ရောက်ရန်အတွက် အောက်တိုဘာ ၂၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့သည်။



ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ Bella Center တွင် ဒိန်းမတ်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးညီလာခံ (18th International Anti-Corruption Conference) သို့ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်ထိ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံကို ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် လူမှုဘဝလုံခြုံရေးအတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း အသိပေးနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံ ၁၄၄ နိုင်ငံမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်နေသည့် အစိုးရ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၈၀၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် ခိုင်မာသည့် ကမ္ဘာလုံးဆိုင်ရာ အင်အားတစ်ရပ်ဖြစ်လာပြီး မည်သည့်အဂတိလိုက်စားမှုကိုမျှ ဆိတ်ဆိတ်နေမည်မဟုတ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွင် ပုဂ္ဂလိကအခန်း ကဏ္ဍသည်လည်း အရေးပါပြီး တက်ကြွစွာပါဝင်လှုပ်ရှားနေကြောင်း၊ စီးပွားရေးလုပ်ငန်းများ အနေဖြင့်လည်း အဂတိလိုက်စားမှုကို လုံးဝသည်းမခံ ခွင့်မလွှတ်သည့် Zero Tolerance Policy ကို ကျင့်သုံးရန် တိုက်တွန်းနှိုးဆော်ကြောင်း အပါအဝင် အချက် ၁၁ ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌသည် ညီလာခံ တက်ရောက်စဉ်ကာလအတွင်း ထိုင်းနိုင်ငံ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး အမျိုးသားကော်မရှင်၊ အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့မှ ဥက္ကဋ္ဌများနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကိုပင်ဟေဂင်မြို့ Eigtveds Pakhus Building တွင် ဒိန်းမတ်အစိုးရ၊ ကမ္ဘာ့ဘဏ်နှင့် အဂတိလိုက်စားမှုရှာဖွေတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် အဂတိလိုက်စားမှုရှာဖွေတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မဟာမိတ်အဖွဲ့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးသို့ အောက်တိုဘာ ၂၅ ရက်မှ ၂၆ ရက်အထိ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် မဟာမိတ်အဖွဲ့များ ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်သွားရေးအသိပေးနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်နေသူ ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးတက်ရောက်စဉ် ကာလအတွင်း ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှ၊ လက်တင်အမေရိကနှင့် အိုးရှန်းနီးယားဌာနဆိုင်ရာ အကြီးအကဲ သံအမတ်ကြီး Mr. Erik Laursen နှင့် အောက်တိုဘာ ၂၅ ရက်က တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအခြေအနေများကို အပြန်အလှန်ဆွေးနွေး ခဲ့ကြသည်။

ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် အောက်တိုဘာ ၂၇ ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

# လူသားအချင်းချင်း စာနာကူညီ ကရုဏာကြက်ခြေနီ

ရဲရဲထွန်းတောက် (မွေးလုံး)

**ယနေ့ကျွန်ုပ်တို့ မှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာမြေကြီးသည် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ယိုယွင်းပျက်စီးလာမှုကြောင့် ကမ္ဘာကြီး ပူနွေးလာခဲ့သည်။ ထိုသို့သော အခြေအနေတွင် သဘာဝဘေးအန္တရာယ်တို့သည် ရိုင်းစိုင်းပြင်းထန်စွာ ဝင်ရောက်ခဲ့ကြသည်။ ဥပမာ- ကမ္ဘာကြီး၏ တစ်နေရာမဟုတ် တစ်နေရာတွင် မုန်တိုင်းများတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးကြိုးများကျရောက်ခြင်းနှင့် မြေပြိုခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။**



ကမ္ဘာပေါ်ရှိ လူဦးရေသန်း ၇၀၀၀ ကျော်တို့သည် သဘာဝဘေး အန္တရာယ်များစွာကို တစ်ခုမဟုတ်တစ်ခုဆိုသလို ရင်ဆိုင်နေကြရသည်။ ထိုကဲ့သို့သော ဒုက္ခများ ပင်လယ်ဝေနေသော အရပ်ဒေသများဆီသို့ ကြက်ခြေနီတပ်ဖွဲ့ဝင်တို့သည် သက်စွန့်ဆံဖျား သွားရောက်နေကြပြီး လူတို့၏ အသက်ပေါင်းများစွာကို ကယ်တင်စောင့်ရှောက်လျက်ရှိနေကြသည်။

ကြက်ခြေနီအမှတ်အသားဆိုသည်မှာ ဘေးအန္တရာယ်ကျရောက်ချိန်၌လည်းကောင်း၊ ကြက်ခြေနီလှုပ်ရှားမှု၌ ပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် အမျိုးသား ကြက်ခြေနီအသင်းများမှ လူပုဂ္ဂိုလ်များနှင့် တပ်မတော်ဆေးဝန်ထမ်းများက လူမှုကရုဏာလုပ်ငန်းများ ပြုလုပ်သည့်အခါတွင် အသုံးပြုသည့် အမှတ်အသားကို ဆိုလိုခြင်းဖြစ်သည်။ ယင်းသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ အမှတ်အသားမဟုတ်ချေ။ ထိုအမှတ်အသားကို မည်သူတို့က မည်သည့်အချိန်တွင် မည်သို့အသုံးပြုရမည်ဆိုသည်ကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့် နိုင်ငံတော် ဥပဒေများတွင် ပြဋ္ဌာန်းပေးထားပြီး ဖြစ်သည်။

### ကြက်ခြေနီအမှတ်အသား

ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးကော်မတီများနှင့် တပ်မတော်ဆေးဝန်ထမ်းများဟု သိရှိရန်နှင့် ယင်းတို့ကို အကာအကွယ်ပေးရန် ကြက်ခြေနီအမှတ်အသားကို ကြားနေအမှတ်အသားအဖြစ် ၁၈၆၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ပထမအကြိမ်သံတမန်များဆိုင်ရာ ညီလာခံက အတည်ပြု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရစစ်သည်များနှင့် အခြားဘေးဒုက္ခခံရသူများထံ ကယ်ဆယ်ရေးအဖွဲ့များက လိုအပ်သည့် အကူအညီများ သွားရောက်ပေးနိုင်ရန် ပြဋ္ဌာန်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံအလံကို အရောင်များ ပြောင်းပြန်ပြုလုပ်၍ အဖြူရောင်နောက်ခံတွင် အနီရောင် ကြက်ခြေနီကို ကြက်ခြေနီအမှတ်အသားအဖြစ် သတ်မှတ်ခြင်းဖြင့် အမျိုးသားကယ်ဆယ်ရေးအသင်းများ (ယခုအခါ တိုင်းပြည်အသီးသီးရှိ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ) ထူထောင်ရေးနှင့် ပထမအကြိမ် ဂျီနီဗာညီလာခံကျင်းပရေးတွင် အဓိကအခန်းမှ ပါဝင်ခဲ့သည့် ဆွစ်ဇာလန်နိုင်ငံအား ဂုဏ်ပြုလိုက်ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားခြင်းဆိုင်ရာ ဥပဒေအခြေခံဖြစ်သော ၁၉၄၉ ဂျီနီဗာအများသဘောတူညီချက်အရ ဤအမှတ်အသားကိုပင် ဆက်လက်အသုံးပြုရန် ဆုံးဖြတ်ခဲ့ပြီး နောက်ထပ်အမှတ်အသားနှစ်ခုဖြစ်သည့် အဖြူရောင်နောက်ခံပါ လခြမ်းနီအမှတ်အသားနှင့် ခြင်္သေ့နီနှင့် နေဝန်းနီအမှတ်အသားတို့ကိုလည်း အသိအမှတ်ပြုခဲ့ကြောင်း ဖတ်ရှုလေ့လာ သိရှိရသည်။

ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုသည် စစ်ပွဲများအတွင်းမှ စတင်သန္ဓေတည်ခဲ့သည်။ ၁၈၅၉ ခုနှစ် ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် ပြင်သစ်ကေရာဇ် တတိယမြောက် နပိုလီယံထံသွားရောက်စဉ် ဆိုဖာရီနိုအရပ်၌ ပြင်သစ်-အီတလီစစ်တပ်များနှင့် ဩစတြီးယားစစ်တပ်တို့အကြား ဖြစ်ပွားသည့် စစ်ပွဲ၏ အနိဋ္ဌာရုံများကို မျက်မြင်ကြုံတွေ့ခဲ့ရသည်။ ကရုဏာနှလုံးသားပိုင်ရှင် ဟင်နရီဒူးနန့်သည် အဆိုပါ စစ်တလင်း၏ မြင်ကွင်းများကို မကြည့်ရက် မရှုရက်ဖြစ်ကာ ဒဏ်ရာရစစ်သည်များကို မိမိတတ်စွမ်းသမျှ ကူညီပြုစုစောင့်ရှောက်ပေးခဲ့သည်။ စစ်ပွဲပြီးဆုံး၍ နေရပ်သို့ ပြန်ရောက်သည့်အခါ ဟင်နရီဒူးနန့်သည် "ဆိုဖာရီနို အောက်မေ့ဖွယ်" အမည်ဖြင့် မိမိစစ်မြေပြင် အတွေ့အကြုံများကို စာအုပ်ထုတ်ဝေခဲ့သည်။

အဆိုပါစာအုပ်တွင် စစ်မက်ဖြစ်ပွားချိန်တွင် ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်ရန်အတွက် နိုင်ငံတိုင်း၌ စေတနာ့ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းထားရန်နှင့် ထိုစေတနာ့ဝန်ထမ်းများကို အကာအကွယ်ပေးရန်အတွက် နိုင်ငံများ၏ သဘောတူညီချက်ရယူရန်ဆိုသည့်အချက်နှစ်ချက်ကို ထည့်သွင်းအဆိုပြုခဲ့သည်။

ထိုအချက်များသည် ပထမဂျီနီဗာ သဘောတူညီချက်ဖြစ်သော လက်နက်ကိုင်တပ်ဖွဲ့များမှ စစ်မြေပြင်တွင် ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်နေသူများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုလက်ခံခြင်းနှင့် အတူ ၁၈၆၄ ခုနှစ်တွင် အကောင်အထည်ပေါ်လာခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (The International Committee of the Red Cross) (ICRC) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် အမျိုးသား ကြက်ခြေနီအသင်းများ ပေါ်ပေါက်လာခဲ့ခြင်းနှင့်အတူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) ဆိုသည်မှာ လွတ်လပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခ (သို့မဟုတ်) မငြိမ်သက်မှုအခြေအနေများတွင် ဘက်လိုက်မှုကင်းသော ကြားဝင်ဆောင်ရွက်ပေးသူအဖြစ် မိမိကိုယ်တိုင်အစပျိုးလုပ်ကိုင်ခြင်းအားဖြင့်သော်လည်းကောင်း၊ ဂျီနီဗာသဘောတူညီချက်များဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာက ပါဝင်သော လက်နက်ကိုင်ပဋိပက္ခများနှင့် နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ ပြည်တွင်း မငြိမ်သက်မှုနှင့် တင်းမာမှုများကြောင့် ဒုက္ခရောက်သူများကို အကာအကွယ်နှင့် အထောက်အပံ့များပေးနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အိန္ဒိယနိုင်ငံကြက်ခြေနီအသင်း၏ အသင်းခွဲအနေဖြင့် ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၁၉၃၆၊ ၁၉၆၄၊ ၁၉၇၁ နှင့် ၁၉၈၈ ခုနှစ်များတွင် ပြင်ဆင်မှုများ ထပ်မံပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အမျိုးသားအသင်း၏ တာဝန်ဝတ္တရားများဖြစ်သည့် လူမှုကရုဏာလုပ်ငန်းများကို "ဆင်းရဲဒုက္ခနည်းပါး သက်သာစေရန်" ဟူသော ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရည်ရွယ်ချက် အောင်မြင်ရန်အတွက် "ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများကို ကူညီပေးရန်" အစရှိသည့် လုပ်ငန်းစဉ်သုံးရပ် ချမှတ်ထားသည်။

### လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လူမှုကရုဏာလုပ်ငန်းများတွင် ရှေ့ဆောင်ဦးရွက်ပြုသော လူမှုရေးအသင်းကြီးဖြစ်သည်နှင့်အညီ ဘေးဒုက္ခကျရောက်လွယ်သူများ၏ ကျန်းမာရေးနှင့် စားဝတ်နေရေးကို တိုးတက်ကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးသည်။ အသင်းကြီးသည် အခြားသော ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းနှင့်ပြန်ကြားရေးမီဒီယာများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား စသည့်အဖွဲ့အစည်းအသီးသီးတို့ဖြင့် ပူးပေါင်းလျက် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့နေရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘေးဒုက္ခ ကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် လူမှုကရုဏာလုပ်ငန်းများကို အချိန်မရွေး လုပ်ဆောင်နိုင်သော ထိပ်တန်းအဖွဲ့အစည်းကြီးဖြစ်လာစေရန် မျှော်မှန်းချက် ချမှတ်ထားရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွက်လည်းကောင်း၊ တစ်ဦးချင်းအတွက် လည်းကောင်း၊ ကျန်းမာရေးမြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်။ ထို့ပြင် ဘေးဒုက္ခကျရောက်နေသူများအား ၎င်းတို့၏ ပုံမှန်ဘဝပြန်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး အတိအလင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

### မြန်မာနိုင်ငံကြက်ခြေနီအသင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနမှ ကြက်ခြေနီအကြောင်းကြားစာဝန်ဆောင်မှု၊ လူပျောက်ရှာဖွေသည့် ဝန်ဆောင်မှုစသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၊ ကြက်ခြေနီအမှတ်အသား၊ သင်္ကေတ မှန်ကန်စွာ သုံးစွဲနိုင်စေရန်၊ ကြက်ခြေနီအခြေခံမူ (၇) ချက်ကို သိရှိလိုက်နာစေရန်နှင့် ကြက်ခြေနီကဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို သိရှိစေရန်အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ပြည်သူလူထုအတွက် ကြက်ခြေနီအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ဘေးဒုက္ခကျရောက်သူများအား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးသာမက စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှု သင်တန်းတက်ရောက်ထားပြီးသော စေတနာလုပ်အားရှင်များရှိပြီး အရေးပေါ်အခြေအနေကျရောက်လာပါက လေ့ကျင့်ထားသော စေတနာလုပ်အားရှင်များအား စေလွှတ်၍ အကူအညီပေးစေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျန်းမာရေးစောင့်ရှောက်မှုတွင် အဓိကစီမံချက်များဖြစ်သော လူထုအတွင်းအရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုစီမံချက် (ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုတို့အပါအဝင်) လူထုအခြေပြု ကျန်းမာရေး ဖွံ့ဖြိုးမှု စီမံချက်၊ ခုခံအားကျ ကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာစီမံချက်၊ ကလေးသူငယ်အကာအကွယ်ပေးရေးစီမံချက်၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုစီမံချက်၊ စေတနာ သွေးသန့်သွေးလှူရှင် စည်းရုံးရေးစီမံချက်၊ လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်း စီမံချက်နှင့် ဒေသအနှံ့ ခြေတုတပ်ဆင်ရေးအစီအစဉ်တို့အား ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့၏ ဂုဏ်ယူဖွယ်ရာ စီမံချက်များဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မိတ်ဖက်ကြက်ခြေနီ၊ လခြမ်းနီလှုပ်ရှားအဖွဲ့ဝင်များ၏ အစည်းအဝေးကို ၂၀၁၆ ခုနှစ် မေလ (၅/၆) ရက်နေ့များတွင် ရန်ကုန်မြို့ရှိ Novotel Hotel Max ၌ ကျင်းပခဲ့သည်။

နှစ်ရက်တာကျင်းပသည့် အစည်းအဝေးတွင် မိတ်ဖက်ကြက်ခြေနီအသင်းများအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ၊ မဟာဗျူဟာများ၊ မူများနှင့် အညီ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ နယ်ပယ်များကို ဆွေးနွေးညှိနှိုင်းသတ်မှတ်ရန် အလေးထား ဆွေးနွေးခဲ့ကြကြောင်း သတင်းအပေါ် ကျွန်ုပ်တို့အနေဖြင့် ကြိုဆိုထောက်ခံကြရမည်ဖြစ်သည်။

### အနာဂတ်နိုင်ငံတော်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ကြက်ခြေနီ၏ လူမှုကရုဏာလုပ်ငန်းများတွင် လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုသည်။ ၂၀၁၂ ခုနှစ်မှစ၍ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များတွင် လူငယ်ကော်မတီများ ဖွဲ့စည်းထားရှိရာလက်ရှိတွင် မြို့နယ်ပေါင်း ၃၃၀ အနက် ၁၅၇ မြို့နယ်တွင် လူငယ်ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်သဖြင့် အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်ပညာတတ် ကြက်ခြေနီမောင်မယ်များ ပေါ်ထွန်းလာမည်မှာ မလွဲကေန် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာမြေအနှံ့သဘာဝဘေးအန္တရာယ်များ ကျရောက်လျက်ရှိနေသည်။ ထိုအချိန်များတွင် လူသားများ၏ လူမှုဒုက္ခများ အကြီးအကျယ် ခံစားနေရသကဲ့သို့ ဆုံးရှုံးပျက်စီးသွားသော အိမ်မြေလယ်ယာနှင့် ထွက်ကုန်ပစ္စည်းများ၏ တန်ဖိုးများကလည်း ကြီးမားလှသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်အတွင်း ၂၀၁၈ ခုနှစ် ဇူလိုင်လတစ်လလုံးလိုလို ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြသည်။ အထူးသဖြင့် သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ချင်းတွင်းမြစ်နှင့် ပဲခူးမြစ်တို့ ရေများလျှံတက်လာမှုကြောင့် ပြည်သူအများ ဒုက္ခပင်လယ်ဝေခဲ့ရသည်။ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ရေဘေးအန္တရာယ်အသွယ်သွယ်တို့ကို အနယ်နယ်အရပ်ရပ်မှ ဒေသခံပြည်သူများ ခံစားခဲ့ရသည်။

နိုင်ငံတော်အစိုးရနှင့် လူထုလူတန်းစား လူမှုရေးပရဟိတအဖွဲ့အစည်းများသည် ရေဘေးသင့်ရာဒေသသို့ အရောက်သွားပြီး လူမှုဒုက္ခများကို ကူညီဆောင်ရွက်ပေးသကဲ့သို့ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည်လည်း ထိုအရပ်ဒေသများသို့ ချက်ချင်းဆိုသလို ရောက်လာလေ့ရှိကြသည်။ တိုက်ပွဲဖြစ်ပွားရာဒေသ၊ ရေကြီးနစ်မြုပ်ရာဒေသ၊ မီးလောင်ရာဒေသ၊ မုန်တိုင်းတိုက်ခတ်ရာဒေသများသို့ ဘယ်နေရာကြည့်ကြည့် ကြက်ခြေနီတပ်ဖွဲ့များ၏ လှုပ်ရှားမှုပုံရိပ်များကို မြင်တွေ့နေရသည်။

နိုင်ငံတော်အတွင်း ဘယ်နေရာတွင် မည်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကျရောက်နေပါစေ ကူညီစောင့်ရှောက်မှုပေးရန်အသင့် ဖြစ်နေသော ကြက်ခြေနီတပ်ဖွဲ့ကို လူသားအချင်းချင်း စာနာကူညီ ကရုဏာကြက်ခြေနီဟူ၍ ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**"မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ကြက်ခြေနီ၏ လူမှုကရုဏာလုပ်ငန်းများတွင် လူငယ်များ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုသည်။ ၂၀၁၂ ခုနှစ်မှစ၍ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များတွင် လူငယ်ကော်မတီများ ဖွဲ့စည်းထားရှိရာ လက်ရှိတွင် မြို့နယ်ပေါင်း ၃၃၀ အနက် ၁၅၇ မြို့နယ်တွင် လူငယ်ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်သဖြင့် အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်ပညာတတ် ကြက်ခြေနီမောင်မယ်များ ပေါ်ထွန်းလာမည်မှာ မလွဲကေန်ဖြစ်"**

# ရခိုင်ပြည်နယ်အရေးကိစ္စ

❑ မိမိတို့နိုင်ငံသည် မိမိ၏အချုပ်အခြာအာဏာကိုကျင့်သုံးပြီး မိမိပြည်တွင်းရေးကိစ္စကို မိမိတို့ဘာသာ ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိသည်၊ ထိုသို့ဖြေရှင်းဆောင်ရွက်နိုင်ရန်လည်း စိတ်ပိုင်းဖြတ်ချက် (Able and Willing) အခိုင်အမာရှိပါသည်။

❑ မြန်မာနိုင်ငံအနေနှင့် နိုင်ငံတစ်နိုင်ငံချင်း၏ အချုပ်အခြာအာဏာပိုင်မှုနှင့် ဂုဏ်သိက္ခာကို အလေးထားသည့် နည်းတူ နိုင်ငံတကာဆက်ဆံရေး ကောင်းမွန်စေမည့်၊ ကမ္ဘာ့တစ်ဝန်း တည်ငြိမ်အေးချမ်းမှုကို အားပေးမည့် ခင်မင်ရင်းနှီးမှုများ ပွားများစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ပါသည်။ နိုင်ငံတကာဥပဒေများ၊ သဘောတူညီချက်များကို အားလုံးက စောင့်ထိန်းလိုက်နာရန် လိုအပ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်နှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်သောအဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၂၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ ဘိဝံသနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို ဦးဆောင်သောအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျန့်ပြည်နယ် ဖူထရမ်မြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓညီလာခံသို့ တက်ရောက်ရန် ယနေ့နံနက် ၁ နာရီ ၁၀ မိနစ်တွင် ထွက်ခွာကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါခရီးစဉ်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဇောတိက၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဌာနမှူးကြီးဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒနှင့် သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကလေးစာပေပွဲတော် နောက်ဆုံးနေ့၌ ပွဲတော်လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိ

**သံတွဲ အောက်တိုဘာ ၂၈**

ကလေးစာပေပွဲတော် (သံတွဲ) နောက်ဆုံးနေ့ကို သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပလျက်ရှိရာ ပွဲတော်လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ပွဲတော်တွင် ပါဝင်ပြသထားသော ပြခန်းများဖြစ်သည့် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပြခန်း၊ ပညာရေးပြခန်း၊ ပန်းချီ၊ နံရံကပ်စာစောင်ပြခန်း၊ သံတွဲဒေသထွက်ပစ္စည်းနှင့် လက်မှုအနုပညာပစ္စည်းပြခန်းနှင့် အရှိချင်း အမျိုးသားစာပေနှင့် ယဉ်ကျေးမှု ပြခန်းတို့တွင်လည်း လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယနေ့ ပွဲတော်နောက်ဆုံးနေ့တွင် သီချင်းဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ် ပြိုင်ပွဲများနှင့် အင်္ဂလိပ်ဘာသာဖြင့် ပုံပြောပြိုင် ပွဲများကို ကျင်းပသည်။

ထို့ပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဘယ်လိုပါဝင်ဆောင်ရွက်ကြမလဲ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**ပါဝင်ဆွေးနွေး**

စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်နှင့် ဦးထွန်းသန့်ကျော်တို့က ပါဝင်ဆွေးနွေးကြရာ ပွဲတော်လာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား တက်ရောက် နားထောင်ကြသည်။



**ကလေးစာပေပွဲတော် (သံတွဲ) နောက်ဆုံးနေ့တွင် ဆေးရောင်ခြယ်ပြိုင်ပွဲ၌ ကလေးများစုပေါင်းပါဝင်ဆင်နွှဲကြစဉ်။**

**ဆုများချီးမြှင့်**

ယနေ့ ပွဲတော်နောက်ဆုံးနေ့တွင် ပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုချီးမြှင့်သည့် အခမ်းအနားကို မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမျိုးသားဘောလုံးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသည့် အသင်းများကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောပြိုင်ပွဲ များတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသည့် အသင်းများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က စားပွဲတင်တင်းနစ်ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်က ထုပ်ဆီးတိုးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသည့် အသင်းများကိုလည်းကောင်း ဆုများချီးမြှင့်ကြသည်။

အလားတူ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ကွမ်းသီးကောက်ပြိုင်ပွဲနှင့် ကဏန်းအပြေးပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်သည့် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ လူငယ်များကိုလည်း တာဝန်ရှိသူများက အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မင်းဟန်**

## ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းပြုလုပ်ရာ စိတ်ဝင်စားမှုမြင့်တက်လာပြီး ပါဝင်သုံးသပ်ဆွေးနွေးမှုများ အားကောင်းလာ

**ရန်ကုန် အောက်တိုဘာ ၂၈**

Cinematheque Program ၏ကဏ္ဍခွဲ တစ်ခုဖြစ်သော ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) ပြုလုပ်ရာတွင် တက်ရောက်လာသူများအနေဖြင့် စိတ်ဝင်စားမှု မြင့်တက်လာပြီး ပါဝင်သုံးသပ်ဆွေးနွေးမှုများ အားကောင်းလာကြောင်း ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာ အောင်မင်းက ပြောသည်။

ဒေါက်တာ အောင်မင်းက "အခုလို သုံးသပ်ဆွေးနွေးပွဲလုပ်တာ လေးကြိမ်ရှိပါပြီ။ စိတ်မဝင်စားတဲ့သူတွေ ထွက်သွားပြီး စိတ်ဝင်စားတဲ့သူတွေပဲ ကျန်ခဲ့ပါတယ်။ နောက်ထပ်လည်း ဝါသနာပါတဲ့ လူတွေ ထပ်တိုးလာနေပါတယ်။ ပါဝင်သုံးသပ်ဆွေးနွေးမှုအပိုင်းမှာ အရင်ကထက် အားကောင်းလာတယ်" ဟု ပြောသည်။

ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) စတုတ္ထအကြိမ် သုံးသပ်ဆွေးနွေးမှုအပြီးတွင် ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ၎င်းက "ရုပ်ရှင်ပုံစံက New Wave ပုံစံဖြစ်တော့ ဆွဲဆောင်မှုအားကောင်းတယ် ။ အခုဆိုရင်လေးကြိမ်မြောက်ရှိပြီဆိုတော့ ပိုပြီးတော့ စိတ်ဝင်စားလာတယ်။ ကျွန်တော်က ခံစားမိတာလေးတွေ၊ စဉ်းစားမိတာလေးတွေကို နည်းနည်းလေးပြောလိုက်တာနဲ့ သူတို့က သဘောပေါက်တယ်။ ဆွေးနွေးတဲ့အခါမှာ ပိုပြီးလေးလေးနက်နက်ရှိလာတယ်။ ဒါဟာ လူငယ် Film Maker တွေ ပိုပြီးတော့ အားရှိလာလိမ့်မယ်။ သိပ်မကြာပါဘူး သူတို့ရဲ့ ရုပ်ရှင်တွေ ထွက်လာပါလိမ့်မယ်" ဟု ပြောသည်။



အဆိုပါ သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ ပူးပေါင်း၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများ၊ ပြင်ပမှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသည့် လူငယ်များနှင့် ပြင်ပရုပ်ရှင်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(ဓါတ်ပုံ)**

ယနေ့ သုံးသပ်ဆွေးနွေးရာတွင် ရုပ်ရှင်မြှင့်တင်ရေး ကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ရိုမေးနီးယားနိုင်ငံသား ဒါရိုက်တာ Cristian Mungiu ရိုက်ကူးထားသည့် "4 Months 3 Weeks & 2 Days" ရုပ်ရှင်ဇာတ်ကားအပေါ် မိတ်ဆက်စကားပြောကြားပြီး အဆိုပါ ဇာတ်ကားကို တက်ရောက်လာကြသူများနှင့် အတူ ကြည့်ရှုကြသည်။

ယင်းနောက် ဒေါက်တာ အောင်မင်းက ရုပ်ရှင်ဇာတ်ကား တစ်ကားလုံး အပေါ် အသေးစိတ် ခွဲခြမ်းစိတ်ဖြာသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တက်ရောက်လာကြသူများ၏ အမြင်များကို မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကာ ၎င်းကြိုက်နှစ်သက်သည့် ဇာတ်ဝင်ခန်းများကို ထုတ်နုတ်ပြသခဲ့သည်။

လူငယ် Film Maker ကိုဇော်ဘိုဘိုဟိန်းက " ဒီဇာတ်ကားရဲ့ ရိုက်ကူးမှုပုံစံက ရိုက်ကူးမှု အထောက်အကူပြုပစ္စည်းတွေကို အများကြီးသုံးမထားဘူး။ Camera Man ကိုယ်တိုင်ပဲ ထော်လီအဖြစ်နဲ့ နေရာရွှေ့ပြောင်းပြီး ရိုက်ထားတာကို တွေ့ရတယ်။ အလင်း၊ အမှောင်အပိုင်းတွေကိုလည်း သဘာဝကျကျဖြစ်အောင် ရိုက်ထားတယ်။ ဒါ့ကြောင့် ငွေကြေးမတတ်နိုင်တဲ့ သူတွေအနေနဲ့လည်း အခုလို လိုက်ရိုက်လို့ရတယ်။ အနုပညာရှိရင် ရုပ်ရှင်ရိုက်လို့ရတယ်။ နည်းပညာအများကြီးရှိမှ ရုပ်ရှင်ရိုက်လို့ရတာ မဟုတ်ဘူးဆိုတဲ့ အသိတွေရခဲ့ပါတယ် " ဟု ပြောသည်။

ယနေ့ ပြသဆွေးနွေးသည့် ရုပ်ရှင်ဇာတ်ကားသည် ရိုမေးနီးယား နိုင်ငံ၏ ၁၉၈၇ ခုနှစ် အခြေအနေကို အခြေခံကာ ကျောင်းသူနှစ်ဦး၏ လူငယ်သဘာဝ ဖြစ်လေ့ဖြစ်ထရှိသော အခက်အခဲများနှင့် ခေတ်ကာလတစ်ခုမှ ပေါ်ပေါက်လာသော အခြေအနေများကို သဘာဝကျကျ ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ယင်းကဲ့သို့ ဆွေးနွေးပွဲများကို လစဉ် ဒုတိယပတ်နှင့် တတိယပတ်တို့၏ တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ပြီး လာမည့်ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

ထိုသို့ပြုလုပ်ရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် ကမ္ဘာတစ်ဝန်းမှ Art House Film အမျိုးအစား ရုပ်ရှင်ဇာတ်ကားများထဲမှ ဇာတ်ကားများကို အလှည့်ကျရွေးချယ်ကာပြသပြီး ဆွေးနွေး သုံးသပ်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**

**ဓာတ်ပုံ-ဖေဇော်**

# သံတွဲမြို့တွင် လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်လှစ်

သံတွဲ အောက်တိုဘာ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သံတွဲမြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။** (အောက်ပုံ)




### ဖဲကြိုးဖြတ် ဖွင့်လှစ်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဒေါက်တာသန့်သော်ကောင်း တို့က လူထုအခြေပြုဗဟိုဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လူထုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်နှင့် ရွေ့လျားစာကြည့်တိုက်အဖြစ် ဆောင်ရွက်မည့် Mobile Library မော်တော်ယာဉ်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရပ်ရွာအတွက် တကယ်အကျိုးပြုမည့်ကိစ္စတစ်ရပ်၊ အစီအစဉ်တစ်ရပ်ကို မိမိတို့ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

### ပြောင်းလဲဆောင်ရွက်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဖွင့်လှစ်ထားသည့် ပြည်သူ့စာကြည့်တိုက်မှ ရပ်ရွာက တကယ်အသုံးဝင်သည့်၊ ရပ်ရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် စာကြည့်တိုက်ဖြစ်ရေး ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ Public Library မှ Community Library များဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ သက်ဆိုင်သည့်ရပ်ရွာက ဘယ်လိုစာအုပ်မျိုးများသည် ၎င်းတို့နှင့် ဆီလျော်သင့်မြတ်သည်ဟုဆိုလျှင် မိမိတို့က ထို စာအုပ်စာတမ်းများကို မှာယူဖြည့်တင်းပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် စာအုပ်များကို ရပ်ရွာလူထုကြားသို့ရောက်ရှိအောင် ရွေ့လျားစာကြည့်တိုက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

### အဖွဲ့အစည်းများအားလုံးကို ဖိတ်ခေါ်

လူထုအခြေပြုဗဟိုဌာနများကို အသုံးပြုရန်အတွက် ရပ်ရွာရှိ အဖွဲ့အစည်းများ အားလုံးကို ဖိတ်ခေါ်ပါကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများက ၎င်းတို့နှင့် ပတ်သက်သည့် အစည်းအဝေးလုပ်ချင်၍ဖြစ်စေ၊ ရပ်ရွာက ၎င်းတို့နှင့် ဆက်စပ်သည့် လူထုနှင့် တွေ့ဆုံသော ဆွေးနွေးပွဲများ ပြုလုပ်လို၍ဖြစ်စေ အားလုံးလုပ်နိုင်အောင် မိမိတို့က ဖိတ်ခေါ်ပါကြောင်း၊ အလားတူ စာကြည့်တိုက်တွင် စာဖတ်ဝိုင်းဖွဲ့ပေးထားပါကြောင်း၊ အမျိုးသမီးအဖွဲ့ကိုလည်း ဆွေးနွေးစရာရှိသည့်အခါ ဆွေးနွေး၍ရအောင် နေရာထိုင်ခင်းပေးထားပါကြောင်း၊ အများပြည်သူက ဒါသည် သူတို့ပိုင်သည့်နေရာဆိုတာမျိုးဖြစ်အောင်၊ မိမိတို့က တဖြည်းဖြည်းချင်းကျင့်သားရအောင် လုပ်ပေးနေခြင်းဖြစ်ပါကြောင်း။

လူထုအခြေပြုဗဟိုဌာနများသည် ကိုယ့်ရပ်ရွာ၏ အကြောင်းကိစ္စများ တိုင်ပင်ညှိနှိုင်းဖြေရှင်းခြင်း၊ ငြင်းခုံခြင်း ပြုလုပ်သည့်နေရာ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရန် ဘယ်လိုဆောင်ရွက်မလဲ ဆိုသည်ကို နှီးနှောဖလှယ်သည့်၊ တိုင်ပင်သည့် နေရာမျိုးဖြစ်သင့်ပါကြောင်း။

### သတင်းအချက်အလက်များ ဖြန့်ချိပေးသည့်နေရာ

ထို့ပြင် လူထုအခြေပြုဗဟိုဌာနများကို သဘာဝဘေးအန္တရာယ်ဖြစ်သည့်အခါများတွင် သတင်းအချက်အလက်များ ဖြန့်ချိပေးသည့်နေရာ၊ ဆက်သွယ်သည့် နေရာဖြစ်အောင်လည်း ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာက အမှာစကားပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဒေါက်တာသန့်သော်ကောင်းက ရွေ့လျားစာကြည့်တိုက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဦးထွန်းသန့်ကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦးတို့က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်များအတွက် စာအုပ်စာစောင် ၂၂၀ စီနှင့် သံဗီရို တစ်လုံးစီ လှူဒါန်းသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်နယ်ဝန်ကြီး ဒေါက်တာချမ်းသာက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား အထက (၁) နှင့် အထက (၂)တို့အတွက် စားပွဲတင်တင်းနစ် တစ်စုံစီ၊ ဘော်လီဘောပိုက်နှင့် ဘောလုံးတစ်စုံစီ၊ ပိုက်ကျော်ခြင်းပိုက်နှင့် ခြင်းလုံးတစ်စုံစီ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာရေးဆရာ အောင်သင်း ရေးသားသော နှလုံးသားကိုလေးပေါ်တင်၍ ပစ်သောအခါ စာအုပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးသည့် စာဖတ်ဝိုင်းသို့ တက်ရောက်သည်။

### ပါဝင်ဆွေးနွေး

အဆိုပါ စာဖတ်ဝိုင်းတွင် ဦးမြင့်စိုး(မြင့်စိုးကြည်)၊ ဦးအောင်ကျော်သိန်း (အောင်-သံတွဲ)၊ ဦးထွန်းတင် (ထိုက်တန်-သံတွဲ)၊ စာရေးဆရာ ဦးတင်ခိုင်တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လူထုအခြေပြု ဗဟိုဌာနအတွင်း ပြခန်းခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုကာ စာပေဖတ်ရှုနေကြသည့် ကျောင်းသားကျောင်းသူများအား စာရေးကိရိယာများကို လည်းကောင်း၊ ကလေးစာဖတ်ခန်း၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ဝင်နေကြသည့် ကလေးများအား ကစားစရာအရုပ်များကို လည်းကောင်း ပေးအပ်ကြပြီး လူထုအခြေပြုဗဟိုဌာန၌ ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

### ၁၃ ခုမြောက် ဗဟိုဌာန

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ခရိုင်နှင့် မြို့နယ်စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်လျက်ရှိရာ ယခုဖွင့်လှစ်လိုက်သော သံတွဲမြို့ လူထုအခြေပြုဗဟိုဌာနသည် ၁၃ ခုမြောက် ဗဟိုဌာနဖြစ်ကြောင်း သိရှိရသည်။

**အောင်မင်းဟန်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရွေ့လျားစာကြည့်တိုက်အဖြစ် ဆောင်ရွက်မည့် Mobile Library မော်တော်ယာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။**



# ကျောက်တံခါးမြို့၌ ကလေးစာပေပွဲတော်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျောက်တံခါး အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့တွင် စာပေချစ်သူများအဖွဲ့၏ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ကျောက်တံခါးမြို့ ပြည်သူလူထုတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်က ကျောက်တံခါးမြို့ အထကကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

### ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အထက ကျောက်တံခါး ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့က ဧည့်ခံဖျော်ဖြေပြီး ပထမအကြိမ် ကလေးစာပေပွဲတော်ကို ထူးချွန်ကျောင်းသားများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### လှည့်လည်ကြည့်ရှု

အဆိုပါ ကလေးစာပေပွဲတော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အတူ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာန၊ မြို့နယ်လဝကဌာန၊ မြို့နယ်လျှပ်စစ်ဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ဖွင့်လှစ်ထားသည့် ဌာနအလိုက် ပြခန်းများ၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ ရုပ်ပြောင်ဆွဲ၊ ဉာဏ်စမ်းစကားပုံဆက်၊ ကွန်ပျူတာဂိမ်း၊ ဖိနပ်စီး၊ ခွက်နင်းကစားမှုများကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ စာပေချစ်သူများအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် စာပေချစ်သူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောက်တံခါးမြို့နယ် ဒေသခံပြည်သူများက လှည့်လည်ကြည့်ရှုကြသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (သံတွဲ) နောက်ဆုံးနေ့ အခမ်းအနား မြင်ကွင်းများ




သံတွဲမြို့လူထုအခြေပြုဗဟိုဌာနနှင့် ရွှေလျှားစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားတွင် စာရေးဆရာ အောင်သင်းရေးသားသော နှလုံးသားကိုလေးပေါ်တင်၍ပစ်သောအခါ စာအုပ်နှင့် စပ်လျဉ်းသည့် စာဖတ်ဝိုင်းကျင်းပစဉ်။ အောင်မင်းဟန်



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (သံတွဲ) နောက်ဆုံးနေ့တွင် ပွဲတော်လာရောက်ကြသူများ ခင်းကျင်းပြသထားသည့် စာအုပ်များကို ရွေးချယ်ဝယ်ယူနေစဉ်။ အောင်မင်းဟန်



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (သံတွဲ) နောက်ဆုံးနေ့တွင် ပွဲတော်လာကလေးငယ်များ အရုပ်ဆက်ကစားနည်း ပါဝင်ကစားနေမှုကို တွေ့ရစဉ်။ အောင်မင်းဟန်




ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (သံတွဲ)တွင် မြန်မာ့အသံ သံစုံတီးဝိုင်းနှင့် အဆိုတော်များက သီဆိုဖျော်ဖြေမှုကို လာရောက်ကြည့်ရှုသူများအား တွေ့ရစဉ်။ အောင်မင်းဟန်



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (သံတွဲ)တွင် ကလေးငယ်များ ပူဖောင်းဖောက် ပြိုင်ပွဲနှင့် မုန့်စားပြိုင်ပွဲတို့ကို ပျော်ရွှင်စွာ ဆင်နွှဲနေပုံကို တွေ့ရစဉ်။ အောင်မင်းဟန်






ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (သံတွဲ) နောက်ဆုံးနေ့တွင် ပွဲတော်လာပြည်သူများအား တိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေမှုကို တွေ့ရစဉ်။ အောင်မင်းဟန်

# ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့က ကြီးမှူး၍ ပထမအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် ဓမ္မာရုံ ဂေါပကအဖွဲ့က ကြီးမှူး၍ ရခိုင်ပြည်နယ် မြို့နယ်၊ တိုက်နယ်၊ လူမှုရေးဘာသာရေးအသင်းအဖွဲ့အစည်းများနှင့် အလှူရှင်များ စုပေါင်းကျင်းပသည့် ပထမအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားကို မင်္ဂလာစည်တော်ဖြင့် ဖွင့်လှစ်ပြီး ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနားဖွင့် စာတမ်းဖြင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအား ဖွင့်လှစ်ကြောင်း လျှောက်ထားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ရွှေပြည်သာမြို့နယ် အနောက်အုတ်ကျောင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာမိထံမှ ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး တာမွေမြို့နယ် ဓမ္မသုခပရိယတ္တိစာသင်တိုက်မှ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇာတထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက်ဆရာတော်၊ သံဃာတော်များအား ရခိုင်ပြည်နယ် ဓမ္မာရုံ ဂေါပကအဖွဲ့၊ ရခိုင်ပြည်နယ် မြို့နယ်၊ တိုက်နယ်၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့အစည်းများနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက "ဒီဆွမ်းဆန်စိမ်းလောင်းလှူပွဲက ပထမဆုံးအကြိမ်ကျင်းပတာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဓမ္မာရုံက ဆရာတော်ကြီးတွေကို ပင့်ဖိတ်ပါတယ်။ ရန်ကုန်မှာရှိတဲ့ ရခိုင်ပြည်နယ် မြို့နယ်တွေနဲ့ အသင်းအသီးသီးမှ တစ်မြို့နယ်၊ တစ်သင်းစီက ဆရာတော်ကြီး သုံးပါးစီ ပင့်ဖိတ်ပါတယ်။ အားလုံး ဆရာတော်ကြီး ၉၃ ပါးကို ဆွမ်းဆန်စိမ်းလောင်းလှူတဲ့ပွဲကြီးဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြောသည်။ **ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်**




# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကော်မရှင်ဥက္ကဋ္ဌများ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ

**ရသေ့တောင် အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့ နံနက် ၁၀ နာရီက ရသေ့တောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကော်မရှင်ဥက္ကဋ္ဌများ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို စနစ်တကျ ပြုလုပ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမက(၂)၊ အမက(၃)ရှိ မြို့ပေါ်မဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် ထွန်းရဝေကျေးရွာ မူ(လွန်)စာသင်ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး စာသင်ကျောင်းအတွက် လိုအပ်သော တီဗွီနှင့် အောက်စက်များ ဝယ်ယူရန် ငွေကျပ် ၅၀၀၀၀၀ နှင့် ကျောင်းမီးရရှိရေးအတွက် ငွေကျပ် ၁၇၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြိမ်သာကျေးရွာ ရွာအဝင် ကျောက်ချောလမ်း ဆောင်ရွက်မှုကို ကြည့်ရှုခဲ့ကြသည်။ **(ဝဲပုံ)**

**မြို့နယ် (ပြန်/ဆက်)**



# မန္တလေး- သီပေါ- လားရှိုး -မူဆယ်ဂုတ်တွင်းလမ်းပိုင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး လမ်းများပြုပြင်

**သီပေါ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မန္တလေး- သီပေါ- လားရှိုး -မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ၊ နောင်ချိုဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ်(၈၃/၄) ကွေ့အမှတ်(၇) ကုလားမကွေ့တွင် တွဲယာဉ်၊ ဆီဘောက်ဆာယာဉ်နှင့် ကွန်တိန်နာတွဲယာဉ်များသည် ကွေ့ကြောအတွင်း ဗိုက်သားထဲသို့ တိမ်းမှောက်ခြင်း၊ ကွန်တိန်နာသေတ္တာများ ပြုတ်ကျ၍ တိမ်းမှောက်ခြင်းများ မကြာခဏဖြစ်ပေါ်လျက်ရှိသဖြင့် လမ်းပိတ်ဆို့မှုများ အမြဲလိုဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ဖြစ်ပေါ်နေမှုကြောင့် မော်တော်ယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းရေးအတွက် ယင်းကွေ့အား အကွေ့ပြေလျှော့အောင်ညှိခြင်း၊ ထပ်ပိုးလွှာခင်းခြင်း စသည့်အကြီးစားပြုပြင်မှုလုပ်ငန်းများကို Oriental Highway Company Ltd., က အောက်တိုဘာ ၂၆ ရက်မှစ၍ စက်ယန္တရားများဖြင့် ပြုပြင်ခဲ့ပြီး ယနေ့တွင်လည်း ဆက်လက်ပြုပြင်လျက်ရှိကြောင်း သိရသည်။

မန္တလေး- သီပေါ- လားရှိုး -မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် မြန်မာ-တရုတ်ကုန်သွယ်ရေးလမ်းကြောင်း၏ တစ်ခုတည်းသော ကုန်းလမ်းဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သဖြင့် နေ့စဉ်အစုန်အဆန်မော်တော်ယာဉ်များ အစီးရေငါးထောင်ခန့် ဥဒဟိုသွားလာလျက်ရှိပြီး အဆိုပါ လမ်းမကြီးအား အဆင်ပြေချောမွေ့စေရန် နေ့စဉ် ဂရုပြု ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း စီမံကိန်းမန်နေဂျာ ဦးသက်ဆွေထံမှ သိရသည်။

**စိုင်း(သီပေါ)**

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းနှင့် နယ်နိမိတ်မျဉ်းတွင် နေထိုင်သူများကို တွေ့ဆုံသတင်းရယူ

**မောင်တော အောက်တိုဘာ ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းပြည်ပသတင်းမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့တွင် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းနှင့် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းတွင် နေထိုင်သူများအား သွားရောက်တွေ့ဆုံသတင်းရယူကြသည်။ **(ယာပုံ)**

ရှေးဦးစွာ သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲမြို့ရှိ နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှု သတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြရာ စခန်းတာဝန်ရှိသူများက ပြန်လည်စိစစ်လက်ခံရေးအတွက် လုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စခန်းအတွင်း အသင့်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်ကြသူများအား တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ရောက်ရှိပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

သတင်းမီဒီယာအဖွဲ့တွင် Yomiuri Shimbun ၊ MIR ၊ Mizzima Weekly ၊ Channel 4 News ၊ Swiss TV ၊ MRTV ၊ MITV ၊ MNA တို့မှ သတင်းမီဒီယာသမားများ ပါဝင်ကြကြောင်း သိရသည်။

**အောင်ရဲသွင်**



## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် အောက်တိုဘာ ၂၈ -** မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖလမ်းမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မတူပီမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ သာယာဝတီမြို့တွင် ၀ ဒသမ ၉၀ လက်မ၊ တီးတိန်မြို့တွင် ၀ ဒသမ ၈၇ လက်မ၊ သီပေါမြို့နှင့် တွန်းဇံမြို့တို့တွင် ၀ ဒသမ ၈၂ လက်မစီနှင့် ဟားခါးမြို့တွင် ၀ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# “မော်ဝင် သမန်းကျား” ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်



ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)




သရုပ်ဆောင် လင်းဇာနည်ဇော်




သရုပ်ဆောင် ခွန်းဆင့်နေခြည်



ဇာတ်ညွှန်း ထူးနွယ်အိမ်

**ရန်ကုန် အောက်တိုဘာ ၂၈**

“ကျောက်ဆူး”ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးထားသည့် “မော်ဝင် သမန်းကျား” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး နိုဝင်ဘာ ၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည် ဖြစ်သည်။

ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) က “၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ရိုက်ခဲ့တာပါ။ ပထမတော့ ကျားကို 3D အားကိုးပြီးရိုက်ဖို့ လုပ်ထားတာ။ လက်တွေ့မှာတော့ အဆင်မပြေလို့ ထိုင်းနိုင်ငံ ဘုန်းကြီးကျောင်းက တကယ့်ကျားအစစ်တွေနဲ့ ရိုက်ခဲ့ရတယ်။ အဲဒီတုန်းက သိထားတဲ့အသိအရ အကောင်းဆုံး လုပ်ထားပါတယ်။ ဒီဇာတ်ကားကို ကြည့်မယ်ဆိုရင် ထူးခြားတဲ့မြင်ကွင်းတွေကို တွေ့ရမယ့်အပြင် မိဘမေတ္တာကို ခံစားရမှာပါ”ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ရန်အောင်၊ မင်းမော်ကွန်း၊ သူထူးစံ၊ စိုးမြတ်သူဇာ၊ လင်းဇာနည်ဇော်၊ ခွန်းဆင့်နေခြည်နှင့် အခြားသော အနုပညာရှင်များ ပါဝင်ပြီး ကျားအစစ်တို့ဖြင့် ထိုင်းနိုင်ငံတွင် သွားရောက်ရိုက်ကူးထားသော ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင် လင်းဇာနည်ဇော်က “မင်းမော်ကွန်းရဲ့ အမျိုးသမီးနေရာကနေ ပါဝင်ထားတာပါ။ နှစ်ဦးလုံးက ဆရာဝန်တွေပါ။ မိခင်တစ်ဦးဖြစ်လာတဲ့အခါမှာ မိခင်စိတ်၊ ဆရာဝန်စိတ်နဲ့ နူးနူးညံ့ညံ့လေးနေရတဲ့ ပုံစံမျိုးလေးပါ။ ဒီကားရိုက်ခဲ့တာ ငါးနှစ်ကျော်လောက်ရှိပြီ။ ဒီကြားထဲမှာ အစ်မ မတော်တဆမှု ကြီးကြီးကျယ်ကျယ်တစ်ခု ဖြစ်ခဲ့တယ်။ အဲ့ဒီလိုဖြစ်ပြီးတော့မှ ပြန်ရိုက်ရတဲ့ အခန်းတချို့လည်း ရှိတယ်။ ဥပမာ ကလေးကို ကျားဆွဲတဲ့အခန်းဆိုရင် မတော်တဆမှုဖြစ်ပြီးမှ ရိုက်ခဲ့ရတာပါ။ တကယ့်ကို ရင်တထိတ်ထိတ်နဲ့ မိခင်မေတ္တာကို ဖော်ကျူးထားတဲ့ကားလေးလို့ ပြောလို့ရပါတယ်”ဟု ပြောသည်။

သရုပ်ဆောင် ခွန်းဆင့်နေခြည်က “အနှစ်နှစ်အလလ ကြိုးစားခဲ့ရတဲ့ ဇာတ်ကားလေးပါ။ ပရိသတ်ကို ချပြခွင့်ရတော့မယ်ဆိုတော့ ဝမ်းသာပါတယ်။ ဒီဇာတ်ကားမှာ အခက်အခဲကတော့ ဇာတ်ကားစရိုက်စဉ်တုန်းက တကယ့် ကျားအစစ်တွေ ထည့်ရိုက်ဖို့ အစီအစဉ်မရှိဘူး။ Animation အခက်အခဲကြောင့် ကျားပါဝင်တဲ့ ဇာတ်ရုပ်တွေကို ကျားအစစ်တွေနဲ့ သွားရိုက်ခဲ့ရတယ်။ အစ်မဆိုရင် ကြောက်စိတ်တွေကို မြိုသိပ်ပြီးတော့ ရိုက်ခဲ့ရတယ်။ ဇာတ်ဝင်ခန်းတိုင်း ပီပြင်အောင်ကြိုးစားခဲ့ရတယ်။ ဇာတ်လမ်းကတော့ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ဖန်တီးထားတာပါ”ဟု ပြောသည်။

ဇာတ်ညွှန်း ထူးနွယ်အိမ်က “ထမံသီကျား” ဆိုပြီး ဒီဇာတ်ကားရဲ့ဇာတ်လမ်းအကျဉ်းကို အဖေ ရေးထားတာ တော်တော်ကြာခဲ့ပါပြီ။ ပထမဆုံး ကိုယ်တိုင်ဇာတ်ညွှန်းရေးထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ အဖေ စိတ်ကူးပြီးရေးထားတဲ့ ဇာတ်လမ်းကို ကိုယ်တိုင် ဇာတ်ညွှန်းရေးခဲ့တာပါ။ အရင်ကတည်းကလည်း နားရည်ဝပြီးသား အကြောင်းအရာဖြစ်နေတော့ သေချာလေးရေးဖြစ်သွားတာပါ။ ဒီဇာတ်ကားမှာ စကားပြောတာတွေ အများကြီး မပါပါဘူး။ အပြဇာတ်ဝင်ခန်းတွေပဲ များပါတယ်” ဟု ပြောသည်။

အဆိုပါဇာတ်ကားသည် ရိုးရာအရ ကျားဆေးထိုးပြီး ကိုယ်တိုင် ကျားတစ်ကောင်ဟု ထင်မှတ်နေသူတစ်ဦးနှင့် ကျားသတ္တဝါနှင့် အတူကြီးပြင်းနေထိုင်ခဲ့ရသဖြင့် ကိုယ်တိုင် ကျားတစ်ကောင်ဟု ထင်မြင်နေသူတို့၏ အဖြစ်အပျက်များ၊ ကျားသတ္တဝါကြောင့် သမီးနှင့် မိန်းမတို့ ဆုံးရှုံးသွားခဲ့မှုအပေါ် နာကြည်းမုန်းတီးမှု၊ လက်စားချေမှုများနှင့် အတူ မိခင်မေတ္တာကို ဖော်ကျူးထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

**ဇော်ကြီး(အနုပညာ)**

**ဓာတ်ပုံ - ဖေဇော်**

# ဆွာချောင်းရေကြီးရေလျှံမှုကြောင့် သဲဖုံးလွှမ်းစိုက်ပျိုးမြေများ စိုက်ပျိုးရေရရှိရေးနှင့် ဒေသခံပြည်သူများ သောက်သုံးရေရရှိရေး မြေအောက်ရေတွင်းများ တူးဖော်ပေး

**နေပြည်တော် အောက်တိုဘာ ၂၈**

ဆွာချောင်းရေလှောင်တမံသည် မိုးရွာသွန်းမှုများပြားမှုကြောင့် ရေပိုလွှဲ ယာဘက်ခြမ်း ပဲ့ကျမှုဖြစ်ပေါ်ခဲ့ပြီး ဆွာချောင်းအတွင်း ရေစီးဆင်းမှုပမာဏများပြားခဲ့သည့်အတွက် ဆွာချောင်းဘေးဝဲယာ ရေလွှမ်းမိုးခံခဲ့ရပြီး ရေပြန်ကျသွားသည့်အချိန်တွင် စိုက်ပျိုးမြေ စုစုပေါင်း ၁၂၆၂ ဧကကို သဲထုများ ဖုံးလွှမ်းခဲ့သည်။

အဆိုပါ သဲဖုံးမြေများပြုပြင်ပြီး ပြန်လည်စိုက်ပျိုးရာတွင် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေလိုအပ်ချက်ကို အချိန်တိုအတွင်း အလျင်အမြန်ဖြည့်ဆည်းပေးနိုင်ရန် လေးလက်မအချင်း စိုက်ပျိုးရေစက်ရေတွင်းငါးတွင်းနှင့် ဒေသခံတောင်သူများ သောက်သုံးရေအခက်အခဲ ဖြည့်ဆည်းပေးနိုင်ရန် သောက်သုံးရေ စက်ရေတွင်းငါးတွင်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တူးဖော်ပေးသည်။

စိုက်ပျိုးရေငါးတွင်းကို ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ကြို့ပင်သာကျေးရွာတွင် တူးဖော်ပေးခဲ့ရာ ဒေသခံတောင်သူ ၁၉ ဦး၏ စိုက်ပျိုးမြေ ၂၅ ဧကအတွက် မိုးစပါးအောင်ရေပေးဝေနိုင်ခဲ့ပြီး လာမည့်ဆောင်းသီးနှံများဖြစ်သည့် ပဲလွန်း၊ မတ်ပဲနှင့် ဖရဲ စသည့် သီးနှံစုစုပေါင်း ၇၅ ဧကခန့်ကို စိုက်ပျိုးရေ ပေးဝေသွားနိုင်ရန် လျာထားဆောင်ရွက်ထားသည်။ သောက်သုံးရေငါးတွင်းကို ဆွာမင်းလမ်းကျေးရွာနှင့် ကြာအင်းကျေးရွာတို့ရှိ ဒေသခံတောင်သူ ၁၅၀ ၏ သောက်သုံးရေနှင့် အိမ်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

**ဓာတ်ပုံ - ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**







# ညောင်ဦးမြို့တွင် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံ

**ညောင်ဦး အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံရေဒီယိုမှ နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club)အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံမြန်မာစိတ်တိုင်းကျစားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်တို့က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသူများနှင့် မြန်မာ့အသံသို့ ဒေသဆိုင်ရာသတင်းများပေးပို့ပြီး ထူးချွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့အသံချစ်သူအဖွဲ့ဝင် သတင်းထောက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာ့အသံဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲတော် ဆုရအဆိုရှင်များဖြစ်ကြသည့် တေးသံရှင်စလား၊ လင်းသစ်နှင့် အေဒေးတို့က မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ညောင်ဦးမြို့ ဒေသခံများက ရုပ်သေးအကဖြင့် ပါဝင်ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာ့အသံ ရေဒီယိုအစီအစဉ်များဖြစ်သည့် မုသားနောက်ကွယ်ကဘဝများ၊ ကဗျာရင်ခုန်သံ၊ ဇာတ်လမ်းပမာနားဆင်စရာနှင့် ပြုံးပဒေသာအစီအစဉ်တို့ကိုလည်း ကောက်နုတ်မိတ်ဆက် သရုပ်ပြပြီး ပြည်သူ့အတွက် ထာဝရမြန်မာ့အသံသီချင်းကို အဖွဲ့လိုက်သီဆိုဖျော်ဖြေကြကာ အခမ်းအနားသို့ တက်ရောက်လာသည့် အသက် ၇၀ နှစ်နှင့်အထက် မြန်မာ့အသံချစ်သူအဖွဲ့ဝင် သောတရှင်များအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး ကျန်မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မြန်မာ့အသံချစ်သူများအဖွဲ့ကို အနယ်နယ်အရပ်ရပ်မှ အမာခံ သောတရှင်များဖြင့် ဖွဲ့စည်းခဲ့ရာ ယခုအခါ အဖွဲ့ဝင် ၁၂၀၀၀ ကျော်ရှိပြီး အဖွဲ့ဝင်လိုသူများအနေဖြင့် မြန်မာ့အသံဖုန်း ၀၆၇ - ၇၉၂၁၅၊ ၀၉ - ၄၂၆၉၇၉၆၄၇၊ ၀၉ - ၄၂၆၉၇၉၆၄၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝင်ရောက်နိုင်ကြပြီး သက်ဆိုင်ရာမြို့နယ်ပြန် / ဆက်ရုံးများတွင် ဝင်ခွင့်လျှောက်လွှာပုံစံများ အခမဲ့ထုတ်ယူဖြည့်စွက်ကာ အဆိုပါရုံးများသို့ ပြန်လည်ပေးပို့ခြင်းဖြင့် အဖွဲ့ဝင်နိုင်ကြသည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားများကို ပြည်မြို့တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင်လည်းကောင်း၊ မအူပင်မြို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း အသီးသီးကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများဖြစ်ကြသော မောင်သန့်ကိုဟိန်း၊ မောင်ပြည့်ဖြိုးဝင်းနှင့် မသီရိနိုင်တို့သည် အောက်တိုဘာ ၂၈ ရက်က ဗန်ကောက်လေကြောင်းလိုင်းဖြင့် ထွက်ခွာသွားကြကြောင်း သိရှိသည်။

**မြန်မာ့အလင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဇလ**







## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် အောက်တိုဘာ ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။


**မိုး/ဇလ**

# ရန်ကုန် - ကွမ်ကျိုး လေကြောင်းခရီးစဉ်သစ် စတင်

**ရန်ကုန် အောက်တိုဘာ ၂၈**

စရိတ်နည်း လေကြောင်းလိုင်းဖြစ်သည့် 9 Air လေကြောင်းလိုင်းဖြင့် ရန်ကုန်-ကွမ်ကျိုး တိုက်ရိုက်ခရီးစဉ်ကို ယနေ့စတင် ပြေးဆွဲခဲ့ကြောင်း သိရသည်။

ခရီးစဉ်သစ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုန်ပြည်နယ်၏မြို့တော် ကွမ်ကျိုးမြို့တို့အကြား ကူးသန်းသွားလာမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ မိသားစုဆွေမျိုးများထံသို့ အလည်အပတ်သွားရောက်သူများနှင့် အခြားသော ခရီးသည်များအတွက် ခရီးသွားလာရေး ပိုမိုလွယ်ကူချောမွေ့လာစေရန်ရည်ရွယ်ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် YIA မှ သတင်းထုတ်ပြန်ထားသည်။



9 Air လေကြောင်းသည် အောက်တိုဘာ ၂ ရက်က ကွမ်ကျိုးနှင့် မန္တလေးမြို့သို့ တိုက်ရိုက် စတင်ပျံသန်းခဲ့ပြီး ဒုတိယခရီးလမ်းကြောင်းအဖြစ် တိုးချဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သွန်းဝဿန်**

❐ *ကျောဖုံးမှ*

ငွေနှစ်ခုဖြင့် စတုတ္ထ၊ ရှမ်းအသင်းက ကြေးသုံးခုဖြင့် ပဉ္စမ၊ ရခိုင်အသင်းက ကြေးတစ်ခုဖြင့် ဆဋ္ဌမ၊ အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးအသင်းက ရွှေလေးခု၊ ကြေးနှစ်ခုဖြင့် ပထမ၊ ဧရာဝတီအသင်းက ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် ဒုတိယ၊ ရှမ်းအသင်းက ငွေနှစ်ခု၊ ကြေးတစ်ခုဖြင့် တတိယ၊ ရန်ကုန်အသင်းက ငွေနှစ်ခုဖြင့် စတုတ္ထ၊ ပဲခူးအသင်းက ကြေးတစ်ခုဖြင့် ပဉ္စမ ရရှိခဲ့သည်။ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုပေါင်းတွင် မန္တလေးအသင်းက ရွှေလေးခု၊ ငွေသုံးခု၊ ကြေးသုံးခုဖြင့် ပထမ၊ ပဲခူးအသင်းက ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုဖြင့် ဒုတိယ၊ ဧရာဝတီအသင်းက ရွှေသုံးခု၊ ငွေငါးခု၊ ကြေးသုံးခုဖြင့် တတိယ၊ ရန်ကုန်အသင်းက ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုဖြင့် စတုတ္ထ၊ ရှမ်းအသင်းက ငွေနှစ်ခု၊ ကြေးလေးခုဖြင့် ပဉ္စမ ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရအသင်းများအား ဆုကြေးနှင့် ဆုတံဆိပ်၊ အသင်းလိုက်တံခွန်စိုက်ဆုဖလားရရှိသော အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်း၊ စုပေါင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို တံခွန်စိုက်ဆုဖလားနှင့် ဆုကြေး ငွေကျပ် ၁၀ သိန်းစီကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ရဲရင့်ရှိုင်း**

# လူသစ်တန်းနှင့် အလွတ်တန်း(အမျိုးသား/အမျိုးသမီး)အပြေးပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီတို့ပူးပေါင်း၍ Pocari Sweat အားဖြည့်အချိုရည်၏ ပံ့ပိုးမှုဖြင့်ကျင်းပသည့် လူသစ်တန်းနှင့် အလွတ်တန်း (အမျိုးသား/အမျိုးသမီး)အပြေးပြိုင်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက မန္တလေးမြို့ ဗထူးအားကစားကွင်း အထူးတန်းရှေ့စုရပ်နေရာ၌ ကျင်းပခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝေဇင်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်တို့နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ အတွင်းရေးမှူး ဦးခင်မောင်တင့်တို့နှင့် ကော်မတီဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ Pocari Sweat အားဖြည့်အချိုရည်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် လူသစ်တန်း အမျိုးသား၊ အမျိုးသမီး ၈၇၀၊ အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ၄၄ ဦး၊ စိတ်ပါဝင်စားသူများ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဒုတိယညွှန်ကြားရေးမှူးချုပ်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ပြိုင်ပွဲဝင်အားကစားသမားများက သတ်မှတ်ပြေးလမ်း ကျုံးလမ်းအတိုင်း ယှဉ်ပြိုင်ပြေးကြပြီး တာလွှတ်ရာနေရာ၌ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအား ဆက်လက်ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက လူသစ်တန်း (အမျိုးသမီး) ပထမဆုရ မသီရိစိန် (ပုသိမ်ကြီး)၊ ဒုတိယ အေးရတနာဖြိုး (မဟာအောင်မြေမြို့နယ်)နှင့် တတိယဆုရ ခင်ရတနာဦး (အ.ထ.က - ၅၊ ချမ်းအေးသာစံမြို့နယ်)၊ လူသစ်တန်း (အမျိုးသား) ပထမဆုရ မောင်သဲမောင်မောင် (မြစ်ငယ်၊ ရထား အမရပူရ)၊ ဒုတိယဆုရ လူမော်(ချမ်းမြသာစည်)၊ တတိယဆုရ စိုးနိုင်(ပြင်ဦးလွင်)၊ အလွတ်တန်း (အမျိုးသမီး) ပထမဆုရ မမြဖူးငုံ (အား/ကာ သိပ္ပံ)၊ ဒုတိယဆုရ အေးအေးမြို့(ယာဉ်ထိန်း)၊ တတိယဆုရ သူဇာနွယ် (အား/ကာ သိပ္ပံ)၊ အလွတ်တန်း (အမျိုးသား) ပထမဆုရ မောင်ကျော်လင်းစံ(ပြင်ဦးလွင်)၊ ဒုတိယဆုရ ဇော်ထက် (အား/ကာ သိပ္ပံ)၊ တတိယဆုရ ပန့်လေ(အား/ကာ သိပ္ပံ)တို့ပါဝင်သော ပထမဆုမှ ဒသမဆုအထိ ရရှိကြသူများအား ဆုကြေးငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမှုဆောင်များ ရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံးရွေးချယ်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ပထမအကြိမ်ညီလာခံနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် Sky Star Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ ပြောကြားကာ တက်ရောက်လာကြသည့် ဘတ်စကက်ဘောအဖွဲ့ချုပ်မှ အဖွဲ့ဝင်များက အထွေထွေဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပထမအကြိမ်ညီလာခံနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နာယကအဖြစ် ဦးအောင်ဒင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) နှင့် ရွှေသံလွင်ကုမ္ပဏီနာယက မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီတို့နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်မောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးခင်မောင်အေး၊ ဒုတိယဥက္ကဋ္ဌ(၄) ဦးတင့်နိုင်၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးထင်လင်းပြည့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်ဥမ္မာအောင်၊ တွဲဖက်အတွင်းရေးမှူး(၃) ဒေါ်ကြူကြူ၊ ဘဏ္ဍာရေးမှူး ဒေါ်ခိုင်ခိုင်ဝင်းနှင့်အတူ အလုပ်အမှုဆောင် စုစုပေါင်း ၁၅ ဦးတို့ကို အောက်တိုဘာ ၂၇ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။

**အေကေလင်း**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❋ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် အီရန်အသင်း ကစားပုံပြန်ကောင်းလာပြီး မြန်မာအသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့သည်။ မိနစ် ၆၀ တွင် အီရန်အသင်း ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း တိုင်ထိထွက်ခဲ့၍ မြန်မာအသင်း သက်သာရာရခဲ့သည်။ အီရန်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးသွင်းခွင့် ပိုဖန်တီးနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များမှာ တိုင်နှစ်ကြိမ်ထိထွက်ပြီး မြန်မာဂိုးသမား ဇူးလတ်နဒီ လက်စွမ်းပြကာကွယ်နိုင်ခဲ့သောကြောင့် မြန်မာအသင်း ဂိုးမပေးခဲ့ရခြင်း ဖြစ်သည်။ မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၆၅ မိနစ်တွင် နှင်းမြသဇင်က သွင်းယူခဲ့သည်။


မြန်မာအသင်း အီရန်ဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

အုပ်စု (စ) တွင် အီရန်၊ မြန်မာနှင့် လာအိုအသင်းတို့ သုံးမှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် အီရန်အသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယ ရခဲ့သည်။ ပထမအဆင့်အုပ်စုမှ ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံး အုပ်စု ဒုတိယနေရာရနှစ်သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး မြန်မာအသင်းသည် အကောင်းဆုံး အုပ်စုဒုတိယနေရာဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဇိုးသော်ဇင်**

# မိုးကောင်းမြို့နယ်၌ တစ်ရက်တည်း မူးယစ်ဆေးဝါး နှစ်ကြိမ်ဖမ်းမိ

**မိုးကောင်း အောက်တိုဘာ ၂၈**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ အောက်တိုဘာ ၂၇ ရက်က တစ်ရက်တည်း မူးယစ်ဆေးဝါးနှစ်ကြိမ်ဖမ်းမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ ရဲအုပ် ခင်မောင်ထွေး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် ပေါင်ခေါင်းကွင်းအတွင်း ကျွန်းတောရပ်ကွက်နေ ဖော်ယပ်အောင်ဆိုင်း (၄၃ နှစ်)၏ လယ်တဲသို့ ဝင်ရောက်ရှာဖွေရာ ဘိန်းမည်းအစို ၁၀၂ ဂရမ်၊ ခတ်ပုံ ၁ ဒသမ ၂ ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရောင်းချရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးရောင်းချရရှိသည့် ငွေကျပ် ၆၀၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့၍ မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထို့အတူ ကျွန်းတောရပ်ကွက်နေ နော်လောန်(၅၃ နှစ်)၏ လယ်တဲသို့ဝင်ရောက်ရှာဖွေရာ နော်လောန်မှာ လွယ်အိတ်ကိုင်ပြီး ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီး၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၅ ပြား၊ ဘိန်းမည်း ၄၅ ဒသမ ၂ ဂရမ်၊ ခတ်ပုံ ၂ ဒသမ ၁ ဂရမ်နှင့် မူးယစ်ဆေးဝါးရောင်းချရရှိသည့် ငွေကျပ် ၆၇၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့၍ မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



ဖော်ယပ်အောင်ဆိုင်းနှင့် နော်လောန်တို့နှစ်ဦးကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၀-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၅ - BBC Click
- ၉း၄၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ “Copper Town” (Norway)
- ၁၀း၃၀ - “သွားလာပျော်ရွှင် ရေဖြူမြို့နယ်နှင့် သရက်ချောင်းမြို့နယ်က နေရာစုံလင်”
- ၁၀း၄၅ - “ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၈၁)
- ၁၂း၃၀ - ပြည်သူ့နီတိ “ ကျေးဇူးဆိုတာ”
- ၁၂း၄၅ - သုခမရင်ခွင် အငြိမ့်သဘင် “သရီးစတားအငြိမ့်အဖွဲ့”
- ၁၄း၅၀ - Tasty Trip
- ၁၅း၄၅ - “ကျေးလက်တေးသံ နားဆင်ဖို့ ရိုးရာတူရိယာ ဖန်တီးစို့”

**ညပိုင်း**

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပဉ္စမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၁၆း၅၀ - ကျန်းမာရေးမဂ္ဂဇင်း “လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ” (အပိုင်း- ၂)
- ၁၇း၃၀ - Yes or No Talk Show
- ၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ “ ဥပဒေသုတရကြပါစေ” ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - “ ၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ဟောပြောချက်” “ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ”
- \- စီးပွားရေးစကားဝိုင်း “ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” (ပထမပိုင်း)
- \- နိုင်ငံခြားဇာတ်လမ်းတွဲ “အိမ်ကြီးသခင်” (အပိုင်း- ၁)

# တာချီလိတ်၌ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်

**တာချီလိတ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် စကားဝါလမ်းရှိ အိမ်ခန်းငှား၌ အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းက ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီခန့်က တာချီလိတ်မြို့ ဆန်ဆိုင်း (က)ရပ်ကွက် စကားဝါလမ်း အိမ်အမှတ်(၈/၅၃)၊ လိုင်းခန်းအမှတ်(၈)တွင် မရန်ကြူ(၃၀ နှစ်) သည် သုံးထပ်သားဘုရားစင်တွင် ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်၍ အပြင်သို့ ထွက်သွားရာ မီးစာကုန်ခန်းပြီး နံရံကပ်သုံးထပ်သား ဘုရားစင်ကို မီးကူးစက်လောင်ကာ ဘုရားစင်အောက်ရှိ သုံးထပ်သားဗီရိုတစ်လုံး မီးကူးစက်လောင်ခဲ့သည်။

မီးလောင်ရာသို့ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ပေါ်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနု၊ မြို့မစခန်းမှူး ဒုတိယရဲမှူး မျိုးခိုင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ တာချီလိတ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ဇော်လင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်မှ ဒုတိယတပ်ရင်းမှူး ဦးရဲနန္ဒာလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်သုံးစီးဖြင့် သွားရောက်ငြိမ်းသတ်ရာ ညနေ ၃ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ မရန်ကြူ (၃၀ နှစ်)ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# နမ့်ဆန်မြို့နယ်၌ ကြိုးမိုင်းတိုက်မိပေါက်ကွဲ၍ တစ်ဦးထိခိုက်ဒဏ်ရာရ

**နမ့်ဆန် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မန်ဆာကျေးရွာတွင်နေထိုင်သူ ဦးအိုက်လှော်သည် သမီးဖြစ်သူကို ဘော်ဒါဆောင်သို့ပို့ပြီး ရွာအပြန်လမ်းတွင် ကြိုးမိုင်းတိုက်မိ ပေါက်ကွဲပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် ညနေ ၆ နာရီခန့်က မန်ဆာကျေးရွာတွင်နေထိုင်သူ ဦးအိုက်လှော် (၆၅ နှစ်)သည် ၎င်း၏သမီးဖြစ်သူ မသီတာဝင်း (နဝမတန်းကျောင်းသူ) အထက(၁)နမ့်ဆန်မြို့ရှိ ဘော်ဒါဆောင်သို့ ပို့ဆောင်ပြီး နမ့်ဆန်မြို့မှ မန်ဆာကျေးရွာသို့ အပြန်လမ်းတွင် မန်ဆာကျေးရွာနှင့် ကယားကြီးကျေးရွာကြား လူသွားလမ်း၌ မသမာသူများ ထောင်ထားသော ကြိုးမိုင်းကိုတိုက်မိပြီး ပေါက်ကွဲခဲ့ရာ ဒဏ်ရာများရရှိခဲ့သောကြောင့် ကျေးရွာမှ တာဝန်ရှိသူများက မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဒေသဦးစီးအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ သွားရောက်တွေ့ဆုံအားပေးခဲ့သည်။

အဆိုပါဖြစ်စဉ်သည် နမ့်ဆန်မြို့နယ်၌ ၁၀ ရက်အတွင်း စတုတ္ထအကြိမ်မြောက် မိုင်းထိမိပေါက်ကွဲခြင်းဖြစ်ပြီး ကျေးရွာနေပြည်သူများ ဝမ်းစာရေးအတွက် လုပ်ကိုင်စားသောက်ရာတွင် အသက်အန္တရာယ် စိုးရိမ်မှုရှိနေကြောင်း သိရသည်။

**နမ့်ဆန် (ပြန်/ဆက်)**

# မနေဖြူမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အလုံး ၂၇၀ ကျော် ပျက်စီး

**မနေဖြူ အောက်တိုဘာ ၂၈**

မနေဖြူမြို့နယ်၌ အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ကစ၍ ရုတ်တရက် လေပြင်းတိုက်ခတ်သဖြင့် တောင်ဇီးကျေးရွာတွင် သွပ်မိုး၊ ဝါးအိမ် ၄၉ လုံး အမိုးလန်ပျက်စီးကာ အိမ်သုံးလုံး ပြိုကျခဲ့သည်။ အလားတူ ဗျင်းတွဲကျေးရွာတွင်လည်း သွပ်မိုး၊ ဝါးအိမ် ၁၁ လုံး ပြိုကျပျက်စီးခြင်းနှင့် ဝါးအိမ်အလုံး ၉၀ အမိုး လန်ခဲ့သည်။

ထို့အတူ လေပြင်းတိုက်ခတ်မှုကြောင့် အစွန်ကျေးရွာတွင် သွပ်မိုး ဝါးအိမ် ၄၃ လုံး ပြိုကျပျက်စီးခဲ့ပြီး ဝါးအိမ် ၇၂ လုံး အမိုးလန်ပျက်စီးခဲ့သည်။ ယင်းနောက် ဒါးခုတ်ချောင်းကျေးရွာတွင် သွပ်မိုး ဝါးအိမ် ငါးလုံး၊ ဓနိမိုးဝါးအိမ် တစ်လုံးနှင့် သွပ်မိုး သစ်အိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခက်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် လူနေအိမ် ၆၃ လုံး နှင့် အမိုးလန်ပျက်စီးခဲ့သည့် လူနေအိမ် ၂၁၂ လုံး စုစုပေါင်း နေအိမ် ၂၇၅ လုံးရှိ အိမ်ထောင်စုဝင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နီးစပ်ရာဆွေမျိုးများနေအိမ်သို့ နေရာချပေးထားကြောင်း သိရသည်။

**အောင်သူဟိဏ်း (မနေဖြူ)**



# မိုးနဲမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မိုးနဲ အောက်တိုဘာ ၂၈**

မိုးနဲမြို့နယ် မြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် နေလှိုင်စိုးနှင့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၈ ရက်က မူးယစ်ဆေးဝါးသတင်းအရ မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာသို့ သွားရောက်ခဲ့ရာ အဘေး၏အိမ်ရှေ့အရောက်တွင် ၎င်းက ရဲတပ်ဖွဲ့ဝင်များမြင်သည်နှင့် နေအိမ်မှထွက်ပြေးသဖြင့် မသကၤာ၍ လိုက်လံဖမ်းဆီးရှာဖွေရာ ခါးတွင် အနက်ရောင်တိပ်ဖြင့်ပတ်ထားသော ဒန်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ ပြားကို တွေ့ရှိသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိသူ အဘေး (၄၄ နှစ်)ကို မိုးနဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ ကျောက်စိမ်းတုံးနှင့် ဖြတ်စများ ဖမ်းဆီးရမိ



တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

**ရန်ကုန် အောက်တိုဘာ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၇ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂၁ စီး၊ သွင်းကုန် ၃၈၄ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၈ သန်း စုစုပေါင်း တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၄၈ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၇ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် Toyota Ipsum ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏ရှေ့ရေတိုင်ကီနှင့် ရှုံကြားတွင် သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ရှစ်ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အီဒလစ်မြို့တွင် အပစ်အခတ်ရပ်စဲရေး လေးနိုင်ငံ ဆီးရီးယားထိပ်သီးအစည်းအဝေးမှ တောင်းဆို

ဒမတ်စကတ် အောက်တိုဘာ ၂၈

**တူရကီ၊ပြင်သစ်၊ ရုရှား၊ ဂျာမနီတို့မှ ခေါင်းဆောင်များသည် ခုနစ်နှစ်ကြာ ဆီးရီးယားပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရေး နိုင်ငံရေးအရ အဖြေရှာရန် နှင့် သူပုန်များအဓိကထိန်းချုပ်ထားရာ အီဒလစ်မြို့တွင် ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးအတွက် စနေနေ့က တောင်းဆိုခဲ့ကြသည်။**



အစ္စတန်ဘူလ်မြို့၌ ပြုလုပ်သည့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော ရုရှားသမ္မတ ပူတင်၊ ပြင်သစ်သမ္မတ မက်ခရွန်၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် တူရကီသမ္မတ အာဒိုဂန်တို့ကို တွေ့ရစဉ်။

အစ္စတန်ဘူလ်မြို့တွင် ပြုလုပ်ခဲ့သော ထိပ်သီးအစည်းအဝေးအပြီး ပူးတွဲသတင်းထုတ်ပြန်ချက်ထုတ်ပြန်ခဲ့ရာ တူရကီ၊ ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့မှ ဆီးရီးယားနိုင်ငံတွင် ငြိမ်းချမ်းပြီး တည်ငြိမ်မှုရှိသည့် အခြေအနေတစ်ရပ်ဖန်တီးပေးနိုင်ရေး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူခဲ့ကြသည်။

အီဒလစ်မြို့တွင် အပစ်အခတ်ရပ်စဲရေးရရှိရေးမှာ အလွန်အရေးပါကြောင်း၊ လွန်ခဲ့သောလက ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ကြားခံနယ်အဖြစ် သတ်မှတ်ရန် ဆီးရီးယားအစိုးရကိုထောက်ခံသော ရုရှားနှင့်သူပုန်များကို ထောက်ခံပေးသော တူရကီတို့ကြား သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့နှင့် ဆီးရီးယားပဋိပက္ခအကြောင်း နာရီအနည်းငယ်ကြာ ဆွေးနွေးခဲ့သည်။

၂၀၁၁ ခုနှစ်က စတင်ခဲ့သော ဆီးရီးယားစစ်ပွဲတွင် လူပေါင်း သုံးသိန်းခြောက်သောင်းကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ မစ္စတာအာဒိုဂန်က ဖတ်ကြားပြသော ထုတ်ပြန်ချက်တွင် ဆီးရီးယားစစ်ပွဲနှောင်းပိုင်းကာလ မူကြမ်းကို ယခုနှစ်မကုန်မီအပြီးရေးဆွဲနိုင်ရေးကော်မတီ ဖွဲ့ရန်နှင့် စစ်ပွဲဒဏ်ခံဒေသတွင် လွတ်လပ်ပြီး တရားမျှတမှုရှိသော ရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေး တောင်းဆိုခဲ့ကြသည်။

ထို့အပြင် ဆီးရီးယားနိုင်ငံတစ်ဝန်းတွင် လျင်မြန်ပြီး လုံခြုံစိတ်ချရသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများလည်း လိုအပ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်နေသော နေရာများတွင် အကူအညီပေးနိုင်ရေးမှာလည်း လိုအပ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

သောကြာနေ့က အီဒလစ်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အရပ်သား ခုနစ်ဦး သေဆုံးခဲ့ပြီးနောက် ယခုကဲ့သို့ လေးနိုင်ငံဆွေးနွေးပွဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# သီရိလင်္ကာဝန်ကြီးချုပ်နေရာတွင် ယခင်သမ္မတဟောင်းကို အစားထိုး

**ကိုလံဘို အောက်တိုဘာ ၂၈**




ထုတ်ပယ်ခံရသည့် သီရိလင်္ကာဝန်ကြီးချုပ် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်။

သီရိလင်္ကာ သမ္မတ မိုင်သရီပါလာ ဆီရီဆီနာသည် ဝန်ကြီးချုပ် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ကို ရုတ်တရက် ထုတ်ပယ်ခဲ့ပြီး ၎င်းနေရာတွင် ယခင် သမ္မတဟောင်း မဟင်ဒါရာဂျာပက်ဆာအား အစားထိုးခဲ့သည်။ သောကြာနေ့ ညတွင် သမ္မတရုံးမှ ဝန်ကြီးချုပ် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်ကို ထုတ်ပယ်လိုက်ပြီး ဂျာပက်ဆာကို အစားထိုး ခန့်အပ်လိုက်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

မည်သည့်အတွက်ကြောင့် ဝန်ကြီးချုပ်ကို ရုတ်တရက်ရာထူးမှ ဖယ်ရှားရသည်ကိုမူ ဖော်ပြထားခြင်းမရှိပေ။ သို့သော် သမ္မတ ဆီရီဆီနာနှင့် ဝန်ကြီးချုပ် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ် တို့သည် ဆိပ်ကမ်း နှင့် လေဆိပ်၏ ပိုင်ဆိုင်မှုကို နိုင်ငံခြားတိုင်းပြည်တစ်ခုကို လွှဲပြောင်းပေးရေးနှင့် ပတ်သက်ပြီး တစ်ဦးနှင့်တစ်ဦး မကျေမလည်ဖြစ်ခဲ့ကြကြောင်း သိရသည်။

ဝန်ကြီးချုပ်ကမူ ၎င်းထုတ်ပယ်ခံရခြင်းကို လက်မခံနိုင်ကြောင်း၊ ၎င်းတို့ ပါတီသည် ပါလီမန်တွင် နေရာအတော်များများရရှိထားကြောင်း၊ ထို့ကြောင့် ၎င်းထုတ်ပယ်ခံရမှုသည် ဘောင်မဝင်ကြောင်း ပြောခဲ့သည်။ ၎င်းက ထုတ်ပယ်ခံရသည်ကိုလက်မခံဘဲ မူလနေရာတွင် ဆက်လက် တာဝန်ထမ်းဆောင်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတ ဆီရီဆီနာသည် လွန်ခဲ့သောနှစ်က သမ္မတဟောင်း ဂျာပက်ဆာကို အနိုင်ယူကာ သမ္မတဖြစ်လာခဲ့သည်။ ၎င်းသည် ရန်နေးလ်ဝှစ်ခရမန်ဆင်းဂ်၏ ပါတီနှင့် မဟာမိတ်ဖွဲ့ခဲ့ပြီး အိန္ဒိယ၊ ဥရောပ၊ အမေရိကန်တို့နှင့် လိုက်လျောညီထွေသည့် နိုင်ငံခြားရေးမူဝါဒကို တည်ဆောက်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တူရကီနိုင်ငံတွင် ကျင်းပသည့် ဂျူဒိုပြိုင်ပွဲသို့ ဆီးရီးယားဒုက္ခသည်ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်

**အန်ကာရာ အောက်တိုဘာ ၂၈**

တူရကီရှိ ဆီးရီးယားဒုက္ခသည်များသည် အန်ကာရာမြို့တွင်ကျင်းပသည့် ဂျူဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ဆီးရီးယားပြည်တွင်းစစ်ကြောင့် တိုင်းပြည်အတွင်းမှ ထွက်ခွာလာခဲ့ကြသော ဒုက္ခသည်ကလေး ၁၅ ဦးတို့သည် တူရကီတစ်လွှားကလေးပေါင်း ၁၅၀နှင့်အတူ ဂျူဒိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆီးရီးယားမှပြိုင်ပွဲဝင်သူအားလုံးသည် ပထမပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် တူရကီပြိုင်ပွဲဝင်များထံမှ ချီးကျူးအားပေးသံများရရှိခဲ့ကြသည်။ ဆီးရီးယားမိန်းကလေးငယ်တစ်ဦးမှာ ၎င်းသည်ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ကျေနပ်မိကြောင်း၊ နောက်တစ်ကြိမ်ပြိုင်ပွဲတွင် အနိုင်ရရှိရေး အပြင်းအထန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဂျပန်သံအမတ် အာကီရို မီရာဂျီမာက တူရကီကလေးနှင့် ဆီးရီးယားကလေးငယ်များသည် ပြိုင်ပွဲတွင်အကောင်းဆုံး ကြိုးစားခဲ့ကြကြောင်း၊ လူအများပျော်ရွှင်နေကြသည်ကိုလည်း တွေ့မြင်ခဲ့ကြောင်းပြောခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် အကောင်းဆုံးရလဒ်များရရှိအောင် ကြိုးပမ်းကြရန်လည်း ဂျပန်သံအမတ်က တိုက်တွန်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကလေးကင်ပွန်းတပ်ပွဲအခမ်းအနားတွင် ပစ်ခတ်မှုဖြစ်ပွားရာ ၁၁ ဦး သေဆုံး

**ပင်ဆယ်ဗေးနီးယား အောက်တိုဘာ ၂၈**

ပစ်ဘတ်ဂ်ျရဟူဒီဘုရားကျောင်းအတွင်း စနေနေ့က ကလေးကင်ပွန်းတပ်ပွဲ ပြုလုပ်စဉ် သေနတ်သမားတစ်ဦးက ဝင်ရောက် ပစ်ခတ်မှုဖြစ်ပွားခဲ့သဖြင့် ၁၁ ဦး သေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ရာ လက်ရှိ အမေရိကန်သမိုင်းတွင် ဂျူးများအပေါ် အဆိုးရွားဆုံးသော ဆန့်ကျင်တိုက်ခိုက်မှု ဖြစ်လာခဲ့သည်။

ဝင်ရောက် ပစ်ခတ်သွားသူ သေနတ်သမားမှာ အသက် ၄၆ နှစ်အရွယ် ရောဘတ်ဘိုးဝါးဆိုသူဖြစ်ပြီး ပစ်ခတ်မှု မပြုမီ ဂျူးများအားလုံး သေရမည်ဟု ကြွေးကြော်ခဲ့ကာ ဥပုသ်စောင့်ရန် ဘုရားကျောင်းအတွင်း စုဝေးလာကြသော လူများကို ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ရဲများနှင့်သေနတ်သမားတို့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ၎င်းကို ဆေးရုံသို့ပို့ပေးခဲ့သည်။ အမေရိကန်ရှေ့နေများသည် ၎င်းကိုတရားစွဲဆိုမှု ၂၉ချက်ဖြင့် တရားစွဲ ဆိုခဲ့ပြီး အဆိုပါရာဇဝတ်မှုသည် ပြည်နယ်အတွင်း တားမြစ်ချက်ဖြစ်သော အမုန်းတရားအပေါ်အခြေခံ၍ ကျူးလွန်သောရာဇဝတ်မှုတစ်ခုဖြစ်ပြီး ဘိုးဝါးအပေါ် တရားစွဲဆိုချက်များအရ သေဒဏ်အပြစ်ပေးနိုင်သည်ဟု အာဏာပိုင်များက ပြောသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကမူ ယင်းဖြစ်ရပ်ကို ကောက်ကျစ်စဉ်းလဲလွန်းသော ရာဇဝတ်မှုဟု ရှုတ်ချခဲ့သည်။ ထို့ပြင် ဂျူးဘာသာသို့ ပြောင်းလဲထားသော သမ္မတထရမ့်၏ သမီးဖြစ်သူ အီဗန်ကာထရမ့်သည်လည်း အဆိုပါပစ်ခတ်မှုကိုရှုတ်ချခဲ့သည်။ အီလီနွိုက်ပြည်နယ်အတွင်း မဲဆွယ်စည်းရုံးမှု ပြုလုပ်စဉ်အတွင်း ထရမ့်က ယခုကဲ့သို့ဆိုးရွားသည့် အကြမ်းဖက်မှုသည် ၎င်းတို့အားလုံးကို တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ကြောင်း မဲဆွယ်ပွဲအတွင်း ထောက်ခံသူများကို ပြောသည်။

ဂျူးဆန့်ကျင်ရေးအပေါ် နှိမ်နင်းသွားရန်၊ အမုန်းတရားအပေါ်အခြေခံသည့် အကြမ်းဖက်တိုက်ခိုက်မှုများ ပျောက်ကွယ်သွားအောင် ဂျူးညီအစ်ကိုမောင်နှမများနှင့်အတူ ရပ်တည်သွားမည်ဟုလည်း ထရမ့်က ပြောသည်။

ထို့ပြင်ထရမ့်က ၎င်းသည်မကြာမီ ပင်ဆယ်ဗေးနီးယားရှိ ပစ်ဘတ်ဂ်ျမြို့ ဘုရားကျောင်းသို့ သွားရောက်မည်ဟုလည်း ပြောခဲ့သည်။

အမေရိကန် သမ္မတသည် အိမ်ဖြူတော်၊ လူထုရင်ပြင်များ၊ စစ်ဘက်ဆိုင်ရာစခန်းများ၊ ရေတပ်စခန်းများတွင် အောက်တိုဘာ ၃၁ ရက်အထိ သေဆုံးသူများကို စာနာသောအားဖြင့် အလံတိုင်တစ်ဝက်လွှင့်ထူရန် ညွှန်ကြားထားသည်။ စနေနေ့က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုသည် ဖလော်ရီဒါရှိ သမ္မတထရမ့်ထောက်ခံသူတစ်ဦးက ဒီမိုကရက်နှင့် လစ်ဘရယ်များထံ ပေါက်ကွဲစေတတ်သည့် စာအိတ်များ ပေးပို့ပြီးနောက် ဖမ်းဆီးခံခဲ့ရအပြီး တစ်ရက်အကြာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**



သေနတ်ပစ်ခတ်မှုတွင် သေဆုံးခဲ့သော ၁၁ ဦးအတွက် ဆုတောင်းပေးနေကြသူများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဝက်သက်ရောဂါဖြစ်ပွား ကလေးငယ် ၁၀ ဦးသေဆုံး

**ဗန်ကောက် အောက်တိုဘာ ၂၈**

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးရန် အစိုးရအစီအစဉ်ကို မိဘများက ငြင်းဆန်ခဲ့ပြီးနောက် ကလေးငယ် ၁၀ ဦးသေဆုံးခဲ့ရာ ၇၂၀ ဦး ဝက်သက်ရောဂါခံစားခဲ့ရကြောင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးရုံးက မကြာသေးမီက ကြေညာခဲ့သည်။

တာဝန်ရှိသူများက ရောဂါဖြစ်ပွားသည့်ဒေသသို့ သွားရောက်ခဲ့ပြီး ကာကွယ်ဆေးထိုးခြင်း အစီအစဉ်အား အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြောင်း ပြည်သူ့ကျန်းမာရေး သမားတော် ဒေါက်တာ ဆွန်ခရမ်မိုင်ချမ်က ပြောခဲ့သည်။

ထိုင်းနိုင်ငံတစ်ဝန်း စက်တင်ဘာလတွင် ဝက်သက်ရောဂါဖြစ်ပွားသူ ၂၀၄၉ ဦးရှိခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါ ပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဗျူရိုက ပြောခဲ့သည်။

**ဆင်ဟွာ**

### အိန္ဒိယ၌ ဒီပါဝလီမတိုင်မီ မီးပန်းစက်ရုံပေါက်ကွဲရာ ခုနစ်ဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၂၈**

ဒီပါဝလီပွဲတော်မတိုင်မီ အိန္ဒိယနိုင်ငံမြောက်ပိုင်း မီးပန်းစက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

နိုင်ငံတော်တရားရုံးချုပ်က မီးရှူးမီးပန်းရောင်းချမှုကို တားဆီးရန် ကြိုးစားသော်လည်း ဒီပါဝလီပွဲတော်ကာလအတွင်း မီးရှူးမီးပန်းအများဆုံး အသုံးပြုကြောင်း သိရသည်။ ဒီပါဝလီပွဲတော်သည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး မီးရှူးမီးပန်းအသုံးပြုသည့် ပွဲတော်တစ်ခုဖြစ်သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပြည်နယ် ဥတ္တရ ပရာဒေ့ရှ်ပြည်နယ် ဘိုင်ဒန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မီးပန်းစက်ရုံမှာ လိုင်စင်ရ မီးပန်းစက်ရုံဖြစ်ကြောင်း သိရသည်။

မီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခုနစ်ဦးသေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်ဟု ပြည်နယ်ရဲဘက်ဆိုင်ရာအကြီးအကဲ အရှော့ကူမားက ပြောခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားသည့် စက်ရုံသို့ လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ်များ ကယ်ဆယ်မှုများပြုလုပ်ရန် ရောက်ရှိလာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်က ဩဒစ်ရှပြည်နယ်တွင် တရားမဝင် မီးပန်းစက်ရုံပေါက်ကွဲမှုတွင် အလုပ်သမား ခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဥရောပသမဂ္ဂအတွက် နောက်ထပ်စိုးရိမ်စရာဖြစ်လာတဲ့ အီတလီနိုင်ငံရဲ့ အသုံးစရိတ်ပြဿနာ

**ချြုးစန္ဒီနွေး**

**လွန်ခဲ့သော နှစ်အနည်းငယ်တုန်းက သာမန်လူတန်းစားတွေရဲ့အစိုးရလို့ သတ်မှတ်ထားတဲ့ ဂရိအစိုးရရဲ့ကြွေးမြီပြဿနာကြောင့် ယူရိုငွေကြေးအပေါ် ခြိမ်းခြောက်မှုတွေရှိလာပြီး ဥရောပသမဂ္ဂအဖွဲ့ကြီးရဲ့တည်ငြိမ်အေးချမ်းမှုကိုပါ ခြိမ်းခြောက်လာခဲ့ပါတယ်။ ဒါပေမယ့် အခုအခါမှာတော့ အဲဒီပြဿနာကို ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ နောက်မှာ ချန်ထားခဲ့ပါပြီ။**



လုံခြုံရေးအရာရှိများအလယ်မှ အီတလီနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် မက်တီရီယိုဆယ်ဗေနီကို တွေ့ရစဉ်။

ဘာလို့လဲဆိုတော့ အဲဒီထက်ဆိုးတဲ့ ပြဿနာဖြစ်လာနိုင်လို့ပါပဲ။ အခုဆိုရင် သာမန်လူတန်းစားတွေကို ကိုယ်စားပြုတယ်လို့ ကြွေးကြော်ထားတဲ့ အီတလီအစိုးရဟာ မဲဆန္ဒရှင်ပြည်သူတွေအပေါ် ထားရှိတဲ့ ကတိကိုတည်ဖို့ရာ ဥရောပသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားတဲ့ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းတွေကို ချိုးဖောက်ဖို့ ကြိုးစားနေပြန်ပါပြီ။ ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ အခုသီတင်းပတ်အတွင်းမှာပဲ ၂၀၁၉ ခုနှစ်အတွက် အီတလီနိုင်ငံရဲ့ အသုံးစရိတ်မူကြမ်းကို ပယ်ချခဲ့ပြီး အသစ်ပြန်လည်ရေးဆွဲပြဖို့ တောင်းဆိုခဲ့ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အသုံးစရိတ်ကို စိစစ်ပြီး မလိုအပ်တဲ့ အသုံးစရိတ်တွေကို လျှော့ချထားတဲ့ မူကြမ်းအသစ် ပြန်လည် ရေးဆွဲခိုင်းတာပါ။

**အီတလီနဲ့ ဘဏ္ဍာရေးပြဿနာ**

အဲဒီအခါမှာတော့ အီတလီခေါင်းဆောင်တွေဟာ အရင် ဂရိခေါင်းဆောင်တွေလိုပါပဲ ဥရောပသမဂ္ဂရဲ့ တောင်းဆိုချက်ကို လျစ်လျူရှုမယ်လို့ ပြောခဲ့ကြပါတယ်။ ဒါဟာ ဘာကိုဖော်ပြနေသလဲဆိုတော့ အီတလီရဲ့ လူကြိုက်များနေတဲ့ ရွေးကောက်ခံအစိုးရနဲ့ ဥရောပသမဂ္ဂတို့ကြား ဝေခွဲမရတဲ့ ပြဿနာတွေကို ပြသနေသလိုပါပဲ။ လက်ရှိမှာ ဖြစ်ပေါ်နေတဲ့ အီတလီနဲ့ ဘဏ္ဍာရေးပြဿနာထက် ဥရောပသမဂ္ဂအဖွဲ့အနေနဲ့ ပိုပြီးကြောက်ရွံ့ရတာ ရှိပါသေးတယ်။ အဲဒါကတော့ ပေါ်ပြူလစ်ဇင်လို့ခေါ်တဲ့ သာမန်လူတန်းစားတွေကို ကိုယ်စားပြုတဲ့ဝါဒဟာ ပိုပြီးအရှိန်အဟုန်ကောင်းလာမှာကို စိုးရိမ်ကြတာပါ။ မေလအတွင်းမှာ ကျင်းပမယ့် ဥရောပပါလီမန်ဥက္ကဋ္ဌ မရွေးချယ်မီ ဥရောပတစ်လွှားမှာ ပေါ်ပြူလစ်ဇင်တွေ အားကောင်းလာမှာကို ပိုပြီး စိုးရိမ်ကြပါတယ်။

**ကတိတည်အောင် ထိန်းသိမ်းလို**

အီတလီနိုင်ငံက လက်ခံဖို့ငြင်းဆန်နေတဲ့ ဘတ်ဂျက်ပြဿနာကို ဘယ်လိုဖြေရှင်းရလဲဆိုတာ ဥရောပသမဂ္ဂအရာရှိတွေအတွက် စိတ်ပူစရာပါပဲ။ အီတလီနိုင်ငံရဲ့ဒုတိယဝန်ကြီးချုပ်ဖြစ်တဲ့ မက်တီရီယိုဆယ်ဗေနီဟာ လက်ယာယိမ်းနိုင်ငံရေးသမားတစ်ဦး ဖြစ်ပါတယ်။ သူဟာ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ပြဿနာကို အသုံးပြုပြီး ဥရောပသမဂ္ဂကို ထိုးနှက်ကာ ပြည်တွင်းမှာ လူကြိုက်များလာအောင် စွမ်းဆောင်နိုင်ခဲ့သူပါ။ သူ့ရဲ့မိတ်ဖက်ပါတနာတစ်ဦးဖြစ်တဲ့ Five Star Movement ပါတီမှ လက်ဝဲယိမ်းနိုင်ငံရေးသမားဖြစ်သူ လူဝီဂျီ ဒီမာရီယိုဟာလည်း ဥရောပသမဂ္ဂနဲ့ အချင်းများနေတဲ့ ဘဏ္ဍာရေးပြဿနာကို အကြောင်းပြုပြီး ပြည်တွင်းမှာ ထောက်ခံမှုပိုရအောင် ကြိုးစားလာလိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ မစ္စတာဆယ်ဗေနီဟာ အခွန်ငွေတွေ ဖြတ်တောက်ဖို့ အလေးထားချိန်မှာ မစ္စတာမာရီယိုကတော့ ဆင်းရဲသားတွေနဲ့ အလုပ်လက်မဲ့တွေအတွက် ဝင်ငွေတိုးလာရပါမယ်လို့ ကတိခံထားပါတယ်။ သူတို့နှစ်ဦးစလုံးဟာ ပြည်သူတွေအပေါ် ပေးထားတဲ့ကတိကို တည်အောင် ကြိုးစားလိုပါတယ်။

ဥရောပသမဂ္ဂအဖွဲ့ရဲ့ထိတ်လန့်မှုကတော့ တကယ်လို့များ သူတို့အနေနဲ့ အီတလီအပေါ် ဖိအားတွေ အလွန်ပေးမိပြီဆိုရင် မစ္စတာ ဆယ်ဗေနီအပေါ် ထောက်ခံမှုတွေ ပိုရလာအောင် လုပ်ဆောင်ပေးမိသလိုဖြစ်ပြီး ဥရောပတစ်လွှားက ပေါ်ပြူလစ်ဇင်တွေဟာ လာမယ့် ငါးနှစ်အတွင်းမှာ အဖွဲ့ကြီးကို စိန်ခေါ်လာမှာ စိုးရိမ်ကြပါတယ်။ အခုအချိန်မှာ ဥရောပသမဂ္ဂအနေနဲ့ ဂရုစိုက်ရမယ့် နိုင်ငံဟာ ဂရိတစ်ခုတည်းမဟုတ်တော့ပါဘူးလို့ ဘရပ်ဆဲလ်က စီးပွားရေးသုတေသနအင်စတီကျူမှ ဒုတိယညွှန်ကြားရေးမှူး မာရီယာဒီမာတိုက်ဇ်က ပြောပါတယ်။

**စည်းမျဉ်းတွေကိုလေးစားသင့်**

"လက်ရှိ အီတလီအစိုးရရဲ့ အခြေအနေဟာ သိပ်ပြီးတော့ ယုတ္တိမတန်ပါဘူး။ အီတလီအစိုးရဟာ ရွေးကောက်ခံအစိုးရဖြစ်တယ်။ သူတို့ဟာ ဥရောပသမဂ္ဂနဲ့ သဘောတူစာချုပ်တွေမှာ လက်မှတ်ရေးထိုးထားတယ်။ ဒါကြောင့်မို့ ဥရောပသမဂ္ဂရဲ့စည်းမျဉ်းတွေကို လေးစားသင့်တယ်။ ဒါပေမယ့်လည်း ရွေးကောက်ခံအစိုးရအနေနဲ့ သူတို့ရဲ့စိတ်ကို ပြောင်းလဲမယ်ဆိုရင်လည်း ပြောင်းလဲလို့ရမယ်။ ဒီတော့ ကောင်းမွန်တဲ့ အဖြေဆိုတာ မရှိပါဘူး" လို့ မာရီယာက ပြောပါတယ်။

ဥရောပသမဂ္ဂဟာ အကျပ်အတည်းကြားထဲရောက်ရှိနေတဲ့ ဂရိကို ဖိအားပေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ မာရီယာက ဆက်ပြောပါတယ်။ နိုင်ငံပေါင်း ၂၇ နိုင်ငံက ဂရိအပေါ်ဝိုင်းပြီး ဖိအားတွေပေးကြတဲ့ ရလဒ်အနေနဲ့ ဂရိဟာ အခုဆိုရင် အချုပ်အခြာကင်းမဲ့နေသလိုပါပဲ။ ဘရပ်ဆဲလ်က အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ဂရိအကြား ကြွေးရှင်နဲ့ ကြွေးယူသူ ဆက်ဆံရေးပဲရှိပြီး ဒါဟာ လူတွေရဲ့ ဒေါသကို ပိုပြီးထွက်စေပါတယ်လို့ သူက ဆက်ပြောပါတယ်။ တကယ်တမ်းကျတော့ အီတလီဟာ ဂရိလိုမဟုတ်ပါဘူး။ သူ့မှာ လှည့်ကွက်တွေ အများကြီးရှိပါတယ်။ အီတလီဟာ ဈေးကွက်နဲ့ ဘဏ္ဍာရေးမှာလည်း သူ့ဟာသူ လည်ပတ်နိုင်ပါတယ်။ အဲဒီတော့ အီတလီမှာ ဆိုးရွားတဲ့ ကြွေးမြီပြဿနာဖြစ်လာနိုင်တယ်ဆိုတာ စိတ်ကူးသက်သက်ပါပဲ။

**တတိယအကြီးဆုံးစီးပွားရေးနိုင်ငံ**

ဒါပေမယ့် အီတလီရဲ့အရွယ်အစားနဲ့ အဆင့်အတန်းဟာ ဥရောပသမဂ္ဂရဲ့ ဗဟိုချက်မဆိုရင် တကယ်တမ်းကြွေးမြီပြဿနာဖြစ်လာတဲ့အခါကျရင် ထိန်းချုပ်မရဖြစ်လာပြီး သူ့ရဲ့ အကျိုးဆက်ဟာ ဥရောပရဲ့စီးပွားရေးတင်သာမကတော့ဘဲ ကမ္ဘာ့စီးပွားရေးကိုပါ ထိခိုက်လာစေနိုင်တယ်လို့ သုံးသပ်သူတွေလည်း ရှိပါတယ်။ အီတလီဟာ ဥရောဇုန်ရဲ့တတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်ပြီး တစ်စတစ်စ များလာတဲ့ကြွေးတွေဟာ ၂ ဒသမ ၆ ထရီလီယံရှိပါတယ်။ ကမ္ဘာပေါ်မှာ အကြွေးဝန်ထုပ်ဝန်ပိုးကို အများဆုံး ထမ်းနေရတဲ့ ငါးနိုင်ငံမှာ ပါဝင်ပါတယ်။ ကြွေးတွေရဲ့၇၀ ရာခိုင်နှုန်းခန့်ဟာ ပြည်တွင်းကပဲဖြစ်ပြီး ဂျာမနီ၊ ပြင်သစ်နဲ့ အမေရိကန်ဘဏ်တွေမှာ အကြွေးတွေရှိပါတယ်။ တကယ်လို့များ ကြွေးမြီပြဿနာဖြစ်လာရင် ပြည်တွင်းမှာ အရင်ဆုံးအထိနာမှာပါ။ အဲဒီအထဲမှာ အစိုးရကို မဲပေးခဲ့ကြတဲ့ အသေးစားလုပ်ငန်းရှင်တွေလည်း အထိနာမှာပါ။

**အိပ်မက်ဆိုးတစ်ခုလို စိုးရိမ်ရ**

ဂရိစီးပွားရေး လဲပြိုမသွားအောင် ကူညီရတဲ့ငွေဟာ ဒေါ်လာသုံးရာဘီလီယံ ရှိပါတယ်။ ဂရိဟာ အီတလီနဲ့ယှဉ်ရင် သေးသေးလေးပါပဲ။ အီတလီရဲ့ စီးပွားရေးဟာ ဂရိထက် ၁၀ ဆကြီးပါတယ်။ ဒါကြောင့်လည်း အီတလီမှာ ကြွေးမြီပြဿနာဖြစ်လာမှာကို အိပ်မက်ဆိုးတစ်ခုလိုပဲ စိုးရိမ်ကြပါတယ်။ ဥရောပသမဂ္ဂက အရာရှိတွေဟာ အီတလီအစိုးရနဲ့ အသုံးစရိတ်အပေါ် ထပ်မံဆွေးနွေးဖို့ နည်းလမ်းတွေ ရှာဖွေနေကြပြီပဲ ဖြစ်ပါတယ်။

အီတလီဟာ ဥရောပကော်မရှင်ရဲ့ တောင်းဆိုချက်ဖြစ်တဲ့ အသုံးစရိတ်ပြန်လည်ရေးဆွဲရေးအတွက် အချိန်သုံးပတ်ရပါတယ်။ ဒါပေမယ့်လည်း အခုနှစ်ကုန်ပိုင်းမတိုင်ခင်အထိတော့ ပြင်ဆင်လို့ ပြီးဦးမှာမဟုတ်သေးဘူးလို့ ယူဆထားကြပါတယ်။ အီတလီဟာ လိုငွေတွေ အဆမတန်များပြားလွန်းနေတယ် လို့ ဥရောပကော်မရှင်က ခေါ်ဝေါ်ခဲ့ပြီး အဲဒီကနေ ပိတ်ဆို့မှုတွေ၊ ဒဏ်တပ်မှုတွေ ပြုလုပ်နိုင်ပါတယ်။ မေလအတွင်းမှာ ကျင်းပမယ့် ဥရောပပါလီမန်ဥက္ကဋ္ဌရွေးချယ်ပွဲဟာလည်း မကြာတော့ပါဘူး။ ပြင်သစ်၊ ဂျာမနီနဲ့ ဘရပ်ဆဲလ်တို့က မူဝါဒချမှတ်သူတွေရဲ့ စိုးရိမ်မှုဟာလည်း ပိုပိုပြီး ကြီးလာပါတယ်။ မေလရွေးကောက်ပွဲမတိုင်မီ အီတလီရဲ့ အသုံးစရိတ်ပြဿနာကို အဆင်ပြေအောင် ဖြေရှင်းနိုင်ပါ့မလားလို့ စိုးရိမ်နေကြပါတယ်။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **"အီတလီရဲ့အရွယ်အစားနဲ့ အဆင့်အတန်းဟာ ဥရောပသမဂ္ဂရဲ့ ဗဟိုချက်မဆိုရင် တကယ်တမ်း ကြွေးမြီပြဿနာဖြစ်လာတဲ့အခါကျရင် ထိန်းချုပ်မရဖြစ်လာပြီး သူ့ရဲ့အကျိုးဆက်ဟာ ဥရောပရဲ့စီးပွားရေးတင်သာမကတော့ဘဲ ကမ္ဘာ့စီးပွားရေးကိုပါ ထိခိုက်လာစေနိုင်တယ်"**

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်များ စံကျောင်းတော်ဝင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် သီတင်းကျွတ်လဆန်း ၁ ရက်မှစတင်၍ အင်းလေးဝဲယာ(၂၁)ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိပြီး အောက်တိုဘာ ၂၇ ရက် (သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)တွင် ရေသာကျေးရွာမှ မူလစံမြန်းတော်မူရာ နမ့်ဟူးရတနာစံကျောင်းတော်သို့ ပြန်လည်ကြွချီ၍ စံကျောင်းတော်ဝင်ပွဲ မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ နမ့်ဟူးရတနာစံကျောင်းတော်မုခ်ဦး၌ အင်းသားရိုးရာဆွမ်းပို့လှေ သရုပ်ပြလှော်ခတ်ခြင်း၊ ယဉ်ကျေးမှုလှေယာဉ်များမှ အဆို၊ အတီး၊ အကအလှများဖြင့် ဧည့်သည်တော်များအား ဖျော်ဖြေတင်ဆက်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ် ပထမအဆူကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ် ဒုတိယအဆူကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လင်းအောင်နှင့် တပ်မတော်အရာရှိကြီးများက လည်းကောင်း၊ ဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ် တတိယအဆူကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ ဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ် စတုတ္ထအဆူကို ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် တာဝန်ရှိသူများ ကလည်းကောင်း ရတနာစံကျောင်းတော်ပေါ်သို့ အသီးသီးပင့်ဆောင်၍ ရွှေသကၤန်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဖောင်တော်ဦးမြတ်စွာဘုရား ဩဝါဒါစရိယဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ပူဇော်ကန်တော့၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေသည်။

ယင်းနောက် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိကြသည့် အသင်းများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**

## မြို့လှမြို့ မူလတန်းလွန် စာသင်ဆောင်သစ်လွှဲပြောင်းပေးအပ်

**ရေတာရှည် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ ငွေတောင် ရပ်ကွက်ရှိ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ မြို့လှမြို့နေအလှူရှင်များ ဆောက်လုပ်လှူဒါန်းသည့် စာကြည့်တိုက်အပါအဝင် စာသင်ဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းနားအား အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းကြည်၊ အလှူရှင်မိသားစုဖြစ်ကြသည့် ဦးစည်သူ-ဒေါ်သီတာတို့က တစ်ထပ်ကျောင်းဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ပညာရေးမှူးတို့မှ ကျေးဇူးတင်စကားများ ပြောသည်။

ထို့နောက် အလှူရှင် ဒေါ်သီတာက ပေ (၆၀×၃၀) ကုန်ကျ ငွေကျပ် ၂၅၇ သိန်းတန်ဖိုးရှိ စာကြည့်တိုက်ပါဝင်သည့် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းလွင်**

## (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘားအံ အောက်တိုဘာ ၂၈**

(၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို အစဉ်အလာမပျက် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ်နေ့အခမ်းအနားနှင့် ပွဲတော်ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ်နေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေး အထောက်အကူပြုလုပ်ငန်းကော်မတီများက မိမိတို့ကော်မတီအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကရင်ပြည်နယ်နေ့ပွဲတော်ကို JMC-S (ကရင်) ပြခန်း၊ ကရင်စာပေနှင့် ယဉ်ကျေးမှုပြခန်း၊ သစ်သီးဝလံနှင့် ပန်းမန်ပြခန်းတို့နှင့်အတူ ဌာနဆိုင်ရာပြခန်းများ၊ NGO၊ INGO ပြခန်းများအပါအဝင် ပြခန်းပေါင်း ၃၃ ခန်းကို ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိုင်းရင်းဆေးအမျိုးမျိုး၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အစရှိသည့်ကုန်စည်များ ရောင်းချသည့်ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ပါဝင်သည့် ကုန်စည်ပြပွဲကြီးပါဝင်မည်ဖြစ် ကြောင်း၊ ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကအဖွဲ့ ၁၃ ဖွဲ့ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၂ ရက်တွင် မြို့တော်ခန်းမ၌ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ၊ နိုဝင်ဘာ ၄ ရက်တွင် ဘားအံဂေါက်ကလပ်၌ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ခြင်းလုံးလေ့ကျင့်ရေးရုံ၌ ရိုးရာခြင်းလုံးအမှတ်ခတ်ပြိုင်ပွဲ၊ နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် သီရိကွင်း၌ ရိုးရာခြင်းလုံးအလှခတ်ပြိုင်ပွဲ၊ နိုဝင်ဘာ ၅၊ ၆၊ ၇ ရက်တို့တွင် ကန်သာယာ၌ ရိုးရာလှေလှော်ပြိုင်ပွဲ၊ နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ၁၀ ရက်မှ ၁၁ ရက်အထိဘားအံမြို့မှ တင်းနစ်ကလပ်၌ ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ရိုးရာလှေလှော်ပြိုင်ပွဲကို အမျိုးသားသုံးတက်လှော်နှင့် ငါးတက်လှော်ပြိုင်ပွဲ၊ အမျိုးသမီးသုံးတက်လှော်နှင့် ငါးတက်လှော်ပြိုင်ပွဲဟူ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ တေးဂီတဖျော်ဖြေပွဲများအဖြစ် နိုဝင်ဘာ ၇၊ ၈၊ ၉ ရက်တို့တွင် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် ဝနှ၊ အောင်လ၊ လွှမ်းပိုင်၊ ဝိုင်းစုခိုင်သိန်း၊ Bobby Soxer တို့နှင့် ဒေသခံတိုင်းရင်းသား တေးသံရှင်များက သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လယ်ဝေး၌ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၂၈**

ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးလျက်ရှိရာ လယ်ဝေးမြို့နယ် မဒေါ့ပင်ကျေးရွာအုပ်စုမှ ရိုးအင်းကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃၁ သိန်းကို ဒုတိယအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲတွင် ရိုးအင်းကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ချေးငွေထုတ်ချေးမှုနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အသင်းသူ အသင်းသားများထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သိခ်**



**အမှတ်(၈)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးရဲနိုင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၇ ရက်က ဘူးသီးတောင်မြို့နယ် အလိုတော်ပြည့်ကျောင်းဝင်းအတွင်း၊ အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေး ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်စဉ်။** ကျော်သူဝင်း

## ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်မည့် မြင်းခြံမြို့နယ်တွင် မဲပေးသူများ အဆင်ပြေအောင် ဆောင်ရွက်ထားရှိပြီးဖြစ်

**မြင်းခြံ အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် လာမည့် နိုဝင်ဘာ ၃ ရက်၌ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်နေရာနှင့် ရှမ်းတိုင်းရင်းသားလူမျိုးများအတွက် ကိုယ်စားလှယ်တစ်နေရာတို့ကို မဲဆန္ဒရှင်ပြည်သူများမှ ရွေးချယ်ပေးသွားမည်ဖြစ်ရာ အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မဲရုံမှူးနှင့်မဲရုံဝန်ထမ်းများအား ထောက်ပံ့ကြေးပေးသည့်အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**




ကြားဖြတ်ရွေးကောက်ပွဲတွင် မြင်းခြံမြို့နယ်၌ ရပ်ကွက်ကြီး ၂၀၊ ကျေးရွာပေါင်း ၁၈၅ ရွာရှိပြီး မဲရုံပေါင်း ၂၆၈ ရုံ ရှိကြောင်း၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ကျား ၉၉၅၄၀ နှင့် မ ၁၂၂၃၂၅ ဦး စုစုပေါင်း ၂၂၁၈၆၅ ဦးရှိကြောင်း၊ မဲဆန္ဒပေးသူများ အဆင်ပြေစွာမဲပေးနိုင်ရန် မဲဆန္ဒလက်မှတ်များကို ဖြန့်ဝေထားရှိပေးပြီးဖြစ်ကြောင်း၊ လုံခြုံရေးကိုလည်း စနစ်တကျဆောင်ရွက်ထားကြောင်း၊ မဲရုံမှူးများ ၊ ဒုမဲရုံမှူးများနှင့် မဲရုံတာဝန်ကျသူများကို နိုင်ငံတော်မှ မဲရုံမှူးတစ်ဦးလျှင် ကျပ် ၇၀၀၀ နှုန်း၊ ဒုမဲရုံမှူးများကို ကျပ် ၆၀၀၀ နှုန်း၊ ကျန်အဖွဲ့ဝင်ဖြစ်သည့် လက်မှတ်စစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ လုံခြုံရေးနှင့် မင်တို့တို့ကို ကျပ် ၅၀၀၀ နှုန်းဖြင့် သုံးရက်စာ ထုတ်ပေးထားကြောင်း၊ မြင်းခြံမြို့နယ်တွင် မဲရုံတာဝန်ကျသူပေါင်း ၁၈၀၈ ဦးရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲရုံကို သတ်မှတ်ထားသည့် အချိန် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိဖြစ်ကြောင်း၊ ကြိုတင်မဲပေးခြင်းကိုလည်း အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကြိုတင်မဲပေးနိုင်အောင် ဆောင်ရွက်ထားကြောင်း၊ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်အတွက် မဲဆန္ဒပေးခွင့်ရှိသူ ၂၄ ဦးရှိပြီး မဲရုံရှစ်ရုံဆောင်ရွက်ထားကြောင်းတို့ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိန်ဌေးဝင်းက ရှင်းလင်းပြောကြားခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံလုံခြုံရေးအတွက် မဲရုံတစ်ရုံလျှင် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အပေါင်းသုံးဦးကိုလည်း စီစဉ်ဆောင်ရွက်ထားရှိပေးကြောင်း၊ မဲရုံတာဝန်ကျရဲတပ်ဖွဲ့ဝင် ၂၆၈ ဦးကိုလည်း သင်တန်းသုံးရက်ပေးထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြင်းခြံမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအား လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်သူ့အလုပ်သမားပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီများမှ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# အလုပ်သမားများစနစ်တကျစေလွှတ်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ခံစားခွင့်များအတွက် ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံတာဝန်ရှိသူများနှင့် ဆွေးနွေးပူးပေါင်းမှုများပြုလုပ်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၈

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အောက်တိုဘာ ၂၂ ရက်တွင် နည်းပညာအလုပ်သင် သင်တန်းသားများ၏ သင်ကြားလေ့ကျင့်နေမှုအခြေအနေများကို လေ့လာရန်နှင့် နှစ်နိုင်ငံအလုပ်သင် သင်တန်းသားကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးရန် ဂျပန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ရောက်ရှိပြီး ANA Narita Airport Service တွင် တက်ရောက်သင်ကြားနေသည့် နည်းပညာအလုပ်သင် မြန်မာသင်တန်းသား ၁၅ ဦးကို လေဆိပ်ခန်းမတွင်တွေ့ဆုံ၍ နည်းပညာရပ်များကို ကြိုးစားသင်ယူရန်နှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန် စနစ်တကျအသုံးချရန် မှာကြားခဲ့သည်။**




အောက်တိုဘာ ၂၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်၍ သံအမတ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး သံအမတ်ကြီး၏ တင်ပြချက်များအပေါ် မြန်မာသံရုံး၏ မြန်မာနိုင်ငံသား အလုပ်သမားများအတွက် အလေးထား ဆောင်ရွက်ပေးနေမှုကို အသိအမှတ်ပြုကြောင်း၊ နှစ်နိုင်ငံဝန်ကြီးဌာနတို့ နည်းပညာအလုပ်သင် သင်တန်းသားလေ့ကျင့်ရေးအစီအစဉ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို ဧပြီလတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ အလုပ်သမားများ တရားဝင်လမ်းကြောင်းမှ စရိတ်စကသက်သာစွာဖြင့် သွားရောက်နိုင်ရေး၊ အလုပ်သမားဥပဒေပါ အခွင့်အရေး အပြည့်အဝရရှိရေး၊ စိုးရိမ်ကြောင့်ကြကင်းပြီး လုံခြုံစွာနေထိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများ စောင့်ရှောက်ရေးဝန်ဆောင်မှု လုပ်ငန်းအတွက် အလုပ်သမားများ စေလွှတ်ခွင့်ကို စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့ပြီးဖြစ်၍ အလုပ်ကမ်းလှမ်းလွှာများ လက်ခံဆောင်ရွက်ပေးနေကြောင်း၊ လုပ်ငန်းခွင်အဆင်ပြေစေရေး၊ အခြား လုပ်ငန်းခွင်သို့ သွားရောက်လုပ်ကိုင်မှု လျော့နည်းရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း မှာကြားခဲ့သည်။

### နားလည်မှုစာချွန်လွှာလက်မှတ်ထိုး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်အဆောက်အအုံတွင် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် NPO-AET တို့ ပူးပေါင်း၍ နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းအစီအစဉ် အထောက်အပံ့ဖြစ်စေရေး၊ အထွေထွေ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် NPO-AET တို့သည် ၂၀၁၃ ခုနှစ်မှစ၍ ကောင်းမွန်သည့်ဆက်ဆံရေး ရှိခဲ့ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနနှင့် NPO - AET တို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းမြေနေရာတွင် နည်းပညာဆိုင်ရာအလုပ်သင် သင်တန်းအစီအစဉ် အထောက်အပံ့ဖြစ်စေရေး၊ အထွေထွေ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတည်ထောင်ပြီး ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကျောင်းမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် ဂျပန်ကုမ္ပဏီများအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းရပ်များကို စီမံချက်နှင့်အညီ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဂျပန်နှင့် မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲပြီး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အထက်လွှတ်တော်အမတ် Mr. Ichiro Aisawa က နှစ်ဖက်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို ဝမ်းမြောက်စွာကြိုဆိုကြောင်း ပြောကြားပြီ NPO-AET မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Akio Kawakami နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နားလည်မှုစာချွန်လွှာကို အပြန်အလှန် လက်မှတ်ရေးထိုးပြီး လွှဲပြောင်းပေးခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေး ဝန်ကြီးဌာန Minister Mr. Takumi Nemoto ဦးဆောင်သော အဖွဲ့နှင့်တာဝန်ရှိသူများအား ဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် သွားရောက်တွေ့ဆုံခဲ့ရာ အလုပ်သင် သင်တန်းသားများအတွက် ထိုက်တန်သော အလုပ်အကိုင်နေရာ ရရှိရေး ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ JICA နှင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့ အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

### သင်တန်းဆင်းလက်မှတ်ထုတ်ပေးလို

ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ ရေးထိုးပြီးနောက် သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများ စောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းကို ခွင့်ပြုပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ အလုပ်သင် သင်တန်းသားများကို ဂျပန်နိုင်ငံ ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အိုလံပစ်အတွက် လိုအပ်သည့် အလုပ်သင် သင်တန်းသားများ ပိုမိုစေလွှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အလုပ်သင် သင်တန်းသားများအတွက် သင်တန်းအောင်မြင်ပြီးမြောက်ကြောင်း သင်တန်းဆင်းလက်မှတ် ထုတ်ပေးစေလိုကြောင်း၊ အခြားကဏ္ဍများတွင်ပါ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့မှ Nagoya မြို့ရှိ CTEC, KTEC သင်တန်းကျောင်းတွင် မြန်မာအလုပ်သင် သင်တန်းသားများကို ကြိုးပမ်းသင်ယူရန်နှင့် လုပ်ငန်းခွင်တွင် ပိုမို ကျွမ်းကျင်မှု ရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကျွမ်းကျင်မှ ယုံကြည်မှုရှိပြီး ကုန်ထုတ်စွမ်းအားတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ဆောင်မှုကောင်းမှ မြန်မာလုပ်သားများကို ပိုမိုခေါ်မည်ဖြစ်ရာ စိတ်ဓာတ်ကောင်းမွန်စွာဖြင့် ဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့သည်။

### နည်းပညာများရယူ

ဆက်လက်၍ ကားပစ္စည်းအစိတ်အပိုင်းထုတ်လုပ်သည့် လုပ်ငန်းခွင်သို့ သွားရောက်ကာ မြန်မာအလုပ်သင် သင်တန်းသား ၁၃ ဦးအား တွေ့ဆုံ အားပေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာအလုပ်သင် သင်တန်းသား များ လက်တွေ့လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံ၏ ဥပဒေလေးစားလိုက်နာ ပြီး နည်းပညာများရယူ၍ မြန်မာနိုင်ငံအတွင်း ပြန်လည်အသုံးပြုနိုင်ရေး၊ ကျန်းမာရေးဂရုစိုက်၍ မိမိစွမ်းရည်မြင့်မားတိုးတက်စေရေး အလေးထားကြိုးစားရန်၊ မိသားစုလွှဲပို့ငွေများကို စနစ်တကျပေးပို့ရေး၊ အခက်အခဲရှိက ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် Chiba မြို့သို့ ထွက်ခွာပြီး ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေး ဝန်ကြီးဌာန လက်အောက်ရှိ Advanced Polytechnic Center သို့ ရောက်ရှိလေ့လာခဲ့ပြီး JICA မှတစ်ဆင့် မြန်မာနိုင်ငံရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် သင်ကြားပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြား၍ သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။ **ခင်ရတနာ**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်) ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် (၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု(အေရိုးဗစ်) ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၂၆ ရက်က ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း Hotels Lexus ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မီဒီယာများ တက်ရောက်ကြသည်။ "ကျွန်မတို့ အမျိုးသမီးတွေရဲ့ကျန်းမာကြံ့ခိုင်သော လူမှုဘဝကို တည်ဆောက်နိုင်ဖို့နဲ့စွမ်းဆောင်မှုစွမ်းရည် မြင့်မားလာဖို့ ရည်ရွယ်ပါတယ်။ အမျိုးသမီးထု ကျန်းမာကြံ့ခိုင်ပါမှ လူမှုစီးပွားတာဝန်တွေကို ထိရောက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပြိုင်ပွဲကိုတော့ အခြေခံကျောင်းတွေကို အခြေခံပြီးတော့ အသက် ၁၂ နှစ်အောက်ပြိုင်ပွဲနဲ့ အသက် ၁၂ နှစ်အထက်ပြိုင်ပွဲဆိုပြီးတော့ အတန်းနှစ်တန်းပါဝင်မှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ထူးခြားတာကတော့ Myanmar Fitness Dance ပြိုင်ပွဲကိုလည်း ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းထားပါတယ်"ဟု မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောသည်။

ယင်းပြိုင်ပွဲတွင် အကြီးတန်းအေရိုးဗစ် ကိုးယောက်တွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် တစ်ဦးချင်း ပြိုင်ပွဲတို့ပါဝင်ပြီး အငယ်တန်းပြိုင်ပွဲတွင်လည်း ကိုးယောက်တွဲ ပြိုင်ပွဲပါဝင်ကြောင်း၊ Myanmar Fitness Dance ပြိုင်ပွဲတွင်လည်း ကိုးယောက်ပါဝင်ပြီး ဆုကြေး ပထမငွေကျပ် ငါးသိန်း၊ ဒုတိယငွေကျပ် သုံးသိန်း၊ တတိယ ငွေကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုမှ အစိုးရနှင့်ပုဂ္ဂလိကအခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့်ဝါသနာရှင်များအပါအဝင် အားကစားသမား ၄၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **အေကေလင်း**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၀၉၅ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၀/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၃ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၃ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၈ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၃ ・ ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၀၇၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ ・ ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၈၄၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ တစ်နှစ်မြောက်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

အချိန်တွေက အကုန်မြန်လှတာ။ လွန်ခဲ့တဲ့တစ်နှစ် နေပြည်တော်မှာ နိုင်ငံတော်အစိုးရဟာ ရခိုင်အရေးနဲ့ ပတ်သက်ပြီး တုံ့ပြန်ဖို့ UEHRD ဆိုတဲ့ အဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်ခဲ့တယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဒုတိယဥက္ကဋ္ဌ။ ဖွဲ့စည်းပြီး ညဘက်မှာ ညစာထမင်းပွဲနဲ့ တည်ခင်းဧည့်ခံခဲ့တယ်။ မကြာမီအတွင်း UEHRD အလုပ်တွေ ဆောင်ရွက်တဲ့နေရာမှာ အသုံးချနိုင်ဖို့ စီးပွားရေးလုပ်ငန်းရှင်တွေက အလှူငွေထည့်ဖို့ ကတိကဝတ် ပြုခဲ့ကြပါတယ်။ ကျွန်တော့်ကို ညှိနှိုင်းရေးမှူးချုပ်အဖြစ် တာဝန်ပေးခဲ့တယ်။ အခုလို တာဝန်ပေးခြင်းခံရတာ ကျေနပ်ဂုဏ်ယူပေမယ့် လုပ်ငန်းတာဝန်ရဲ့အတိမ်အနက်ကို သဘောပေါက်မိခဲ့တယ်။ ဒါပေမယ့် တတ်နိုင်တဲ့ဘက်က ပါဝင်လှုပ်ရှားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အကောင်အထည်ဖော်တဲ့နေရာမှာ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးတွဲညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်တယ်။

### အထူးခြားဆုံးနှစ်ခု

ကျွန်တော်ဟာ ရခိုင်အရေးတွေနဲ့ မစိမ်းပါဘူး။ ၂၀၁၆ ခုနှစ်က မောင်တောဒေသမှာ ကြုံတွေ့ရတဲ့ဖြစ်ရပ်တွေကြောင့် နိုင်ငံတော်အစိုးရက ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်တဲ့ စုံစမ်းရေးကော်မရှင်မှာ အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားခဲ့တယ်။ ရခိုင်ပြည်နယ်ကို သွားရောက်ခဲ့တယ်။ တစ်ဖက်နိုင်ငံကိုလည်း ရောက်ခဲ့ပြီး ဒုက္ခသည်တွေနဲ့ တွေ့ဆုံခဲ့တယ်။ အမှန်တရားထုတ်ဖော်နိုင်အောင် ဆောင်ရွက်ခဲ့ကြပြီး အကြံပေးချက် ၄၈ ချက်ကို အစီရင်ခံစာမှာ ထည့်သွင်းပြီး တင်ပြနိုင်ခဲ့တယ်။ အမှန်တော့ ရခိုင်မြောက်ပိုင်းဒေသကို တက္ကသိုလ်မှာဆရာလုပ်ရင်း ရောက်ခဲ့တယ်။ ဒီတုန်းက စီးပွားရေးတက္ကသိုလ်နဲ့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့တို့ ပူးတွဲပြီး လူမှုစီးပွားရေး သုတေသနဆောင်ရွက်ဖို့ မောင်တောကို ပထမဆုံးအကြိမ် ရောက်ခဲ့တာ။ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်အိမ်တက် တစ်အိမ်ဆင်း လူတွေ့မေးမြန်းမှုတွေ လုပ်ခဲ့တယ်။ မေးခွန်းလွှာတွေ အသုံးချခဲ့တယ်။ အထူးခြားဆုံးနှစ်ခုကို အခုထိမှတ်မိသေးတယ်။ ပထမတစ်ချက်က ကျွန်တော်တို့အဖွဲ့တွေ ရွာထဲဝင်ရင် အမျိုးသမီးတွေကို မတွေ့ရဘူး။ တစ်ယောက်မှ မရှိသလိုပဲ။ ဒါပေမယ့် ကျွန်တော်တို့ အိပ်တဲ့အချိန်မှာ အားလုံးထွက်လာကြပြီး လှုပ်ရှားတာကို သတိပြုမိတယ်။ သူစိမ်းတွေနဲ့ ထိတွေ့မှုကို ရှောင်လိုတဲ့ ယဉ်ကျေးမှု။ ဒုတိယတစ်ချက်က ကျွန်တော်က ထားဝယ်သားမို့ ထားဝယ်အခေါ် ရုပ်ကို နှစ်သက်တယ်။ ခရုကို ခေါ်တာ။ မနက်ကမ်းခြေကို လျှောက်တော့ ရုပ်တွေကအများကြီး။ ကောက်လို့ မနိုင်အောင် များတာ။ ဒီလောက်အရသာရှိတဲ့ ပင်လယ်စာကို ဘာကြောင့် မစားပါလိမ့်လို့ စဉ်းစားမရ ဖြစ်မိတယ်။ နောက်မှ ဘာသာရေး တားမြစ်ချက်တွေကြောင့်ဖြစ်ကြောင်း သိခဲ့တယ်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ အလုပ်တွေ ဆောင်ရွက်ရမှာမို့ ကျွန်တော် မြန်မာနိုင်ငံ စက်မှုလက်မှုနဲ့ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနဲ့ တိုင်ပင်ပြီး အားလုံးပါဝင်တဲ့ အစည်းအဝေးတစ်ရပ်ကို ခေါ်ခဲ့တယ်။ ဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်တွေက စုံစုံညီညီတက်ရောက်ကြတယ်။ ကျွန်တော်ကလည်း သူတို့အထိရောက်ဆုံး စည်းရုံးနိုင်မယ့် မဟာဗျူဟာကို စဉ်းစားပြီး အလုပ်အဖွဲ့(Task Force) (၉)ရပ်ကို ဖွဲ့စည်းဖို့ အကြံပြုခဲ့တယ်။ တက်ရောက်လာတဲ့သူတွေက သဘောတူကြပြီး ဖွဲ့စည်းခဲ့တယ်။

> " တစ်နှစ်မြောက် အခမ်းအနားကို မနေ့က နေပြည်တော်မှာ ကျင်းပခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ပြီး မှဒိတာစကား ပြောကြားခဲ့တယ်။ အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့တယ်။ သူ့ရဲ့စကားကြားရတဲ့ လုပ်ငန်းရှင်တွေအတွက် အားဆေးတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်က တစ်နှစ်တာ ခရီးနဲ့ပတ်သက်ပြီး ဗီဒီယိုပြသခဲ့တယ်။ အမှန်တော့ တစ်နှစ်အတွင်း ကျွန်တော်တို့ လုပ်ငန်းမျိုးစုံကို လုပ်နိုင်ခဲ့ "

ဆောက်လုပ်ရေးနဲ့ အခြေခံအဆောက်အအုံအလုပ်အဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ သားငါးအလုပ်အဖွဲ့၊ စီးပွားရေးဇုန်အလုပ်အဖွဲ့၊ သက်မွေးဝမ်းကျောင်းအလုပ်အဖွဲ့၊ အသေးစားနဲ့ အလတ်စားစီးပွားရေးအလုပ်အဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအလုပ်အဖွဲ့၊ အင်တာနက်ကတစ်ဆင့် အလှူငွေစုစည်းတဲ့ အလုပ်အဖွဲ့၊ ကျန်းမာရေးအလုပ်အဖွဲ့နဲ့ ဆက်သွယ်ပြန်ကြားရေးအလုပ်အဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့တယ်။ အတွင်းရေးမှူးအဖွဲ့တာဝန်များကို ကုန်သည်အသင်းကြီးက တာဝန်ယူပေးဖို့ ကတိပေးခဲ့တယ်။

### လုပ်ငန်းတွေ စတင်တဲ့အချိန်

ကျွန်တော်တို့လုပ်ငန်းတွေ စတင်တဲ့အချိန်မှာ အရေးပေါ်အနေနဲ့ စပါးရိတ်သိမ်းတဲ့အလုပ်တွေကို လုပ်ခဲ့ရတယ်။ စီးပွားရေးလုပ်ငန်းရှင်များ အကူအညီနဲ့ စက်တွေသုံးပြီး ရိတ်သိမ်းခဲ့တယ်။ အခုလို ဆောင်ရွက်တာကို ဝေဖန်ခံရပြန်တယ်။ ပိုင်ရှင်မရှိတော့တဲ့ စပါးတွေကို အခုလိုလုပ်တာက အပြစ်တင်ကြသလို တစ်ဖက်ကလည်း လူ့အဖွဲ့အစည်းတစ်ရပ်ကိုသာ လုပ်ပေးပြီး ကျန်တဲ့လူ့အဖွဲ့အစည်းတွေကို မလုပ်ပေးတာကို အပြစ်တင်ကြတယ်။

တစ်ဖက်နိုင်ငံကို ရောက်သွားတဲ့သူတွေ ပြန်လည်လက်ခံရေးအတွက် ကြိုဆိုရေးစခန်းနှစ်ခုနဲ့ ပြန်လည်နေရာချထားရေး စခန်းတစ်ခုကို စတင်တည်ဆောက်ခဲ့ကြတယ်။ အခုလို ဆောင်ရွက်ရာမှာလည်း ပွင့်လင်းမြင်သာမှုရှိအောင် ကြိုးစားခဲ့တယ်။ ဒေသခံ လုပ်ငန်းရှင်များကို အခွင့်အရေးပေးနိုင်ရေးကိုလည်း စည်းရုံးခဲ့ရတယ်။ စရိတ်စက ထိန်းသိမ်းရေး ဆောင်ရွက်ရတာ တစ်ဖက်၊ အရည်အသွေးမီအောင် ကြိုးစားရတာတစ်ဖက်၊ ရန်ကုန်က ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပုံစံအမျိုးမျိုးနဲ့ ကူညီကြပါတယ်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအဖွဲ့ဝင်များကလည်း ပါဝင်ကြတယ်။ အဆောက်အအုံတွေ တည်ဆောက်တဲ့နေရာမှာ လိုအပ်တဲ့ လုပ်သားတွေရအောင် ကြိုးပမ်းခဲ့ရတယ်။ Asia World ကုမ္ပဏီကြီးက စစ်တွေ-မောင်တော လမ်းမကြီးကို ပြင်ဆင်ပေးခဲ့တယ်။

ကျန်းမာရေးအလုပ်အဖွဲ့ဟာ ဆရာဝန်များ၊ ဆေးရုံများ၊ ပညာရှင်များကို စုစည်းပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးခဲ့တယ်။ ချေးငွေတွေကိုလည်း အသေးစား၊ အလတ်စား ကုမ္ပဏီတွေကို ထုတ်ချေးနိုင်ခဲ့တယ်။ အင်တာနက်က တစ်ဆင့် ပြည်တွင်း ပြည်ပမှ အလှူခံနိုင်ခဲ့တယ်။ အခုလိုလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ တာဝန်ရှိသူများက လိုလေသေးမရှိအောင် အကူအညီပေးခဲ့ပါတယ်။

### လိုလိုချင်ချင် လုပ်ပေးကြ

အခုလို ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အပြောနဲ့မဟုတ်ဘဲ အလုပ်နဲ့ပြသဖို့" သတိပေးခဲ့တယ်။ တစ်ဖက်ကလည်း တတ်နိုင်သမျှ ခြိုးခြိုးခြံခြံလုပ်ပြီး မလိုအပ်တဲ့ အသုံးစရိတ်တွေ မသုံးစွဲဖို့ မှာကြားခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော်က လုပ်ငန်းအဖွဲ့တွေကို တစ်ဆင့်အကူအညီတောင်းခဲ့တယ်။ အလှူငွေတွေကို တတ်နိုင်သမျှ ထိရောက်အောင်သုံးပြီး ခရီးစရိတ်နဲ့ အခြားစရိတ်တွေကို ကိုယ်ပိုင်အသုံးစရိတ်အဖြစ် ဆောင်ရွက်ပေးဖို့ တောင်းခံခဲ့တယ်။ အားလုံးကလည်း လိုလိုချင်ချင် လုပ်ပေးကြပါတယ်။

ရခိုင်အရေးနဲ့ ပတ်သက်လာရင် နိုင်ငံတကာဖိအားမျိုးစုံကို ရင်ဆိုင်ခဲ့ရတယ်။ ဒါကြောင့်လည်း အဖြစ်မှန်ကို ရှင်းပြနိုင်ဖို့ ဆွစ်ဇာလန်၊ ဂျာမနီ၊ ပြင်သစ်နဲ့ ဘယ်လ်ဂျီယံနိုင်ငံတွေကို သွားရောက်ပြီး UEHRD ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ရှင်းလင်းခဲ့ပါတယ်။ ခက်ခဲလှတဲ့ မေးခွန်းတွေကို ဖြေဆိုခဲ့ရတယ်။ နိုင်ငံတကာမျက်နှာစာကို တုံ့ပြန်နိုင်ဖို့အလုပ် အသစ်တစ်ခုဖြစ်တဲ့ နိုင်ငံတကာဆက်ဆံရေးအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းခဲ့တယ်။

UEHRD မှာ အဓိကတာဝန်သုံးရပ် ရှိပါတယ်။ လူသားချင်းစာနာမှု၊ ပြန်လည်နေရာချထားရေးနဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေဖြစ်တယ်။ ဒီတာဝန်သုံးရပ်ဟာ ဆက်စပ်နေတယ်။ အမှန်တော့ ရခိုင်ဟာ စီးပွားရေးအရ အခွင့်အလမ်းတွေ ပြည့်စုံလှတဲ့ ဒေသဖြစ်တယ်။ သယံဇာတပေါကြွယ်ဝပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေ နှစ်သက်တဲ့ ငပလီကမ်းခြေနဲ့ မြောက်ဦးယဉ်ကျေးမှုဒေသ။ ဓာတ်ငွေ့ထွက်ရှိတဲ့ ကမ်းလွန်ပင်လယ်အရပ်။ ပင်လယ်ကို အခြေပြုနိုင်မယ့် စီးပွားရေးအခွင့်အလမ်း။ ဒီအခွင့်အရေးတွေကို အသုံးချနိုင်ရင် ရခိုင်ပြည်နယ်ဟာ ဖွံ့ဖြိုးမှုမြင့်မားနိုင်မယ့် ဒေသတစ်ခု။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုနိုင်မယ့်ဒေသ။

### ပူးပေါင်းလှုပ်ရှားမှု

တစ်ဖက်နိုင်ငံကို ထွက်ခွာသွားတဲ့သူတွေရှိသလို ကိုယ့်ဒေသမှာ လူ့အသိုင်းအဝိုင်းတွေ အေးချမ်းစွာ နေထိုင်နေတာလည်း ရှိကြတယ်။ အခုလို သင့်မြတ်စွာ နေထိုင်ကြသူတွေကို ကျွန်တော်တို့ အာရုံစိုက်ပြီး ကူညီသွားရမှာဖြစ်ပါတယ်။

တစ်နှစ်မြောက် အခမ်းအနားကို နေပြည်တော်မှာ ကျင်းပခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ပြီး မှဒိတာစကားပြောကြားခဲ့တယ်။ အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့တယ်။ သူ့ရဲ့စကားကြားရတဲ့ လုပ်ငန်းရှင်တွေအတွက် အားဆေးတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်က တစ်နှစ်တာ ခရီးနဲ့ပတ်သက်ပြီး ဗီဒီယိုပြသခဲ့တယ်။ အမှန်တော့ တစ်နှစ်အတွင်း ကျွန်တော်တို့ လုပ်ငန်းမျိုးစုံကို လုပ်နိုင်ခဲ့တယ်။ ဒါပေမယ့် UEHRD ရဲ့ ဆောင်ရွက်မှုတွေဟာ နိုင်ငံတော်အစိုးရရဲ့ အလုပ်တွေ၊ ဝန်ကြီးဌာနတွေရဲ့ အလုပ်တွေ၊ ရခိုင်ပြည်နယ်အစိုးရရဲ့အလုပ်တွေကို တစ်ဖက်တစ်လမ်းက ဖြည့်စွက်ပံ့ပိုးမှုသာ ဖြစ်ပါတယ်။ ပမာဏအနေနဲ့ သေးလှပါတယ်။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းရှင်များရဲ့ စေတနာ၊ အင်အားနဲ့ ဆောင်ရွက်ချက်တွေကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အမှန်တော့ UEHRD ဟာ PPP လို့ ခေါ်တဲ့ အစိုးရရဲ့ ပုဂ္ဂလိကကဏ္ဍနှစ်ရပ်ရဲ့ ပူးပေါင်းလှုပ်ရှားမှုကို သရုပ်ဖော်ခြင်းသာ ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိသေးပါတယ်။ ဒါပေမယ့် အဖွဲ့သားတွေဟာ တာဝန်ကျေပွန်စွာနဲ့ ဆက်လက်ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားပါတယ်။ အခုလို လုပ်ခွင့်ပေးတာကိုလည်း ဂုဏ်ယူလျက်ရှိပါတယ်။ ။

---

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် အလွတ်တန်းဓာတ်ပုံနှင့် စာပေဆိုင်ရာပြိုင်ပွဲများအတွက် ဆုငွေစာရင်းထုတ်ပြန်

**တောင်ကြီး အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်၏ တောင်ကြီးမြို့တွင် နှစ်စဉ်ရိုးရာအစဉ်အလာမပျက် ကျင်းပသော မဟာဘုံကထိန်ပွဲနှင့် တောင်ကြီးတန်ဆောင်တိုင်နှင့် ပတ်သက်သည့် အထောက်အထား၊ သမိုင်းဆိုင်ရာအချက်အလက်များကို ခရီးသွားပြည်သူများ သိရှိစေရန်နှင့် စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလွတ်တန်းဓာတ်ပုံပြိုင်ပွဲတွင် ခေါင်းစဉ်လေးမျိုး၊ စာပေဆိုင်ရာပြိုင်ပွဲတွင် ခေါင်းစဉ်လေးမျိုး သတ်မှတ်ပေးထားပြီး ခေါင်းစဉ်တစ်ခုချင်းအလိုက် ဆုများ သတ်မှတ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အလွတ်တန်း ဓာတ်ပုံပြိုင်ပွဲတွင် မြို့လုံးကျွတ်ဘုံကထိန်ပဒေသာပင် လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ကပ်လှူပွဲ၊ မီးပဒေသာပင် လှည့်လည်ပူဇော်ပွဲ၊ နေ့လွှတ်တစ်ကောင်ချင်း၊ အုပ်စုအရုပ်၊ ယမ်းမီးကြီးညလွှတ်နှင့် ညလွှတ် စိန်နားပန်၊ ပွဲတော်ရှုခင်း၊ ကွင်းဖွင့်ပွဲ စသည့် ခေါင်းစဉ်လေးမျိုး သတ်မှတ်ပေးထားပြီး ခေါင်းစဉ်တစ်ခုချင်းစီ အတွက် ပထမဆု ငွေကျပ် လေးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆု နှစ်ဆု အတွက် ငွေကျပ်တစ်သိန်းစီအား လည်းကောင်း၊ စာပေဆိုင်ရာ ပြိုင်ပွဲ အမျိုးအစားများဖြစ်သော ဆောင်းပါးပြိုင်ပွဲ၊ ဝတ္ထုပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ စသည့်ခေါင်းစဉ်လေးမျိုး သတ်မှတ်ထားပြီး ဆောင်းပါးနှင့်ဝတ္ထုပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် နှစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် နှစ်သိမ့်ဆု နှစ်ဆု အတွက် ငွေကျပ် တစ်သိန်းစီအားလည်းကောင်း၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲအတွက် ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆု နှစ်ဆုအတွက် ငွေကျပ်သုံးသောင်းတို့ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီမှ သိရသည်။

အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း ၀၈၁-၂၁၂၁၃၆ နှင့် ၀၉-၄၂၅၂၇၂၀၅၄ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

---

# အင်ကြင်းကျောက်လုပ်ငန်း ရပ်ဆိုင်းခံရ၍ ဒေသခံများ စားဝတ်နေရေးခက်ခဲ

**နွားထိုးကြီး အောက်တိုဘာ ၂၈**

နွားထိုးကြီးမြို့နယ်ထွက် အင်ကြင်းကျောက်များ ပြည်ပတင်ပို့မှုကို ရပ်ဆိုင်းခံနေရသည်မှာ လချီကြာမြင့်နေ၍ ဒေသခံအင်ကြင်းကျောက်သွေးလုပ်သားများ၊ အင်ကြင်းကျောက် တူးဖော်သူများ၊ အင်ကြင်းကျောက်အရောင်းအဝယ်လုပ်သူ ၂၀၀ ခန့်မှာ အလုပ်လက်မဲ့ဖြစ်ပြီး စားဝတ်နေရေးခက်ခဲနေကြောင်း သိရသည်။

အင်ကြင်းကျောက်ကို အချောကိုင်၍ လည်းကောင်း၊ အင်ကြင်းကျောက်လူသုံးကုန်ပစ္စည်းများထုတ်လုပ်၍ လည်းကောင်း၊ အင်ကြင်းကျောက်ကုမ္ပဏီ တစ်ခုလျှင် အင်ကြင်းကျောက် ၃၅ တန်မှ တန် ၉၀ အထိ သတ္တုတွင်းလုပ်ငန်းက နိုင်ငံခြားပို့ကုန်အဖြစ် ခွင့်ပြုထားရာမှ ပိတ်ပင်ခံရခြင်းဖြစ်သည်။

နွားထိုးကြီးမြို့တွင် အင်ကြင်းကျောက် ကုမ္ပဏီ ၂၀ ကျော် ရှိရာမှ အများဆုံးပို့နိုင်သော ကုမ္ပဏီမှာ ငါးခုခန့် ရှိနေသည်။ ဒေသထွက်အင်ကြင်းကျောက်ကို တရုတ်သို့ တိုက်ရိုက်ပို့၍ လည်းကောင်း၊ အွန်လိုင်းဈေးကွက်မှ လည်းကောင်း အရောင်းအဝယ်ဖြစ်နေရာမှ ယခုကဲ့သို့ ကျောက်တင်ပို့မှု အပိတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

---

## ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# အားလုံးရဲ့ ပုဂံ

ခင်ရတနာ၊ ဓာတ်ပုံ - ထိန်နန်နော်၊ မေဦးမိုး



**ဘုရားဖူးခရီးစဉ်**

တစ်ညလုံးအပြင်းနှင်လာခဲ့သည့် ခရီးတစ်ခုက ရည်မှန်းရာဆီ ရောက်လုနီးပြီ။ မုန်တိုင်းကြောင့် မိုးပြေးတို့ တဖွဲဖွဲကြွေကျထားသည်မို့ အညာဒေသ၏ အပူပိုင်းဇုန်မှ သစ်ပင်များက စိမ်းစိမ်းစိုစိုဖြင့် နံနက်ခင်းကို အားဖြည့်ထားသည်။ ကျောက်ပန်းတောင်းလမ်းခွဲမှသည် ပုဂံညောင်ဦးသို့ ရောက်လာခဲ့ပြီး ပုဂံမြို့သစ်သို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဟိုမှာဒီမှာ မြင်မြင်သမျှက ကြည်နူးစရာပင်။ ဘုရားပုထိုးအဆူဆူတို့ကို နံနက်စောစောမိုးနှင်းမြူများကြားက မြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။

ခရီးစဉ်သည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ သတင်းစဉ်နှင့် ရုံးချုပ်တို့မှ ဝန်ထမ်းမိသားစုများ အပန်းဖြေရေးအတွက် ဌာနမှ စီစဉ်ပို့ဆောင်ပေးသည့် သီတင်းကျွတ်ကာလ ဘုရားဖူးခရီးစဉ်တစ်ခုဖြစ်သည့်အားလျော်စွာ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၊ မိသားစုများ စုစည်းပျော်ရွှင်စွာ သွားလာခွင့်ရသည့်ခရီးမို့ အားလုံးက အပျော်ကိုယ်စီနှင့်။

ထောင်သောင်းမကသော ပြည်တွင်းခရီးသွားများက ပုဂံမြို့၏ နံနက်စောစောမှာပင် ပျားပန်းခပ်နေသည်။ နိုင်ငံခြားသား ခရီးသွားများကိုလည်း အမြောက်အမြား မြင်တွေ့ရသည်။ ဘုရားဖူးရာသီအစ သီတင်းကျွတ်ပိတ်ရက်မို့ ပြည်တွင်းခရီးသွားအရေအတွက်က ပုံမှန်ထက် အဆများစွာ ပိုများနေသည်။ တုရင်တောင်ခြေတွင် ခရီးစဉ်အစအဖြစ် ဝန်ထမ်းမိသားစုများ စတင်ခြေချမိသည်။ ထို့နောက် တုရင်တောင်ပေါ်ရှိ စွယ်တော်မြတ်ဌာပနာရာ ရှေးဟောင်းဘုရားမှသည် ထင်ရှားသည့် အာနန္ဒာ၊ လောကနန္ဒာ၊ ထီးလိုမင်းလို၊ ဗူးဘုရား၊ ဂူပြောက်ကြီး၊ ဓမ္မရံကြီး၊ အလိုတော်ပြည့်၊ ငှက်ပစ်တောင် အစရှိသည့် ဘုရားအဆူဆူတို့ကို တစ်နေကုန်လှည့်လည်ကာ တပျော်တပါး ဖူးမြော်ခွင့်ရရှိခဲ့သည်မှာ ပျော်စရာကောင်းသကဲ့သို့ စိတ်လှုပ်ရှားဖွယ်ရာလည်းဖြစ်သည်။

**ရှေးဟောင်းမြို့တော်ကြီး**

ပုဂံသည် မြန်မာတို့၏ နှလုံးသည်းပွတ်ဖြစ်သကဲ့သို့ မြန်မာတို့၏ ကိုယ့်ထီးကိုယ့်နန်းဖြင့် နေထိုင်ခဲ့ကြသော နေလိုလလို ထွန်းလင်းတောက်ပခဲ့သည့် အတိတ်၊ ဘာသာတရားကို ရိုသေကိုင်းရှိုင်းခဲ့ကြသည့်သာဓကအဖြစ် ကြည်ညိုဖွယ်ရာ လက်ညှိုးထိုးမလွဲ ဘုရားစေတီပုထိုးများ၊ ရှေးဟောင်းအုတ်မြို့ရိုးကြီးနှင့် သရပါတံခါး၊ များပြားလှစွာသော အတိတ်သမိုင်းကြောင်းများ၊ ကြည်နူးဖွယ်ရာ ဒေသခံတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယနေ့တိုင် ခိုင်ခံ့စွာတည်ရှိနေသေးသည့် ရှေးခေတ်အမွေအနှစ် အတတ်ပညာများ၊ မြန်မာတို့၏ ပန်းဆယ်မျိုးကို တစ်စုတစ်စည်းတည်း မြင်တွေ့လေ့လာနိုင်သည့် အနုသုခုမလက်ရာများ၊ ရေကို မမြင်ရတော့သော်လည်း အတိတ်သမိုင်းတွင် အထင်အရှားရှိခဲ့ပြီး ယနေ့တိုင် သာယာစိမ်းလန်းစွာဖြင့် တုရင်တောင်ပေါ်မှ မြင်တွေ့ရသည့် မဟာနန္ဒာကန်တော် စသည်စသည်ဖြင့် ပုဂံသည် အတိတ်ကာလတစ်ခုက အောင်မြင်မှု၊ တိုးတက်ကြီးပွားမှု၊ ခံ့ညားထည်ဝါမှုတို့ကို ယနေ့တိုင် ထုပ်ပိုးသယ်ယူထားသည့် ရှေးဟောင်းမြို့တော်ကြီးဖြစ်သည်။

အာနန္ဒာဘုရားကြီးအနီးရှိ အများပြည်သူ အေးချမ်းစွာနားနေနိုင်ရန် ကူညီပေးသည့် ဘုန်းတော်ကြီးကျောင်းများတွင် ခေတ္တနားခိုရင်း အေးမြသောတမာပင်ရိပ်အောက်မှ လှမ်းမျှော်ကြည့်ကာ ပုဂံခေတ်၏ မြင်ကွင်းတစ်ခုကို ပုံဖော်မိသည်။ မိနစ်ပိုင်းအတွင်းက ဖူးမြော်ခွင့်ရခဲ့သည့် လောကနန္ဒာစေတီအနီး လှေဆိပ်သို့ ဦးတည်လာခဲ့ဖူးသည့် ဧရာဝတီမြစ်ပြင်ကျယ်အတွင်းမှ လှေကလေးတစ်စင်း။ ရွှေနန်းရှင်ထံနားတော်သွင်းရန် စကားလုံးများကို နှလုံးသားတွင်စာစီရင်းက မြစ်ပြင်ကျယ်တွင် ရွက်လွှင့်လာသည့် အုတ်လှငယ်၏ လှေကလေးကို မြင်ယောင်လာမိသည်။ အကြိုထောက်သည့်မြင်းသည်တော်၏ အမေးကို မဖြေဘဲ အုတ်လှငယ်ပြန်ရောက်ပါပြီအရှင်ဟုသာ သံတော်ဦးတင်ရန် အမှာပါးလိုက်ခြင်းကြောင့် မင်းဧကရာဇ်၏ အမျက်တော်ကိုခံယူရမည်မှန်း သိသည်။ သို့သော် စစ်ပွဲအောင်နိုင်သည့်သတင်းကောင်းကို သူ့အသက်ပေး၍ ထမ်းဆောင်နေသည့် ရေမြွေအရှင်ထံ ကိုယ်တိုင်လျှောက်တင်ရမည်ကိုသာ သူမျှော်လင့်သည်။ နန်းရင်ပြင်ထက်ကို ဖြေချလိုက်သည့် အုတ်လှငယ်၏ ဦးပေါင်းအဝတ်တွင် သန်းတရွရွနှင့် ဆံပင်အထွေးထွေးတို့က သက်သေပြနေကြသည်။ ဘဝတစ်လျှောက်လုံး ဦးဆွေးဆံမြေ့ တာဝန်ကျေခဲ့သည့် သက်သေတို့က အရှင်၏အမျက်တော်ကို ပျက်ပြယ်စေကာ ချက်ချင်းပင်ပြုစုသူကောင်း ပြုခံခဲ့ရခြင်းထက် အရှင်မင်းကြီး၏ ယုံကြည်ကိုးစားခြင်းကို ခံစားခဲ့ရသည်က ပို၍ကြီးကျယ်နေခဲ့ပါလိမ့်မည်။

မြောက်မြားစွာသော အတိတ်၏သမိုင်းကြောင်းများသည် နှောင်းလူတို့အတွက် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည်။ ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းသလို သံဝေဂရဖွယ်၊ အတုယူလိုက်နာဖွယ်၊ ရှောင်ကြဉ်မှတ်သားဖွယ်များစွာလည်း ရှိသည်။ ရှေးဟောင်းမြို့တော်ပုဂံသည် ယနေ့မြန်မာနိုင်ငံသားအားလုံး၏ အဖိုးတန် အမွေအနှစ်တစ်ရပ်ဖြစ်ရာ ကမ္ဘာကအသိအမှတ်ပြုသည့် ကမ္ဘာ့အမွေအနှစ်တစ်ရပ် ဖြစ်လာစေရန်လည်း ကြိုးပမ်းနေကြသည်ကို တွေ့ရသည်။ ပုဂံသို့ရောက်ဖူးသူတိုင်း ပုဂံ၏ အနုသုခုမလက်ရာများကြောင့် အံ့သြဘနန်း ဖြစ်ကြရသည်။ ဂုဏ်ယူကြရသည်။ ပျော်ရွှင်ကြရသည်။ ကြည်နူးကြရသည်။ ဘုရားအရိပ် ကုသိုလ်အရိပ်များကြောင့် အေးချမ်းကြရသည်။ ယင်းအရာများသည် အားလုံးနှင့်သက်ဆိုင်ပြီး ယခုထက်ပိုမိုပြည့်စုံသည့် မြန်မာတို့၏ ယဉ်ကျေးမှု ဘဏ္ဍာတိုက်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အားလုံးတွင် တာဝန်ရှိသည်ဟု ခံယူမိပါသည်။

**ပုဂံမှ သန့်ရှင်းရေးကမ်ပိန်းများ**

ထင်ရှားသည့်စေတီပုထိုးများတွင် ဘုရားဖူးများ လာရောက်ချိန်များအတွင်း အမှိုက်ကောက်ကြသည့် လူငယ်အဖွဲ့များကို မြင်တွေ့ရသည်။ ပုဂံကဲ့သို့သော ခရီးသွားများကို အားကိုးရသည့် ဒေသများတွင် အမှိုက်ပြဿနာသည် ဖြေရှင်းရခက်ခဲပြီး စနစ်တကျစွန့်ပစ်ကြရန်အတွက် လေ့ကျင့်ပညာပေးမှု အထူးလိုအပ်သည်ကို မြင်တွေ့ရသည်။ ဘုရားများတွင် အသံချဲ့စက်မှ တစ်ဆင့် အမှိုက်များ၊ ပလတ်စတစ်အိတ်များကို စနစ်တကျ စွန့်ပစ်ကြပါရန် နှိုးဆော်တိုက်တွန်းသံကို မပြတ် ကြားနေရသည်။ သို့သော် ဘုရားဖူးအများစုကမူ မကြားသလို၊ ကိုယ်နှင့်မဆိုင်သလို ဖြစ်နေသေးသည်။ နေ့စဉ်စားသုံးနေကြသည့် အစားအသောက်များ အားလုံးနီးပါးသည် အသင့်စား အစားအစာများဖြစ်ခြင်းကြောင့် ပလတ်စတစ်အမှိုက်များက ပိုမိုထွက်လာနေကြောင်း၊ သိမ်းဆည်းမှုကို နေ့စဉ် အချိန်ပြည့်နီးပါး လုပ်ဆောင်နေသော်လည်း၊ သတိပေးနေသော်လည်း အမှိုက်ပစ်သူများ၏ ပူးပေါင်းပါဝင်မှုကိုတော့ ကျေနပ်ဖွယ်ရာမမြင်တွေ့ရသေးကြောင်း ပုဂံမြို့တွင် သန့်ရှင်းရေးကမ်ပိန်းများ ပြုလုပ်နေသူ ဒေသခံတစ်ဦးက ပြောသည်။

အများသုံးအိမ်သာများသည်လည်း ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက တိုးပွားလာခဲ့သည်ကို မြင်တွေ့ရသည်။ သို့သော် သန့်ရှင်းရေးပိုင်းတွင် အားနည်းနေဆဲ၊ အများစုသော ခရီးသွားများ၏ အကူအညီကို လိုအပ်နေသေးဆဲဟု ခံစားရသည်။ အိမ်သာများတွင် ခြေလက်များဆေးကြသဖြင့် ဗွက်ပေါက်နေသည့် အိမ်သာခန်းများ၊ အညစ်အကြေးများကို စနစ်တကျ




ပြန်လည်သန့်ရှင်းရေးတွင် အားနည်းနေသည့် လက္ခဏာများနှင့် အိမ်သာအများစုမှာ အဆင်းတွင် လက်ဆေးကန်များမထားရှိခြင်းတို့ကလည်း ခရီးသွားများအတွက် လိုအပ်ချက်ဖြစ်နေသေးသည်ကို မြင်တွေ့ရသည်။

**အစားအစာနှင့် သန့်ရှင်းမှု**

ယနေ့ပုဂံတွင် အစားအစာရောင်းချသည့် စားသောက်ဆိုင်များ၊ ရိုးရာစားသောက်ဖွယ်ရာများ အများအပြား ရောင်းချနေကြသည်ကို မြင်ရသည်။ လတ်ဆတ်သန့်ရှင်းသည့် စားသောက်ဖွယ်ရာများကို စနစ်တကျတည်ခင်းရောင်းချသည့်အခါ စားသုံးသူများ၏ ကျေနပ်နှစ်သိမ့်မှုကို ရရှိကြစမြဲဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းတွင် အစားအသောက် ပြင်ဆင် ချက်ပြုတ်မှုနှင့် တည်ခင်းမှုသည် အလွန်အရေးကြီးသည်။ ပုဂံတွင် နိုင်ငံခြားသား ခရီးသွားအချို့နှင့် အဆင့်မြင့်မြင့် ခရီးသွားလိုသူများအတွက် များစွာအဆင်ပြေနေပြီဖြစ်သည်။ ပြည်တွင်းခရီးသွားများအတွက်မူ ဒေသထွက်ကုန်များနှင့် အစားအစာများကို တည်ခင်းရောင်းချနေသည်မှာ လိုအပ်ချက်များရှိနေသေးသည်ဟု ခံစားမိသည်။ အညာဒေသထွက်ကုန် ထန်းလျက်မျိုးစုံတို့ကို ဖုန်တထောင်းထောင်း၊ ယင်တလောင်းလောင်း မဖြစ်စေရေးအတွက် စနစ်တကျ ထုပ်ပိုးရောင်းချခြင်းဖြင့် အဆင့်မြှင့်တင်ဖို့ လိုအပ်နေသည်ဟု ယူဆရသည်။

ထိုင်းနိုင်ငံ၏ရိုးရာအစားအစာဟု အသိများသည့် ယိုးဒယားသင်္ဘောသီးထောင်းကို နေရာအနှံ့ လက်တွန်းလှည်းဆိုင်များဖြင့် ရောင်းချနေကြသည်ကို ပုဂံတွင် မြင်ရသည်။ အပူပိုင်းဒေသဖြစ်သော်လည်း မြေဆီသြဇာကောင်းမွန်သည့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပားဒေသများတွင် ဒေသထွက်ကုန်သီးနှံ၊ သစ်သီးဝလံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရာ ကိုယ်ပိုင်ဒေသစာစစ်စစ်ကို ဆန်းသစ်သည့်အသွင်အပြင်ဖြင့် ရောင်းချနိုင်ရန်လည်း ကြိုးပမ်းသင့်သည်။ ရေချိုငါး၊ ပုစွန် အကြော်အလှော်များသည်လည်း လတ်ဆတ်သန့်ရှင်းရန်နှင့် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် သန့်ရှင်းမှု၊ လတ်ဆတ်မှု အပြည့်ပေးနိုင်ရန် လိုအပ်သည်။

**လက်အလှဆင်ခြင်းနှင့် ပုဂံရောက်အမှတ်တရ**

လက်ပေါ်တွင် ကနုတ်လက်ရာများ၊ ယွန်းပန်းချီများကို ဆေးမင်နှင့်ရေးခြယ်ကာ အလှဆင်မှုအမျိုးမျိုးကို မိနစ်အနည်းငယ်အတွင်းပြုလုပ်နိုင်သည့် နေရာအတော်များများကို ပုဂံတွင် တွေ့ရသည်။ ဈေးနှုန်းမှာလည်း ကျပ် ၁၀၀၀ မှ ၅၀၀၀ အထိ အမျိုးမျိုးရှိသည်။ ကျွမ်းကျင်ရာလိမ္မာဆိုသကဲ့သို့ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းသစ်တစ်ခုဖြစ်ပြီး စနစ်တကျ သေသပ်စွာ ဝတ်စားဆင်ယင်မှုဖြင့် ဝန်ဆောင်မှုပေးရန်လည်း တိုက်တွန်းထားကြောင်း ဒေသခံများထံမှ သိရသည်။

ချည်ထည်များပေါ်တွင် ပုဂံရောက်အမှတ်တရဟု ရိုက်နှိပ်ထားသည့် အင်္ကျီများနှင့် ပေါ့ပေါ့ပါးပါး ချည်ဘောင်းဘီပွပွများသည် ပုဂံရောက်သူများ မဖြစ်မနေ ဝယ်ယူဝတ်ဆင်ကြသည့် အမှတ်အသားတစ်ခုဖြစ်သည်။ ရာသီဥတုပူပြင်းသည့် အရပ်ဒေသမို့ ခရီးသွားများအတွက် လွယ်ကူစွာဝတ်ဆင်နိုင်ခြင်းနှင့် ဈေးနှုန်းသက်သာခြင်းတို့ကြောင့် ဝယ်ယူကြသော်လည်း အင်္ကျီ များ၏ အရည်အသွေးမှာမူ များစွာ နိမ့်ကျနေသေးသည်။ အရည်အသွေးနိမ့်၊ ဈေးနှုန်းအနိမ့်ရှိသလို အရည်အသွေးမြင့်၊ ဈေးနှုန်းအမြင့်တို့ကိုလည်း ထားရှိရောင်းချခြင်းဖြင့် ဝယ်ယူသူတို့အတွက် ရွေးချယ်ခွင့် များလာစေနိုင်ပါသည်။ ထိုင်းနိုင်ငံသို့ ခရီးသွားပါက ယင်းဝတ်စုံများနှင့် ခပ်ဆင်ဆင်တူညီသည့် ဝတ်စုံများကို အလွယ်တကူဝယ်ယူနိုင်ပြီး အရည်အသွေးနှင့် ကြာရှည်ခံမှုတွင်လည်း ပုဂံအမှတ်တရဝတ်စုံများနှင့် များစွာ ကွာခြားမှုရှိသည်ကို တွေ့ရသည်။

**ယနေ့ပုဂံနှင့် ခရီးသွားလုပ်ငန်း**

ရှေးခေတ်မှတ်တမ်းမှတ်ရာ အပြည့်အစုံဖြင့် စာရေးသူတို့၏ ရာဇဝင်ထဲကပုဂံသည် လေ့လာစရာ အလွန်ပေါများလှသည်။ လေ့လာ၍မကုန်နိုင်အောင်ပင် များပြားလှသည့် ခေတ်အဆက်ဆက် သမိုင်းဆိုင်ရာ အထောက်အထားများစွာရှိသည်။ မြန်မာမှန်လျှင် ပုဂံအကြောင်းကို အနည်းနှင့်အများ သိရှိမှတ်သားဖူးကြသည်။ သို့သော် တန်ဖိုးထားမြှင့်တင်ကြရန်အတွက်မူ စုပေါင်းအင်အား လိုအပ်နေပြီဖြစ်သည်။ ဘုရားပုထိုးအချို့သည် ဟိုတယ်အချို့၏ရပ်ဝန်းအတွင်း ကျရောက်နေပြီး အချို့သော ပုဂ္ဂလိကပိုင်မြေများကို တူးဖော်ရာတွင်လည်း ရှေးခေတ်အုတ်ချပ်များကို အုတ်တံတိုင်းအပြင်တွင် စုပုံထားသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်။

အလွန်အဖိုးတန်သည့် ရှေးဟောင်းအမွေအနှစ်များသည် ယနေ့ပုဂံ၏ မြေလွှာအောက်တွင် ရှိနေနိုင်ပြီး အားလုံးသည် နိုင်ငံနှင့်သက်ဆိုင်သည့်ပုံရိပ်များဟု ထင်မြင်မိပါသည်။ ယခုအခါ ပုဂံဒေသ၏ မြေယာပြဿနာများနှင့် စေတီပုထိုးများ ပြန်လည်ပြင်ဆင်ပြုပြင်ခြင်း လုပ်ငန်းများအားလုံးကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းလျက်ရှိနေပြီဟု သိရှိရသည့်အတွက် ဝမ်းမြောက်မိသည်။

အိမ်နီးချင်းနိုင်ငံများသို့ လေ့လာရေးခရီးများ သွားရောက်ခဲ့ဖူးရာ ရှေးဟောင်းနန်းတော်များ၊ ရှေးဟောင်းအဆောက်အအုံများအပြင် ပတ်ဝန်းကျင်နေရာများကိုပါ နည်းပညာအကူအညီအပြည့်အဝသုံး၍ ထိန်းသိမ်းစောင့်ရှောက်ထားကြသည်ကို လေ့လာခဲ့ရဖူးသည်။ တစ်ဖက်တွင်လည်း ထိုသို့ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ထားသည့် အရာများကို တန်ဖိုးကြီးကြီး ရယူကာ ပြန်လည်ပြသခြင်းဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်နေကြသည်။ မိမိတို့၏ ပုဂံတွင်ရော…။

နေဝင်ဖြိုးဖျ ဆည်းဆာချပ်ညရီ။ တမ္ဗဒီပ၏ ရွှေရောင်ကာလများကို သရုပ်ပြမည့် နည်းပညာမြင့်တင်ဆက်မှုများ ပြသမည်ဆိုပါစို့။ ဒီဂျစ်တယ် အထူးပြုလုပ်ချက်များဖြင့် မီးရောင်များက သရပါတံခါး၊ ပုဂံမြို့ရိုးနှင့် စေတီပုထိုးများပေါ်မှာ ထွန်းလင်းနေမည်။ သရီးဒီပုံရိပ်များကြောင့် ပုဂံနန်းတော်နှင့် ရေပြည့်နေသော ကျုံးတို့ကိုလည်း တွေ့မြင်ရမည်။ စည်သံ၊ မောင်းသံ၊ တံပိုးခရာသံများက ပုဂံ၏ ခမ်းနားတင့်တယ်မှုကို အားဖြည့်ပေးနေကြမည်။ ကြေးနှောင်၊ ခွက်ခွင်းနှင့် ကြေးစည်သံ၊ ကုလားတက် တုံးမောင်းသံတို့က သာယာအေးချမ်းမှုကို ထင်ဟပ်စေမည်။ ဆင်၊ မြင်း၊ ရထားတို့ဖြင့် ရှေ့ဝင်းနောက်ဝင်းခင်းကာ ပုဂံပြည့်ရှင်မင်းကြီးက တိုင်းခန်းလှည့်လာဟန်တို့ကို သရုပ်ပြမည်။ ခမ်းနားလိုက်မည့်ဖြစ်ခြင်းဟု စိတ်ကူးယဉ်မိသည်။ အဆင့်အတန်းမြင့်မားသည့် ပုဂံခေတ် ဝတ်စားဆင်ယင်မှုများဖြင့် ဓာတ်ပုံရိုက်ကူးနိုင်မည့် မီနီစတူဒီယိုများကို ထားရှိခြင်းဖြင့်လည်း ခရီးသွားဝင်ငွေကို တိုးစေနိုင်မည်ဟု အတွေးနယ်ချဲ့မိသည်။

**အားလုံးနှင့်သက်ဆိုင်သည့် ပုဂံ**

ညနေခင်း ဧရာဝတီမြစ်ပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးသည် ဗူးဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးခရီးသွားများအား အေးမြစေသည်။ စက်တပ်ရေယာဉ်ငယ်များဖြင့် ဧရာဝတီမြစ်အတွင်းကို ကြည့်ရှုနိုင်ရန်အတွက်လည်း စက်လှေဆိပ်ကလေးကို မြင်တွေ့ရသည်။ သူရဲကောင်း ပျူစောထီး၏ အငွေ့အသက်များက ဗူးဘုရားရင်ပြင်တော်ပေါ်တွင် ကိန်းဝပ်နေသယောင်။ အတိတ်ကာလတစ်ချိန်က ထိုနေရာတွင် သူရဲကောင်းတစ်ဦးရှိခဲ့သည်ဟု အစချီကာ ပုဂံဒဏ္ဍာရီတစ်ပုဒ်ကို အတူပါလာသည့် သမီးတို့အား ပြောပြနေရင်းက နေလုံးကြီးသည် ဧရာဝတီမြစ်အတွင်းသို့ သက်ဆင်းသွားခဲ့ပြီဖြစ်သည်။ သူရဲကောင်း၏ ရဲစွမ်းသတ္တိရှိပုံ၊ အနော်ရထာမင်းကြီး၏ စွမ်းဆောင်ရည်၊ ကျန်စစ်သားမင်းကြီး၏ သူရဲကောင်းလေးဖော်နှင့် အလောင်းစည်သူမင်းကြီး၏ ကရဝိက်ဖောင်တော်အကြောင်း စသည်တို့သည် ကလေးများအတွက်တော့ စိတ်ဝင်စားဖွယ်အတိ ဖြစ်နေပါလိမ့်မည်။

မကြာမီ ခရီးစဉ်ပြီးဆုံးတော့မည်။ ပုဂံဒေသ ရှေးဟောင်းမြို့တော်သည် မြန်မာတို့၏နှလုံးသည်းပွတ်၊ အတိတ်၏ ခမ်းနားတင့်တယ်မှုဖြစ်သည်။ ယနေ့တိုင်မြင်တွေ့နေရသည့် မြို့တော်ကြီးက ပြည်သူပြည်သားများ ယခုထက်ပိုမို၍ ထိန်းသိမ်းအလေးထားခြင်းကို မျှော်လင့်နေပုံရသည်။ အားလုံးနှင့်သက်ဆိုင်သည့်ပုဂံ ဖြစ်လာဖို့အတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ခြင်းဖြင့် အလေးထားကြရမည်ဖြစ်ပေသည်။ ။

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

**အာမခံအကျိုးခံစားခွင့်ရှိသောကြွေးမြီ**

၂၅၁။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မြီရှင်လျှောက်လွှာပါ ကြွေးမြီတစ်ခု သို့မဟုတ် ကြွေးမြီများအနက်တစ်ခုသည် အာမခံအကျိုးခံစားခွင့်ရှိသောကြွေးမြီ ဖြစ်သည်ဟု မမှတ်ယူရ-

(၁) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်သည့်ကိစ္စ၌ အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ၎င်း၏အာမခံအကျိုးခံစားခွင့်ကို အခြားမြီရှင်များအားလုံး၏ အကျိုးအတွက် စွန့်လွှတ်ရန် ဆန္ဒရှိကြောင်း ဖော်ပြချက်ပါဝင်သည့် လျှောက်လွှာဖြစ်လျှင်၊ သို့မဟုတ်

(၂) ကြွေးမြီတစ်ရပ်၏ အာမခံအကျိုးခံစားခွင့်ရှိသော အစိတ်အပိုင်းနှင့်စပ်လျဉ်း၍ တောင်းခံခြင်း မဟုတ်ကြောင်း ဖော်ပြထားသည့်အပြင် ထိုကြွေးမြီ၏ အာမခံ အကျိုးခံစားခွင့်ရှိသော အစိတ်အပိုင်းအတွက် ပေးထားသော အာမခံနှင့် စပ်လျဉ်း၍ လျှောက်လွှာ တင်သွင်းသည့်နေ့ရက်၌ရှိသော ခန့်မှန်းခြေတန်ဖိုးနှင့် စပ်လျဉ်း၍ ထိုသူက ပြုလုပ်သော ဖော်ပြချက်ပါရှိသည့် လျှောက်လွှာဖြစ်လျှင်၊

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂) တွင် အကျုံးဝင်သောကိစ္စ၌ ကြွေးမြီတစ်ရပ်၏ အာမခံ အကျိုးခံစားခွင့်ရှိသော ကြွေးမြီအစိတ်အပိုင်းနှင့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီအစိတ်အပိုင်းများသည် ဤဥပဒေပုဒ်မ ၂၄၈ မှ ၂၅၀ ပါ ပြဋ္ဌာန်းချက်များအလို့ငှာ သီးခြားကြွေးမြီများအဖြစ် မှတ်ယူရမည်။

**ဆောလျင်စွာ လျှောက်ထားခြင်း**

၂၅၂။ အကြောင်းကြားစာ ပေးပို့တောင်းခံခဲ့သော ကြွေးမြီနှင့် စပ်လျဉ်း၍ ယင်းကြွေးမြီအားလုံးကို သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို တောင်းဆိုရန် မြီရှင်တစ်ဦးက လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန်လျှောက်လွှာတင်သွင်းသည့်ကိစ္စတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် ၎င်းပိုင်ပစ္စည်းများအနက်မှ ပစ္စည်းတစ်ရပ်၏ တန်ဖိုးသည် သတ်မှတ်ကာလအတွင်း၌ သိသာစွာ လျော့နည်းသွားရန် အမှန်တကယ် အလားအလာရှိကြောင်း လျှောက်လွှာတွင် ဖော်ပြပါရှိလျှင် သတ်မှတ်ကာလ ၂၁ ရက် မကုန်ဆုံးမီအတွင်း ထိုလျှောက်ထားချက်ကို တင်သွင်းနိုင်သည်။

**မြီရှင်၏လျှောက်လွှာနှင့် စပ်လျဉ်း၍ ဆောင်ရွက်သည့်မှုခင်း**

၂၅၃။ (က) ဤပုဒ်မအရ တရားရုံးသို့ တင်သွင်းသည့် မြီရှင်၏ လျှောက်လွှာကို နည်းဥပဒေတွင် သတ်မှတ်ထားသော ပုံစံအတိုင်း တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ရုံးခွန်ကိုလည်း ထမ်းဆောင်ရမည်။

(ခ) လျှောက်လွှာတွင် ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်နေသော ကြွေးမြီကို မြီစားကပေးဆပ်ရန်ရှိကြောင်း ဖော်ပြချက်ကို လျှောက်ထားသည့် မြီရှင် သို့မဟုတ် ကိုယ်စားလှယ်၏ ကျမ်းကျိန်ချက်ဖြင့် တင်ပြရမည်။

(ဂ) အကြောင်းကြားစာကို မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် အတွက် လျှောက်လွှာတင်သွင်းသည့်အခါ ထိုလျှောက်လွှာနှင့်အတူ အကြောင်းကြားစာကို နည်းလမ်းတကျ ချအပ်ခဲ့ကြောင်းနှင့် မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း သက်သေခံချက်များ ပူးတွဲပါရှိရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ် သို့မဟုတ် မိမိဆန္ဒအလျောက် အစီအစဉ်တစ်ရပ်ရပ်အရ ဆောင်ရွက်ရမည့် မြီစား၏ လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာကို တင်သွင်းသည့်အခါ လျှောက်လွှာနှင့်အတူ မြီစားမှ မည်သို့မည်ပုံ ပျက်ကွက်ခဲ့ကြောင်း အသေးစိတ်ဖော်ပြချက်အား ထည့်သွင်းဖော်ပြရမည်။

(င) တရားရုံးမှ ထိုလျှောက်လွှာအပေါ် ကြားနာရန်အတွက် ရုံးချိန်းပေးသည့် နေ့ရက်မတိုင်မီ အနည်းဆုံး အလုပ်လုပ်ကိုင်ရက် ၅ ရက်ကြိုတင်၍ နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တရားရုံးသို့ ဤပုဒ်မအရ လျှောက်ထားခဲ့သည့်လျှောက်လွှာအား မှန်ကန်ကြောင်း ကျမ်းကျိန်လွှာမိတ္တူ၊ ပုဒ်မ ၂၅၀ အရ အကြောင်းကြားစာတို့နှင့်အတူ မြီစားထံသို့ ပေးပို့ရမည်။

(စ) တင်သွင်းသည့် လျှောက်လွှာပါ ကြွေးမြီသည် အောက်ပါ ကြွေးမြီတစ်ရပ်ရပ်ဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းရှိမှသာလျှင် တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ရမည်။

(၁) ထိုကြွေးမြီသည် လျှောက်လွှာတင်သွင်းသောနေ့တွင် ပေးဆပ်ရန်ရှိသည့် ကြွေးမြီကိုပေးဆပ်ခြင်း သို့မဟုတ် အာမခံတင်သွင်းခြင်း သို့မဟုတ် ညှိနှိုင်းခြင်းမပြုသည့် ကြွေးမြီဖြစ်လျှင်၊ သို့မဟုတ်

(၂) ပြန်လည်ပေးဆပ်ရန်အချိန် ကျရောက်သော်လည်း ထိုမြီစားအနေဖြင့် ယင်းကိုပြန်လည်ပေးဆပ်ရန် ကျိုးကြောင်း ဆီလျော်သော အလားအလာမရှိသည့်ကြွေးမြီဖြစ်လျှင်။

(ဆ) ပုဒ်မ ၂၅၂ အရ လျှောက်ထားသည့်ကိစ္စတွင် တရားရုံးသည် အကြောင်းကြားစာ ချအပ်ပြီးနောက် ၂၁ ရက် မကုန်ဆုံးမီ အချိန်ကာလအတွင်း လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်း မပြုရ။

(ဇ) မြီစားအနေဖြင့် ၎င်း၏ကြွေးမြီများကို ပြန်လည်ပေးဆပ်လိမ့်မည်ဖြစ်ကြောင်း ကျေနပ်မှုရှိလျှင် သို့မဟုတ် အောက်ပါ အခြေအနေများနှင့် ကိုက်ညီကြောင်း ယုံကြည်ကျေနပ်လျှင် တရားရုံးသည် လျှောက်ထားလာသည့် လူမွဲခံယူခြင်းဆိုင်ရာလျှောက်လွှာကို ပလပ်နိုင်သည်-

(၁) လျှောက်လွှာတွင် ဖော်ပြထားသည့် ကြွေးမြီအတွက် အာမခံချက်ပေးခြင်း သို့မဟုတ် ညှိနှိုင်းခြင်းပြုရန်အတွက် မြီစားသည်ကမ်းလှမ်းချက်တစ်ရပ်ကို ပြုလုပ်ခဲ့ခြင်း၊

(၂) အထက်ပါ ကမ်းလှမ်းချက်ကို တစ်ဖက်မှ သဘောတူလက်ခံခဲ့သဖြင့် လျှောက်ထားမှုကို ပယ်ဖျက်ရန် အမှန်တကယ် လိုအပ်ခြင်း၊ နှင့်

(၃) ထိုကမ်းလှမ်းချက်ကို ကျိုးကြောင်းဆီလျော်မှုမရှိဘဲ မြီရှင်က ငြင်းပယ်ခဲ့ခြင်း။

သို့ရာတွင် တရားရုံးသည် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအလို့ငှာ မြီစားမှ ၎င်း၏ကြွေးမြီကို ပြန်လည်ပေးဆပ်လိမ့်မည် ဟုတ် မဟုတ် သုံးသပ်ရာ၌ မြီစားထံတွင် တည်ရှိနေဆဲဖြစ်သော ကြွေးမြီများနှင့် ပေါ်ပေါက်လာမည့် တာဝန်ရှိမှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်။

**မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်လျှင်**

၂၅၄။ (က) လျှောက်ထားခံရသူမြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းတစ်ရပ်အား မိမိတစ်ဦးတည်းပိုင်အဖြစ် ဖြစ်စေ၊ အခြားသူများနှင့် အစုစပ်လုပ်ငန်းအဖြစ်ဖြစ်စေ လုပ်ကိုင်သော လုပ်ငန်းရှင် ဖြစ်ကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အပိုင်း(၆) လုပ်ငန်းစဉ်တစ်ရပ် စတင်ရန်အတွက် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ လျှောက်ထားမှု တစ်ရပ်ကို မြီစားကိုယ်တိုင်၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများမှဖြစ်စေ၊ မြီရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများကဖြစ်စေ တရားရုံးသို့ လျှောက်ထားနိုင်သည့်အပြင် ထိုတရားရုံးအနေဖြင့်လည်း သင့်သည်ထင်မြင်သည့်အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) အရ အောက်ပါအမိန့် တစ်ရပ်ရပ် ချမှတ်ရမည် -

(၁) အပိုင်း (၆) လုပ်ငန်းစဉ်အရ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေစဉ်ကာလအတွင်းဖြစ်လျှင် ထိုမြီရှင်၏ လျှောက်ထားချက်ကို ရွှေ့ဆိုင်းခြင်း၊ သို့မဟုတ်

(၂) မြီရှင်၏လျှောက်ထားချက်ကို ပလပ်ခြင်း။

**မြီရှင်၏လျှောက်ထားချက်အရ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းကို ခန့်အပ်ခြင်း**

၂၅၅။ (က) မြီရှင်၏လျှောက်ထားမှုကြောင့် လူမွဲအဖြစ်ခံယူစေရန်အမိန့်ကို ချမှတ်ရာတွင် လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တရားရုံးသည် တရားဝင် ပစ္စည်းထိန်းကိုဖြစ်စေ၊ ဤဥပဒေအပိုင်း (၃) အရ သတ်မှတ်ထားသော အရည်အချင်းရှိသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကိုဖြစ်စေ ခန့်အပ်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ခန့်ထားခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူသည်-

(၁) ထိုသို့အဆိုပြုခန့်ထားခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်ဖြစ်ပြီး ယင်းသို့သဘောတူကြောင်းကို တရားရုံးသို့ တင်ပြရမည်။

(၂) ထိုသို့အဆိုပြုခန့်ထားခြင်းမရှိလျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၅၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ရန်အတွက် ယာယီပစ္စည်းထိန်းအဖြစ်ခန့်ရမည်။

(ဂ) ထိုအမိန့်ကို ချမှတ်ခြင်းမပြုမီ အပိုင်း (၆) လုပ်ငန်းစဉ်ကို လုပ်ဆောင်နေသောလုပ်ငန်းတစ်ရပ်နှင့် စပ်လျဉ်း၍ လူမွဲအဖြစ်ခံယူစေရန် အမိန့်ကို ချမှတ်ရာတွင် တရားရုံးသည် ပြန်လည်ထူထောင်ရေးအကြံပေးကို လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်။ သို့ရာတွင် ထိုသူ၏ သဘောတူညီချက်ရယူခြင်းမပြုဘဲ ခန့်အပ်ခြင်းမပြုရ။

**တရားဝင်ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်း**

၂၅၆။ (က) တရားရုံးမှ တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၅၅ အရ ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ခဲ့လျှင် ၎င်းသည် အောက်ပါကိစ္စရပ်များ အလို့ငှာ မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်-

(၁) တရားဝင် ပစ္စည်းထိန်း၏နေရာတွင် လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ရန် အပိုင်း (၃)ပါ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် အရည်အချင်းရှိသော လူတစ်ဦးကို ရွေးချယ်ရန်၊ သို့မဟုတ်

(၂) ထိုတရားဝင် ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ရန်။

(ခ) လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ပြီးနောက် ၂၁ ရက်ထက် နောက်မကျစေဘဲ ပုဒ်မခွဲ (က)အရ မြီရှင်များ အစည်းအဝေးကို ကျင်းပရန် ဆင့်ခေါ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ မြီရှင်များအစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ထိုအစည်းအဝေး ကျင်းပမည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက် နောက်မကျစေဘဲ မြီရှင်များထံသို့ စာဖြင့်ရေးသား၍ နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အကြောင်းကြားရန်၊

(၂) နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာရန်၊ နှင့်

(၃) နည်းဥပဒေဖြင့်သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အစည်းအဝေးကို ကျင်းပဆောင်ရွက်ရန်။

(ဃ) ပုဒ်မခွဲ (က)အရ မြီရှင်များ အစည်းအဝေးကို ကျင်းပခြင်းမပြုမီ မည်သည့် အချိန်တွင်မဆို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်းသည် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်နိုင်သည်။

(င) ဤပုဒ်မအရ ခန့်အပ်ခြင်းခံရသော တရားဝင်ပစ္စည်းထိန်းသည် လူမွဲပိုင်ပစ္စည်းများ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်သည့်အခါ-

(၁) ပုဒ်မခွဲ (က) မှ (ဂ) အထိပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်းမရှိစေရ၊ ထို့ပြင်

(၂) တရားရုံးမှ ခန့်အပ်သည့် ယုံမှတ်အပ်နှံခြင်း ခံရသူတစ်ဦးကဲ့သို့ ၎င်းသည် ပုဒ်မ ၂၆၄ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(စ) တရားဝင်ပစ္စည်းထိန်းသည် ဤပုဒ်မအရ ခန့်အပ်ခြင်းခံရသော လူမွဲပိုင်ပစ္စည်းများ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်သည့်အခါ ၎င်းအား ဤအပိုင်းအရ ခန့်ထားသည့် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် မှတ်ယူရမည်။

**မြီစားမှ လျှောက်ထားခြင်း။**

**မြီစား၏ လျှောက်လွှာ**

၂၅၇။ (က) မြီစားသည် ကြွေးမြီကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိပါက ဤဥပဒေပုဒ်မ ၂၄၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တစ်ရပ်ကို လျှောက်ထားတင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တင်သွင်းသည့် လျှောက်လွှာကို သတ်မှတ်ထားသည့် ပုံစံအတိုင်း လျှောက်ထားတင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသော ရုံးခွန်တော်ကိုလည်း ထမ်းဆောင်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ တင်သွင်းသည့်လျှောက်လွှာနှင့်အတူ သတ်မှတ်ထားသည့်အတိုင်း မြီစားသည် မိမိ၏ ငွေရေးကြေးရေး အခြေအနေနှင့် မြီရှင်များ၏ အချက်အလက်များအပါအဝင် လုပ်ငန်းအခြေအနေများကိုဖော်ပြသည့် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်တစ်ရပ်ကို ပူးတွဲတင်ပြရမည်။

(ဃ) မြီစား၏ လျှောက်လွှာပါ အချက်အလက်များနှင့် ပူးတွဲတင်ပြထားသော ထုတ်ဖော်ကြေညာချက်တွင် ပါရှိသော အချက်အလက်များသည် မှန်ကန်ကြောင်း ကျမ်းကျိန်လွှာဖြင့် ပူးတွဲတင်ပြရမည်။

**မြီစားမှ လျှောက်ထားနိုင်သည့်အကြောင်းအချက်များ**

၂၅၈။ ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိကြောင်း အကြောင်းပြချက်ဖြင့်သာ မြီစားသည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

**လျှောက်လွှာအပေါ် အရေးယူဆောင်ရွက်ခြင်း**

၂၅၉။ လျှောက်လွှာအပေါ် ကြားနာပြီးနောက် အောက်ပါ အခြေအနေတစ်ရပ်ရပ်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် (မြီစားအား) လူမွဲအဖြစ်ခံယူစေရန်အမိန့် ချမှတ်ခြင်း မပြုရ-

(က) မြီစားမှပေးရန်ရှိသော ကြွေးမြီသည် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီဖြစ်သည့်အပြင် ထိုကြွေးမြီ စုစုပေါင်းသည် ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) အလို့ငှာ သတ်မှတ်ထားသော ပမာဏထက် လျော့နည်းနေလျှင်၊

(ခ) လူမွဲပိုင်ပစ္စည်းများ၏ တန်ဖိုးသည် နည်းဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပမာဏနှင့်ညီမျှသော သို့မဟုတ် ပိုမိုသော ပမာဏရှိလျှင်၊

(ဂ) ဤလျှောက်လွှာကို တင်သွင်းသည့်နေ့မှစ၍ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း မြီစားသည် လူမွဲအဖြစ် ခံယူစေရန်အမိန့် ချမှတ်ခံရဖူးခြင်းမရှိသည့်အပြင် ကြွေးမြီများပေးဆပ်ရန် ၎င်း၏ မြီရှင်များနှင့် ညှိနှိုင်းသဘောတူညီချက် ရယူဆောင်ရွက်ခဲ့လျှင်၊

(ဃ) မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခု၏ ပိုင်ရှင်တစ်ဦးဖြစ်ပြီး ဤဥပဒေ၏ အပိုင်း(၆) အရ လုပ်ငန်းစဉ်မှာ ပြီးပြတ်ခြင်း မရှိသေးလျှင်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်း ခန့်အပ်ခြင်း**

၂၆၀။ (က) မြီစားတစ်ဦး၏ လျှောက်ထားချက်အရ လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ရာတွင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား ထိုလူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူသည်-

(၁) ထိုသို့အဆိုပြုခန့်ထားခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသားသဘောတူရမည်ဖြစ်ပြီး ယင်းသို့သဘောတူကြောင်းကို တရားရုံးသို့ တင်ပြရမည်။

(၂) ထိုသို့အဆိုပြုခန့်ထားခြင်း မရှိလျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား အောက်ပါ ပုဒ်မခွဲများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ရန် အတွက် ယာယီပစ္စည်းထိန်းအဖြစ် ခန့်ရမည်။

(ဂ) ထိုအမိန့်ကို ချမှတ်ခြင်းမပြုမီ အပိုင်း (၆) လုပ်ငန်းစဉ်ကို လုပ်ဆောင်နေသော လုပ်ငန်းတစ်ရပ်နှင့်စပ်လျဉ်း၍ လူမွဲအဖြစ် ခံယူစေရန် အမိန့်ကို ချမှတ်ရာတွင် တရားရုံးသည် ပြန်လည်ထူထောင်ရေးအကြံပေးကို လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်။

(ဃ) ပုဒ်မ ၂၅၅ အရ တရားဝင်ပစ္စည်းထိန်းကို ခန့်အပ်သည့်အခါ ပုဒ်မ ၂၅၅ အစား ပုဒ်မ ၂၅၆ သည် သက်ဆိုင်စေရမည်။

**မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ မဟုတ်သော မြီစားများ**

**မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းမဟုတ်သော မြီစားများနှင့် စပ်လျဉ်း၍ လျှောက်ထားမှုများ**

၂၆၁။ (က) မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ရပ် မဟုတ်သူ မြီစားတစ်ဦးနှင့် စပ်လျဉ်း၍ တရားရုံးသို့ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ် တင်သွင်းရာတွင် တရားရုံးသည် အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) မြီစားအနေဖြင့် ငွေကြေးဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု ခံယူစေရန်၊

(၂) အပိုင်း (၃)အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူတစ်ဦး အဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ဤအပိုင်း၏ အခန်း (၁) အရ အဆိုပြုခံရသူအဖြစ် ခန့်အပ်ရန်နှင့် ဤအပိုင်းအရ သင့်တော်သည်ဟု ထင်မြင်ယူဆသော အခြားအမိန့်များကို ချမှတ်ရန်၊

(၃) ပုဒ်မ ၂၆၂ အရ မြီစားအား မြီရှင်များနှင့် စေ့စပ်ဖျန်ဖြေစေရန်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ချမှတ်သည့်အခါ သင့်တော်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း တရားရုံးသည် ထိုလျှောက်ထားချက်ကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် မြီရှင်၏လျှောက်ထားချက်ကို ပလပ်ခြင်း ပြုနိုင်သည်။

**စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်ခြင်း**

၂၆၂။ မြီစားသည် ကြွေးမြီကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိတန်ရာကြောင်း မိမိကိုယ်မိမိ ထင်မြင်ယူဆသည့်အခါ စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်၍ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်သည် -

(က) ၎င်း (မြီစား) မှ ပေးဆပ်ရန် ပေါ်ပေါက်နေသော ကြွေးမြီ သို့မဟုတ် ကြွေးမြီများ နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်ရပ်ရပ်ကို စေ့စပ်ဖျန်ဖြေခြင်း၊ သို့မဟုတ်

(ခ) ဤအပိုင်း၏အခန်း (၁) ပါ ပြဋ္ဌာန်းချက်များအရ မိမိဆန္ဒအလျောက် အစီအစဉ် ပြုလုပ်ရန်အတွက် မြီရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုကို အထောက်အကူပေးခြင်း။

**ဆိုင်းငံ့မိန့်**

၂၆၃။ (က) ပုဒ်မ ၂၆၂ အရ စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်ခဲ့သည့်မြီစား၏ လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါအရေးယူ ဆောင်ရွက်ချက်များကို ရပ်ဆိုင်းထားစေရန်အတွက် ဆိုင်းငံ့မိန့်တစ်ရပ်ချမှတ်နိုင်သည် -

(၁) တစ်စုံတစ်ဦးက မြီစားထံတွင် တင်ရှိနိုင်သော သို့မဟုတ် အခိုင်အမာ တောင်းဆိုထားသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့် စပ်လျဉ်း၍ ထိုသူက မြီစားအပေါ် အမှုတစ်ရပ်ရပ် စတင်တရားစွဲဆိုခြင်း သို့မဟုတ် စွဲဆိုထားသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း၊

(၂) မြီစားအပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းမှ တားမြစ်ခြင်း၊

(၃) မြီစားပိုင်ပစ္စည်းတွင် ရရှိထားသော အာမခံအကျိုးခံစားခွင့် တစ်ရပ်ရပ်ကို အတည်ပြုဆောင်ရွက်ရန်အတွက် တစ်စုံတစ်ဦးက အရေးယူဆောင်ရွက်ခြင်းအား တားမြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သော ဆိုင်းငံ့မိန့်တစ်ရပ်တွင် ယင်းအမိန့် အကျိုးသက်ရောက်စေရမည့် အချိန်ကာလတစ်ရပ်ကို သတ်မှတ်ဖော်ပြရမည်။ သို့ရာတွင် ထိုသတ်မှတ်ကာလသည် ထိုအမိန့်ကို ချမှတ်သည့် နေ့ရက်မှစ၍ ၂၈ ရက်ထက် ကျော်လွန်ခြင်း မရှိစေရ။

(ဂ) ဤပုဒ်မအရ ချမှတ်သော ဆိုင်းငံ့ကာလကို တရားရုံးသည် ထိုမြီစား၏ လျှောက်ထားချက်အရ နောက်ထပ် ၂၈ ရက်အထိ တိုးချဲ့သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် ထိုမြီစားက ထိုသို့လျှောက်ထားမည်ဖြစ်ကြောင်း မြီရှင်တစ်ဦးချင်းစီထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်းနှင့် အောက်ပါအခြေအနေ တစ်ရပ်ရပ်ရှိနေကြောင်း တရားရုံးသည် ယုံကြည်ကျေနပ်မှသာ ထိုသို့ အချိန်တိုးချဲ့ သတ်မှတ်သည့် အမိန့်ကို ချမှတ်ပေးရမည်-

(၁) ထိုသို့သက်တမ်းတိုးခြင်းကို မည်သည့်မြီရှင်ကမျှ ကန့်ကွက်မှုမရှိလျှင်၊ သို့မဟုတ်

(၂) ဆိုင်းငံ့မိန့်၏ သက်တမ်းတိုးပေးရန် လျှောက်ထားချက်အပေါ် တင်သွင်းခဲ့သော ကန့်ကွက်ချက် (ရှိလျှင်) ကို ငြင်းပယ်သင့်ကြောင်း တရားရုံးက ထင်မြင်ယူဆလျှင်၊

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်တစ်ရပ်ကို လက်ခံရရှိသည့် တရားရုံးသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်-

(၁) စေ့စပ်ဖျန်ဖြေရာ၌ ပါဝင်ခြင်းမရှိသည့် မြီရှင်များအပါအဝင် မြီရှင်အားလုံးအပေါ် ထိုအမိန့်၏ အကျိုးသက်ရောက်မှု၊

(၂) ပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ စေ့စပ်ဖျန်ဖြေခြင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှု အလားအလာများ၊ နှင့်

(၃) စေ့စပ်ဖျန်ဖြေခြင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှု အလားအလာများနှင့်စပ်လျဉ်း၍ စေ့စပ်ဖျန်ဖြေသူက တင်ပြသည့် ထင်မြင်ယူဆချက်။

(င) ဤပုဒ်မအရ ဆိုင်းငံ့မိန့် ချမှတ်ပြီးနောက် ထိုမြီစားသည် မြီရှင်တစ်ဦးချင်းစီထံသို့ ထိုအမိန့်၏ မိတ္တူကို ချက်ချင်းပေးပို့ရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ပြီးကြောင်း အကြောင်းကြားစာ**

၂၆၄။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်မိတ္တူရရှိသည်နှင့် တစ်ပြိုင်နက် လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ခန့်အပ်ခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ထိုသို့ခန့်အပ်ထားကြောင်းကို နေရပ်လိပ်စာသိရှိသည့် မြီရှင်များထံသို့ အကြောင်းကြားစာပေးပို့ရန်၊ နှင့်

(၂) ထိုသို့ခန့်အပ်ထားကြောင်းကို နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာ သို့မဟုတ် ကြေညာစာတွင် အောက်ပါသတင်းအချက်အလက်များ ပါရှိရမည် -

(၁) လူမွဲ၏ အမည်နှင့် နေရပ်လိပ်စာ၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၃) ယုံမှတ်အပ်နှံခြင်းခံရသူနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၄) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အခြားအချက်အလက်များ။

**လူမွဲဖြစ်မှုစတင်ခြင်းနှင့် ရပ်စဲခြင်း**

**လူမွဲဖြစ်မှု စတင်ခြင်းနှင့် အကျိုးသက်ရောက်ခြင်း**

၂၆၅။ သာမန်လူပုဂ္ဂိုလ်တစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်သည့်အခါ ထိုသူနှင့် စပ်လျဉ်း၍ လူမွဲဖြစ်မှုသည်-

(က) ထိုအမိန့်ကို ချမှတ်သည့်နေ့မှစတင်၍ စတင်ရမည်ဖြစ်သည့်အပြင်၊

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ထိုသူအား လူမွဲဖြစ်မှုရပ်စဲသည့်အချိန်ကာလအထိ ဆက်လက်အကျိုးသက်ရောက်စေရမည်။

**လူမွဲဖြစ်မှုအချိန်ကာလ**

၂၆၆။ (က) ထိုတရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် သာမန်လူပုဂ္ဂိုလ်တစ်ဦး၏ လူမွဲဖြစ်မှုသည် ၎င်းအပေါ် လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်သည့်နေ့ရက်မှ စတင်၍ နောက်သုံးနှစ်တာကာလ ကုန်ဆုံးသည့် နေ့ရက်တွင် ရပ်စဲစေရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူက ပုဒ်မ ၂၇၄ အရ ဆောင်ရွက်သည့် လူမွဲ၏ အပြုအမူနှင့် အရေးအရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်းသည် မလိုအပ်ကြောင်း သို့မဟုတ် ပြီးဆုံးပြီဖြစ်ကြောင်းကို သတ်မှတ်ကာလ မကုန်ဆုံးမီ တရားရုံးသို့ အကြောင်းကြားတင်ပြလာသည့်အခါ ယင်းသို့ တင်ပြသည့်အချိန်မှစ၍ လူမွဲဖြစ်မှုရပ်စဲစေရမည်။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ပုဒ်မခွဲ (က)၌ သတ်မှတ်ဖော်ပြထားသော အချိန်ကာလသည်-

(၁) သီးခြားအချိန်ကာလတစ်ရပ် ကုန်ဆုံးသည့်အခါ၊ သို့မဟုတ်

(၂) သီးခြားကိစ္စတစ်ရပ် ပြီးမြောက်သည့်အခါ ရပ်စဲစေရမည်ဟု တရားရုံးက အမိန့်ချမှတ်နိုင်သည်။

(ဃ) လူမွဲသည် ဤအပိုင်းတွင် ပြဋ္ဌာန်းထားသောတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်နေကြောင်း သို့မဟုတ် ပျက်ကွက်ခဲ့ကြောင်း ကျေနပ်မှသာလျှင် တရားရုံးသည် အထက်ပါ ပုဒ်မခွဲ (ဂ) အရ အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(င) ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြပါရှိသော **ကိစ္စ** ဆိုသောစကားရပ်တွင် တစ်စုံတစ်ရာကို တရားရုံးက ယုံကြည်ကျေနပ်၍ သတ်မှတ်ထားသော ကိစ္စလည်း ပါဝင်စေရမည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လူမွဲအဖြစ်ခံယူစေရန်အမိန့်ကို ပယ်ဖျက်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

**လူမွဲအဖြစ်မှ ကင်းလွတ်ခွင့်ပေးခြင်း၏ အကျိုးသက်ရောက်မှုများ**

၂၆၇။ လူမွဲတစ်ဦးအဖြစ်မှ ရပ်စဲသည့်အခါ လူမွဲပိုင်ပစ္စည်းအပေါ်တွင် ဆန့်ကျင်သက်သေပြနိုင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များအားလုံးနှင့် စပ်လျဉ်း၍ တာဝန်သည် ရပ်စဲစေရမည်။ သို့ရာတွင် အောက်ပါ ကိစ္စရပ်များအပေါ် အကျိုးသက်ရောက်မှု မရှိစေရ။

(က) လူမွဲဖြစ်မှုမှ ရပ်စဲသွားသော်လည်း အောက်ပါကိစ္စရပ်များ အပေါ် အကျိုးသက်ရောက်မှုမရှိစေရ။

(၁) လူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်ရှိသော ယုံမှတ်အပ်နှံခြင်းခံရသူ၏ လုပ်ငန်းတာဝန်များ၊

(၂) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းလုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ချက်များ။

(ခ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ယင်းလူမွဲမှုခင်းတွင် အကျုံးဝင်သည့် ကြွေးမြီ တစ်ရပ်ရပ်အတွက် သက်သေပြသနိုင်သည့် မြီရှင်များ၏ အခွင့်အရေးများအပေါ် ထိခိုက်ခြင်းမရှိစေရ။

(ဂ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ၎င်း၏ ကြွေးမြီ ပြန်လည်ရရှိရေးအတွက် အာမခံပစ္စည်းကို အတည်ပြု ဆောင်ရွက်နိုင်သည့်အခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

(ဃ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ၎င်းက ပူးပေါင်းကျူးလွန်သော လိမ်လည်မှု သို့မဟုတ် မရိုးမဖြောင့်သောသဘောဖြင့် ယုံမှတ်အပ်နှံရေး ဖောက်ဖျက်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းက ပေးရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့် မရှိစေရ။

(င) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ထိုလူမွဲအပေါ် တရားရုံးအာမခံအရ တာဝန်ရှိမှု သို့မဟုတ် ပြစ်မှုကျူးလွန်သည့်အတွက် တပ်ရိုက်သည့် ဒဏ်ကြေးငွေတစ်ရပ်နှင့် စပ်လျဉ်း၍ တာဝန်ရှိမှုမှ ကင်းလွတ်ခွင့် မရရှိစေရ။

(စ) တရားရုံးမှ ညွှန်ကြားသတ်မှတ်နိုင်သည့် အတိုင်းအတာနှင့် စည်းကမ်းချက်များအရမှတစ်ပါး မြီစားဖြစ်သူအား လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် အောက်ပါ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု တစ်ရပ်ရပ်အပေါ် ပေးရန်တာဝန်မှ ကင်းလွတ်ခွင့်မရှိစေရ-

(၁) တမင်ပေါ့ဆစွာ ပြုလုပ်မှု၊ စိတ်ငြိုငြင်စေမှု သို့မဟုတ် ဥပဒေအရဖြစ်စေ၊ ပဋိညာဉ်အရဖြစ်စေ သို့မဟုတ် အခြားတာဝန်တစ်ရပ်အရဖြစ်စေ ချိုးဖောက်မှုတစ်ခုခုကြောင့် ပေးရမည်ဖြစ်သော နစ်နာကြေးများ၊ သို့မဟုတ် လူပုဂ္ဂိုလ်ဆိုင်ရာ ထိခိုက်နစ်နာမှုနှင့် စပ်လျဉ်း၍ နစ်နာကြေးများပေးရန် တာဝန်တွင် ပါဝင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူမွဲဖြစ်သူက အရွယ်မရောက်သေးသူ သားသမီးများအတွက် ထောက်ပံ့ကြေးပေးရန် ချမှတ်ထားသောအမိန့် တစ်ရပ်ရပ်အရ ပေါ်ပေါက်လာသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု။

(ဆ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ထိုလူမွဲဖြစ်သူအပေါ် နည်းဥပဒေတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း ၎င်း၏လူမွဲခံယူခြင်းဆိုင်ရာ မှုခင်းတွင် သက်သေပြနိုင်သော ကြွေးမြီများမဟုတ်သည့် အခြားလူမွဲခံယူခြင်းဆိုင်ရာမှုခင်းများမှ ကြွေးမြီများကို ပေးဆပ်ရန်တာဝန်မှ ကင်းလွတ်စေခြင်း မရှိစေရ။

(ဇ) လူမွဲအဖြစ်မှ ရပ်စဲသည့်အခါ လူမွဲဖြစ်သူမှအပ လူမွဲဖြစ်မှုနှင့်ပတ်သက်နေသည့် အခြားသူ သို့မဟုတ် လူမွဲအတွက် အာမခံသူအဖြစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ် အာမခံသူတစ်ဦးတစ်ယောက်ကဲ့သို့ တာဝန်ယူခဲ့သူတစ်ဦးအနေဖြင့် ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် တာဝန်များမှ ကင်းလွတ်ခွင့် မရှိစေရ။

(ဈ) ဤပုဒ်မတွင် ဖော်ပြထားသော လူပုဂ္ဂိုလ်ဆိုင်ရာ ထိခိုက်နစ်နာမှုဆိုရာတွင် သေဆုံးစေခြင်း သို့မဟုတ် ရောဂါတစ်ရပ်ရပ်ကို စွဲကပ်စေခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ချို့ယွင်းပျက်စီးစေခြင်းလည်း ပါဝင်စေရမည်။

**လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သော တရားရုံး၏အာဏာ**

၂၆၈။ (က) သက်သေခံချက်အသစ် တစ်ရပ်ရပ်အရ အောက်ပါ အကြောင်းအချက် တစ်ရပ်ရပ်ပေါ်ပေါက်လျှင် တရားရုံးသည် လူမွဲအဖြစ် ခံယူစေသည့် အမိန့်ကို ပယ်ဖျက်နိုင်သည်-

(၁) ယင်းအမိန့်ချမှတ်ခဲ့စဉ်က ထိုအမိန့်ကို ချမှတ်ရန် မသင့်ကြောင်း ထင်ရှားစေသည့် အကြောင်းအချက်တစ်ရပ်ရပ် တည်ရှိခဲ့ကြောင်း၊ သို့မဟုတ်

(၂) ထိုလူမွဲပိုင် ပစ္စည်းများအပေါ်တွင် သက်သေပြနိုင်သော ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့် လူမွဲခံယူခြင်းဆိုင်ရာ ကုန်ကျစရိတ်များအားလုံးကို ပေးဆပ်ပြီးကြောင်း သို့မဟုတ် ထိုအမိန့်ကို ချမှတ်စဉ်က တရားရုံးမှ ကျေနပ်သည်အထိ အာမခံချက်ပေးထားခဲ့ကြောင်း။

(ခ) လူမွဲအဖြစ်မှ ရပ်စဲပြီးသည်ဖြစ်စေ ရပ်စဲခြင်းမပြုမီဖြစ်စေ တရားရုံးသည် လူမွဲအဖြစ် ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သည်။

(ဂ) တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ကို ပယ်ဖျက်သည့်အခါ

(၁) တရားရုံး သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ဤအပိုင်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ လူမွဲပိုင်ပစ္စည်းများကို ရောင်းချမှု သို့မဟုတ် အခြားနည်းလမ်းအရ စီမံခန့်ခွဲမှု သို့မဟုတ် ပေးချေမှု သို့မဟုတ် နည်းလမ်းတကျ ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။

(၂) သို့ရာတွင် အထက်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ လူမွဲပိုင်ပစ္စည်း တစ်ရပ်ရပ်အား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ အပ်နှင်းထားရှိခဲ့လျှင် ထိုပစ္စည်းကို တရားရုံးက ခန့်ထားသည့်သူထံသို့ ဖြစ်စေ ထိုသို့ခန့်ထားခြင်း မရှိခဲ့လျှင် လူမွဲဖြစ်သူထံသို့ဖြစ်စေ တရားရုံးက ညွှန်ကြားသည့်အတိုင်း သင့်တော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်အပ်နှင်းရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံ၌ ငါးတန်မွေးမြူရေး စတင်အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိ

မောင်သင်းပျံ့

**မြန်မာနိုင်ငံတွင် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းစသည့် မြစ်ကြီးများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ချောင်း၊ မြောင်း၊ အင်း၊ အိုင်၊ ရေကြီးရေနက်ကွင်းများ၊ ရေတိမ်ဒေသများနှင့် သဘာဝရေကန်ကြီးများကို အမှီပြု၍ ဒေသမျိုးရင်းဖြစ်သော ငါး၊ ပုစွန် မျိုးစိတ်များ နေထိုင်ပေါက်ပွားလျက်ရှိသည်။ မြစ်ချောင်းများ၏ စီးဆင်းရာ ဒေသအလိုက် အအေးပိုင်း၊ အပူပိုင်း၊ မြစ်ဝကျွန်းပေါ်နှင့် ရေချိုရေငန်စပ်ဒေသများကို ပိုင်ဆိုင်ထားပြီး ကုန်းတွင်းနှင့် ကမ်းရိုးတန်းဒေသများ၏ ပျမ်းမျှရာသီဥတုအခြေအနေမှာ လွန်ကဲသည့် ရာသီဥတုမဟုတ်ဘဲ မျှတသောရာသီဥတုကို ပိုင်ဆိုင်ထား၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သဘာဝကဖန်တီးပေးထားသော အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်နိုင်ငံလည်းဖြစ်သည်။**

ကမ္ဘာပေါ်၌ အင်းအိုင်ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်နိုင်သော နိုင်ငံအနည်းငယ်ထဲတွင် မြန်မာနိုင်ငံ ပါဝင်လျက်ရှိပြီး ရေချိုငါးဖမ်းလုပ်ငန်းမှ နိုင်ငံတော်အတွက် အခွန်အခများ ရရှိနေသည့်နည်းတူ စားသုံးသူ ပြည်သူတို့အတွက်လည်း ငါး၊ ပုစွန် ဖူလုံစွာစားသုံးနိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဤရေချိုရေငန် ငါး၊ ပုစွန်ကဏ္ဍမှ ရရှိလျက်ရှိသည်။ ထိုသို့ ရေရှည်ရရှိနိုင်ရန် ရေချိုငါးဖမ်းလုပ်ငန်းနှင့် ရေအောက်သယံဇာတများကို ကာကွယ်ထိန်းသိမ်းသည့် ဥပဒေ၊ နည်းဥပဒေများဖြင့် ကာကွယ်စောင့်ရှောက်သွားရမည်လည်းဖြစ်သည်။

ရေငန်ငါးဖမ်းလုပ်ငန်းတွင်လည်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ၂၀၁၃ ခုနှစ်ကပြုလုပ်ခဲ့သော သုတေသနရလဒ်အရ နှစ်ပေါင်း ၃၃ နှစ်အတွင်း ပင်လယ်ငါးသယံဇာတများ လျော့နည်းကျဆင်းလျက်ရှိသည်ဟု တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ကမ်းနီးဂေဟစနစ်များ ပျက်စီးမှုမရှိစေရန်နှင့် ပင်လယ်ငါး၊ ပုစွန် သယံဇာတများ ပျောက်ကွယ်မှုမရှိစေရန်အတွက် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက် ကမ်းနီး၊ ကမ်းဝေး ထိန်းသိမ်းစောင့်ရှောက်မှုကိုလည်း စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် အချိန်မီ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ၂၀၁၄ ခုနှစ်မှစ၍ ပြည်ပငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို ရပ်ဆိုင်းခဲ့သည့်နည်းတူ ငါးမဖမ်းရဧရိယာ၊ ငါးမဖမ်းရရာသီတို့ကို သတ်မှတ် အကောင်အထည်ဖော်ခဲ့သည်။

## မြန်မာနိုင်ငံနှင့် ငါးမွေးမြူရေး

၂၀၁၆-၂၀၁၇ ခုနှစ် ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းအရ မြန်မာနိုင်ငံအတွင်း ငါးမွေးမြူရေးကန် ၂၄၅၈၀၇ ဧကနှင့် ပုစွန်မွေးမြူရေးကန် ၂၄၁၇၁၈ ဧက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို စက်မှုကဏ္ဍသို့ ဦးတည်ပြောင်းလဲနေချိန်တွင် ရုန်းကန်လှုပ်ရှားရသော အချိန်ကာလအတွင်း တိုင်းပြည်ဝင်ငွေကို မြန်ဆန်စွာရရှိစေလျက် နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အပံ့ဖြစ်စေမည့်ကဏ္ဍမှာ စိုက်ပျိုးရေးနှင့် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများပင်ဖြစ်သည်။

ဥပမာအားဖြင့် ဗီယက်နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း ရေချိုငါးမွေးမြူရေးလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေကို နှစ်စဉ်ရရှိသည့်အတွက် တိုင်းပြည်တိုးတက်ပြောင်းလဲလာ၍ စက်မှုကဏ္ဍသို့ ခြေလှမ်းစတင်ရာ၌ အသေးစားစက်မှုလုပ်ငန်းဖြစ်သော ပြည်တွင်းဆိုင်ကယ်ထုတ်လုပ်မှုကို စတင်အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထိုစက်မှုလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းမှ ပြည်သူတို့အတွက်လည်း များစွာအထောက်အကူဖြစ်စေခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့နိုင်သည်အထိ စိုက်ပျိုးရေးကဏ္ဍမှ စက်မှုကဏ္ဍသို့ လှမ်းချီနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ စက်မှုကဏ္ဍသို့ပြောင်းလဲရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခြေခိုင်မှုရှိရန် အဓိကလိုအပ်ကြောင်း ဥပမာဖြစ်သည်။

မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိက စီးပွားဖြစ် လုပ်ကိုင်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသစားသုံးမှုအတွက်သာ မွေးမြူလျက်ရှိသည်။ အိန္ဒိယ ငါးကြင်း၊ ငါးသိုင်း အုပ်စုဝင်များဖြစ်သော ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွတို့ကို ၈၀ ရာခိုင်နှုန်း အဓိကထားမွေးမြူ၍ ငါးတန်၊ ရေချိုငါးမုတ်၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ တရုတ်ငါးကြင်း၊ မြက်စားငါးကြင်း၊ ရွှေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်းနှင့် တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးရံ့၊ ငါးခူ၊ ကကတစ်၊ ကျောက်ငါး စသော ငါးအမျိုးအစားများကို တွဲဖက်မွေးမြူကြသည်။ မိရိုးဖလာ မွေးမြူရေးစနစ်ကိုသာ အများဆုံး အသုံးပြုလျက်ရှိရာ ခေတ်မီမွေးမြူရေးစနစ်သို့ ကူးပြောင်းနိုင်ရန် လိုအပ်လျက်ရှိသည်။ အဓိက စီးပွားဖြစ်မွေးမြူနေသော ငါးမျိုးများမှာ မွေးမြူချိန်ကြာပြီး တစ်ဧကကန်တွင် ကောင်ရေ ၁၅၀၀ သာ မွေးမြူနိုင်သောကြောင့် ထွက်နှုန်းနည်းသလို ကမ္ဘာ့ဈေးကွက်တွင်လည်း ဈေးနည်း၊ ဈေးကွက်ကျဉ်းသည့် ရေချိုငါးအမျိုးအစားများသာ ဖြစ်နေသည်။ ထိုအခက်အခဲကိုဖြေရှင်းရန် နိုင်ငံတော်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်ပသို့တင်ပို့နေသည့် ငါးကြင်းကို သားဖောက်၍ ရောင်းတမ်းဝင်သည်အထိ နှစ်နှစ်ကြာ မွေးမြူနေရချိန်တွင် ဗီယက်နမ်၌ ငါးတန်ကို လေးလသာ မွေးမြူ၍ ရောင်းတမ်းဝင်အဖြစ် ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေ ရရှိနေပြီဖြစ်သည်။ နှစ်နှစ်ကြာ ရင်းနှီးမြှုပ်နှံခြင်းမှ လေးလနှင့် မိမိရင်းနှီးမြှုပ်နှံသည့်ငွေအလိုက် ဝင်ငွေရရှိစေတော့မည်ဖြစ်သည်။ ငါးမျိုးစိတ်၊ အစာစက်ရုံ၊ မွေးမြူမည့်နေရာ၊ အအေးခန်းနှင့် ဈေးကွက် အားလုံး အသင့်ဆောင်ရွက်ထားပြီးဖြစ်ရာ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် ငါးလုပ်ငန်း တစ်ခေတ်ဆန်းသစ်လျက် ငါးမွေးမြူရေးလုပ်ငန်းမှ တိုင်းပြည်ဝင်ငွေရရှိကာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အတွက်လည်း မှတ်တိုင်တစ်ခု ကျန်ရစ်စေတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ငါးမွေးမြူခြင်းလုပ်ငန်းကို ၁၉၅၅ ခုနှစ်ဝန်းကျင်က စတင်လုပ်ကိုင်ခဲ့ပြီး စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းအဖြစ် ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းတွင် အောင်မြင်ခဲ့သည်။ FAO ၏ အကူအညီဖြင့် ၁၉၆၆ ခုနှစ်တွင် ဒေါက်တာချောင်ကရီးက ဧရာဝတီမြစ်အတွင်းမှ ဖမ်းဆီးရမိသည့် ငါးမြစ်ချင်းခေါင်းပွနှင့် ငါးကြင်းဖြူတို့ကို မျိုးငါးများအဖြစ် ဆေးထိုးသားဖောက်နည်းပညာဖြင့် ငါးသားပေါက်များ ထုတ်လုပ်နိုင်ခဲ့ကာ ၁၉၆၉ ခုနှစ်တွင် သင်ကြားတတ်မြောက်ထားသည့် မြန်မာပညာရှင်များကိုယ်တိုင် ဆေးထိုးသားဖောက်သောနည်းပညာဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နိုင်ခဲ့၍ ယခင်လို ငါးသားပေါက်များကို ဧရာဝတီမြစ်အတွင်းမှ ဖမ်းဆီးရန်မလိုတော့ဘဲ ငါးမွေးမြူရေးလုပ်ငန်း ဦးမော့ခဲ့ကြောင်း သိရသည်။



ပြည်တွင်း ငါးမွေးမြူရေးလုပ်ငန်းတစ်ခုမှ ငါးဖမ်းနေလုပ်သားများကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇွဲမာန်

မြန်မာနိုင်ငံတွင် စီးပွားဖြစ်ငါးမွေးမြူရေးလုပ်ငန်း တစ်ခေတ်ဆန်းသစ်ခဲ့သော အချိန်သည် ၁၉၇၀ ပြည့်နှောင်းပိုင်းမှ စတင်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့ တင်ပို့နိုင်သည့်အတွက် ပြည်တွင်းမှငါးများကို သားဖောက်မွေးမြူခြင်းသာမက ပြည်ပမှ ဈေးကွက်ဝင်ငါးများကိုလည်း တင်သွင်း၍ သားဖောက်မွေးမြူခဲ့ရာ ရွှေဝါငါးကြင်း၊ ငါးတန်၊ တီလားပီးယား၊ ရေချိုငါးမုတ်၊ ထိုင်ဝမ်ငါးခုံးမ(ထိုင်းငါးခုံးမ)၊ တရုတ်ငါးကြင်း စသည့် နိုင်ငံခြားမှငါးမျိုးများနှင့် မြန်မာနိုင်ငံမှ ငါးမြစ်ချင်းကို ငါးမျိုးပေါင်းများစွာ မွေးမြူထုတ်လုပ်ခဲ့သည်။

## ကမ္ဘာ့ဈေးကွက်ဝင် ငါးတန်များကို မွေးမြူထုတ်လုပ်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဈေးကွက်ကျဉ်းသော ငါးမြစ်ချင်းအစား ထိုင်းနှင့် ဗီယက်နမ်တို့ ပြည်ပဈေးကွက်ရရှိနေသည့် ငါးတန်ကို ပြောင်းလဲမွေးမြူရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ရန်ကုန်မြို့မှ မိုင် ၈၀ ကျော်ဝေးကွာသည့် ပန်းတနော်မြို့နယ် ဒီးဒုတ်မိုးမိတ် ရေကြီးရေနက်ကွင်း၏ ဧက ၃၀၀၀ ကျော်မှ သုံးဧကတွင် တစ်ဧကလျှင် ငါးတန်အကောင်ရေ တစ်သိန်းစီဖြင့် သုံးသိန်းကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က စတင်မွေးမြူနေပြီဖြစ်ကြောင်း၊ ငါးမြစ်ချင်းနေရာတွင် ကမ္ဘာ့ဈေးကွက်ဝင် ငါးတန်များကို မွေးမြူထုတ်လုပ်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က အများပိုင်ကုမ္ပဏီတစ်ခုကိုလည်း မကြာမီ တည်ထောင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ထိုကုမ္ပဏီ၏ ရှယ်ယာများကို ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်း အစုရှယ်ယာများထည့်ဝင်နိုင်ရန် ပဏာမ ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်လဆန်းပိုင်းတွင် အစုရှယ်ယာ ထည့်ဝင်လိုသူတို့အတွက် ဆက်လက်ဆွေးနွေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်ဝင် ငါးတန်ကို မွေးမြူထုတ်လုပ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ငါးမွေးမြူထုတ်လုပ်မှုကဏ္ဍ တိုးတက်ပြောင်းလဲမှုလည်းဖြစ်ကြောင်း၊ ထိုင်း၊ တရုတ်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့သည် ကမ္ဘာကစားသုံးသည့် တီလားပီးယားငါးကို စီးပွားဖြစ်မွေးမြူလျက်ရှိပြီး ဒုတိယစားသုံးမှုများသောငါးမှာ ငါးတန်ဖြစ်သောကြောင့် ဈေးကွက်စီးပွားရေးနှင့်အညီ ငါးတန်ကိုလည်း မွေးမြူလျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးလုပ်ငန်းအတွက် အခြေခံကောင်းများက အသင့်စောင့်ကြိုနေလျက်ရှိရာ အခြားနိုင်ငံများထက် အခွင့်ကောင်းများကိုရယူလျက် နိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၏ ထောက်တိုင်တစ်ခုအဖြစ် ခေတ်စနစ်နှင့်အညီ ငါးတန်မွေးမြူရေးလုပ်ငန်းကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြေဧရိယာကျဉ်းကျဉ်းတွင် ရေနက်နက်၌ အကောင်များများထည့်၍ နည်းပညာဖြင့် မွေးမြူထုတ်လုပ်ရန် ငါးလုပ်ငန်းအဖွဲ့ချုပ်က ပြည်ပတွင် တစ်နှစ်ခန့်လေ့လာပြီးနောက် တစ်ဧကလျှင် ငါးတန်မျိုးစိတ် တစ်သိန်းထည့်ပြီး ရက်ပေါင်း ၁၂၀ (လေးလ)မွေးမြူ၍ ပြည်ပဈေးကွက်သို့တင်ပို့ရန် စမ်းသပ်နေခဲ့သည်မှာ သုံးလခန့်ရှိပြီဖြစ်ကြောင်း၊ ကမ္ဘာ့ငါးတန်ဈေးကွက်အပြောင်းအလဲကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က လေ့လာသိရှိခဲ့ပြီးနောက် ယခုလို ခေတ်မီနည်းစနစ်ဖြင့် ကမ္ဘာ့ဈေးကွက်ဝင် ငါးတန်ကို စတင်မွေးမြူနေခြင်းဖြစ်ရာ မြန်မာနိုင်ငံ ငါးမွေးမြူရေးကဏ္ဍ၏ သမိုင်းကျန်ရစ်မည့် အပြောင်းအလဲတစ်ခုပင်ဖြစ်ကြောင်း အထွေထွေအတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

## ငါးမွေးမြူရေးကဏ္ဍအတွက် လိုအပ်ချက်များ

မြန်မာနိုင်ငံ၏ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းအတွက် အဓိကအခက်အခဲများမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိုအပ်ချက်များဖြစ်ပြီး နည်းပညာလိုအပ်ချက်ရှိနေခြင်း၊ ငါး ပုစွန် မွေးမြူရေးဇုန်များဖော်ထုတ်ရန်(လမ်း၊ လျှပ်စစ်မီး၊ ရေသွင်း/ရေထုတ်စနစ်စသည့်)အခြေခံအဆောက်အအုံများ လိုအပ်ခြင်း၊ သမားရိုးကျ မွေးမြူရေးစနစ်မှ ခေတ်မီမွေးမြူရေးစနစ်သို့ ကူးပြောင်းနိုင်ရန်လိုအပ်ခြင်း၊ သိပ်သည်းကျဖော်စပ်ထားသည့် ရေမြုပ်/ရေပေါ် အစာတောင့်များကျွေး၍ မွေးမြူသည့်စနစ်သို့ ကူးပြောင်းနိုင်ရန် ခေတ်မီအစာစပ်စက်ရုံများ လိုအပ်ခြင်း၊ ဈေးကွက်ဝင် စီးပွားဖြစ်မွေးမြူနိုင်သော မျိုးကောင်းမျိုးသန့်ငါးသားပေါက်များ ထုတ်လုပ်နိုင်ရန်လိုအပ်ခြင်း၊ စီးပွားဖြစ် ရေငန်ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့ရန်လိုအပ်ခြင်းနှင့် နိုင်ငံတကာဈေးကွက်နှင့်ကိုက်ညီသည့် ငါး၊ ပုစွန် မျိုးစိတ်များ တိုးချဲ့မွေးမြူထုတ်လုပ်ရန် လိုအပ်ခြင်းတို့ ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံတွင် ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ရေးနှင့် အအေးခန်းစက်ရုံ ၁၂၅ ရုံရှိပြီး EU အဆင့်မီ ပြုပြင်ထုတ်လုပ်နိုင်စွမ်းရှိသည့်စက်ရုံ ၂၀ သာရှိသည်။ စက်ရုံအများစုမှာ တန်ဖိုးမြှင့်ထုတ်ကုန်များတင်ပို့နိုင်မှု အားနည်းနေပြီး ကုန်ကြမ်းအဆင့်ကိုသာ ထုတ်လုပ်လျက်ရှိသည်။ ကုန်ကြမ်းရရှိမှုနည်းပါးခြင်းကြောင့် ပို့ကုန်ကင်းလွတ်ခွင့်နှင့် ကုန်သွယ်မှုဆိုင်ရာအထူးအခွင့်အရေး(GSP)ရရှိခြင်း စသည့် အခွင့်အလမ်းကောင်းများကိုလည်း ထိရောက်စွာ အသုံးချခွင့်မရဘဲဖြစ်နေသည်။

၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တို့တွင် မြန်မာနိုင်ငံ၏ ရေထွက်ပို့ကုန်များမှ အမေရိကန်ဒေါ်လာ သန်း ၆၅၀ ကျော် နှစ်နှစ်ဆက်တိုက် ရရှိခဲ့ပြီးနောက် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၅၃၆ သန်းအထိ လျော့နည်းသွားကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၇၁၂ သန်းခန့် ပြန်လည်တိုးတက်ရရှိခဲ့သည်။ မြန်မာနိုင်ငံဧရိယာ၏ တစ်ဝက်သာရှိသော ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ငါး/ပုစွန် တင်ပို့မှုမှတစ်ဆင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံ၊ ပုစွန်မွေးမြူခြင်းမှ ၃ ဒသမ ၈ ဘီလီယံနှင့် ငါးတန် တစ်မျိုးတည်းဖြင့် ၂ ဒသမ ၅ ဘီလီယံ ရရှိနေသည်။ ဗီယက်နမ်သည် ၂၀၂၀ ပြည့်နှစ်တွင် ငါး/ပုစွန် ပို့ကုန်မှ ပြည်ပဝင်ငွေ ၁၁ ဘီလီယံကျော်ရရှိရန် ရည်မှန်း၍ အစိုးရနှင့် ငါးတောင်သူတို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ထိုင်းနိုင်ငံသည်လည်း ငါးလုပ်ငန်းမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ (သန်း ၆၅၀၀) ရရှိလျက်ရှိရာ မြန်မာနိုင်ငံထက် ၁၀ ဆကျော် ပို၍ရရှိနေသည်။

မြန်မာနိုင်ငံသည် ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများကို နိုင်ငံအတွက် အစွမ်းကုန်ထုတ်ယူသုံးစွဲခြင်း မပြုရသေးသောကြောင့် နိုင်ငံ၏ငါးလုပ်ငန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးအခွင့်အလမ်းတစ်ခုအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ ခေတ်မီနည်းပညာနှင့် နိုင်ငံတကာချေးငွေ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်ခြင်းဖြင့် မွေးမြူရေးကဏ္ဍမှသည် ပြည်တွင်းငါး/ပုစွန် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်ပဝင်ငွေ နှစ်စဉ်ရရှိစေလျက် စက်မှုကဏ္ဍ၏အခြေခံအုတ်မြစ်ကို တည်ဆောက်တက်လှမ်းနိုင်မည်ဖြစ်ပေသည်။ ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အချိန်အနည်းငယ်အတွင်း ဝင်ငွေတိုးတက်ရရှိစေမည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သော ရေချိုငါးမွေးမြူရေးလုပ်ငန်းမှသည် တိုင်းပြည်၏စီးပွားရေးကို အချိန်တိုအတွင်း ဦးမော့စေမည့် ပို့ကုန်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုအဖြစ် ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

> **“ ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အချိန်အနည်းငယ်အတွင်း ဝင်ငွေတိုးတက်ရရှိစေမည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သော ရေချိုငါးမွေးမြူရေးလုပ်ငန်းမှသည် တိုင်းပြည်၏ စီးပွားရေးကို အချိန်တိုအတွင်း ဦးမော့စေမည့် ပို့ကုန်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုအဖြစ် ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်သင့် ”**

# ဝါကျွတ်ပိတ်ရက်အလွန်တွင် မတ်ပဲဈေးထိုးတက်ပြီး ၁၄ လအတွင်း အမြင့်ဆုံးဈေးသို့ရောက်လာ

**ရန်ကုန် အောက်တိုဘာ ၂၈**

သီတင်းကျွတ် ကုန်စည်ဒိုင်ပိတ်ရက်များအလွန် ပြန်လည်စတင်ဖွင့်လှစ်သော အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်ပဲဈေးကွက်၌ ပြည်တွင်းပဲရောင်းဈေးသာမက ပြည်ပပို့ FOB ပဲများ ဈေးအတက်ကြမ်းလာခဲ့ကာ မတ်ပဲဈေးမှာလည်း ၁၄ လအတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့ကြောင်းနှင့် အောက်တိုဘာ ၂၇ ရက်တွင်လည်း ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ကြောင်း ရန်ကုန်ပဲဈေးကွက်မှ သိရသည်။

ဝါကျွတ်ပိတ်ရက်မတိုင်မီ နောက်ဆုံး ကုန်စည်ဒိုင်ဖွင့်ရက်ဖြစ်သော အောက်တိုဘာ ၂၂ ရက်က မတ်ပဲ(RC) တစ်တန်လျှင် ကျပ် ၅၉၃၀၀၀ နှုန်းဖြင့် ကုန်သေတ္တာအလုံးပေါင်း ၈၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်ပဲ(SQ/RC) တစ်တန်လျှင် ကျပ်ရှစ်သိန်း၊ မတ်ပဲ(FAQ/RC)တစ်တန်လျှင် ဒေါ်လာ ၃၈၀-၄၀၀ နှင့် မတ်ပဲ (SQ/RC)မှာ တစ်တန်လျှင် ဒေါ်လာ ၅၂၀-၅၄၀ နှုန်းသာ ရှိခဲ့သည်။

အောက်တိုဘာ ၂၆ ရက်တွင်မူ ရန်ကုန်ပဲဈေးကွက်၌ မတ်ပဲ (RC)တစ်တန်လျှင် ကျပ် ၆၉၉၀၀၀ နှုန်းဖြင့် ကုန်သေတ္တာအလုံးပေါင်း ၁၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်ပဲ(SQ/RC) တစ်တန်ဈေးမှာ ကျပ်ကိုးသိန်းရှိခဲ့သည်။ ပြည်ပပို့ FOB ပဲဖြစ်သည့် မတ်ပဲ(FAQ/RC) တစ်တန်ဈေးမှာ ဒေါ်လာ ၄၄၀-၄၆၀ နှင့် မတ်ပဲ(SQ/RC) တစ်တန်ဈေးမှာ ဒေါ်လာ ၅၈၀-၆၀၀ နှုန်းသို့ မြင့်တက်လာသည်။

အောက်တိုဘာ ၂၇ ရက်တွင်လည်း ရန်ကုန်မြို့ ပဲဈေးကွက်အတွင်း မတ်ပဲဈေးနှုန်းများ ထပ်မံမြင့်တက်ခဲ့ပြီး အရောင်းအဝယ်လည်း ပို၍ဖြစ်ခဲ့သည်ဟု ပဲဈေးနှုန်းသတင်းများအရ သိရသည်။ ၂၇ ရက်တွင် မတ်ပဲ (RC) တစ်တန်လျှင် ကျပ် ၇၃၀၀၀၀ နှုန်းဖြင့် ကုန်သေတ္တာအလုံးပေါင်း ၁၃၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီးမတ်ပဲ (SQ/RC) တစ်တန်လျှင် ကျပ် ၉၄၀၀၀၀၊ ပဲစင်းငုံနီ (RC) တစ်တန်လျှင် ကျပ် ၅၅၅၀၀၀ ရှိခဲ့ကာ ပဲစင်းငုံနီ ကုန်သေတ္တာငါးလုံး အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု သိရသည်။ ပြည်ပပို့ FOB ပဲ တစ်တန်ဈေးနှုန်းများမှာမူ စနေနေ့ဖြစ်၍ ဈေးမဖွင့်ခဲ့ပေ။

ထို့ကြောင့် ဝါကျွတ်ပိတ်ရက်များအလွန်တွင် မတ်ပဲ(RC) တစ်တန်လျှင် ကျပ်တစ်သိန်းခန့်နှင့် (SQ/RC) တစ်တန်လျှင် ကျပ်တစ်သိန်းခန့် ဈေးနှုန်းတက်လာခဲ့သလို ပြည်ပပို့ FOB မတ်ပဲဈေးများမှာလည်း တစ်တန်လျှင် ဒေါ်လာ ၆၀ ခန့် ဈေးနှုန်းမြင့်တက်လာခဲ့ခြင်း ဖြစ်သည်။ ယခုလက်ရှိ ပြည်တွင်းမတ်ပဲဈေးနှုန်းမှာ ၂၀၁၇ ဩဂုတ်လမှ ယနေ့အထိ ၁၄ လအတွင်း အမြင့်ဆုံးသို့ ပြန်လည်ရောက်ရှိလာခြင်းလည်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက ပြည်တွင်းသို့ ပဲတင်သွင်းမှုမူဝါဒကို ပြောင်းလဲကန့်သတ်ခဲ့ခြင်းကြောင့် ရန်ကုန်ပဲဈေးကွက်တွင် ၂၀၁၇ ခုနှစ်က ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိ ပဲအရောင်းအဝယ် ယာယီလေးရက် ပိတ်ခဲ့ရသည်။ ယင်းပိတ်ရက်များမတိုင်မီ ဩဂုတ် ၂၁ ရက်က ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ(RC) တစ်တန်လျှင် ကျပ်ရှစ်သိန်း၊ မတ်ပဲ(SQ/RC) တစ်တန်လျှင် ကျပ် ၁၀၂၅၀၀၀၊ မတ်ပဲ (FAQ/RC) တစ်တန်လျှင် ဒေါ်လာ ၆၀၀-၆၂၀ နှင့် မတ်ပဲ (SQ/RC) တစ်တန်လျှင် ဒေါ်လာ ၇၈၀-၈၀၀ နှုန်း ရှိခဲ့သည်။ ထိုနောက်ပိုင်းမှစ၍ ပဲဈေးနှုန်းများ ဆက်တိုက်ကျဆင်းပြီး ဈေးအနိမ့်တွင်သာ အတက်အကျ ရှိနေခဲ့ရာမှ ယခု ၂၀၁၈ သီတင်းကျွတ်ပိတ်ရက်များအပြီးတွင် ပဲဈေးနှုန်းများမှာ ၁၄ လအတွင်း အမြင့်ဆုံးဈေးအထိ ပြန်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၈ ပဲစိုက်ရာသီအတွင်း အိန္ဒိယပြည်တွင်း၌ မတ်ပဲလိုအပ်ချက်ရှိနိုင်သည်ဟု ခန့်မှန်းချက်များ ရှိနေခြင်းနှင့် အစိုးရချင်း (G to G)စနစ်ဖြင့် ပဲရောင်းချရန် လုပ်ဆောင်နေခြင်းတို့ကြောင့်လည်း မတ်ပဲဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်ဟု မတ်ပဲဈေးကွက်မှ သိရသည်။

ပဲစင်းငုံနီဈေးနှုန်းမှာမူ မတ်ပဲထက် တစ်တန်လျှင် ၁၅၀၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းနိမ့်နေရာ အောက်တိုဘာ ၂၆ ရက်တွင် ပဲစင်းငုံနီ(RC) တစ်တန်လျှင် ကျပ် ၅၃၅၀၀၀ သာရှိနေသည်။ ယခုနှစ် ဩဂုတ် ၂ ရက်ကမူ မတ်ပဲ(RC) တစ်တန်လျှင် ကျပ် ၄၂၆၀၀၀ နှုန်းသာရှိခဲ့စဉ် ပဲစင်းငုံနီ(RC)က တစ်တန်လျှင် ကျပ် ၄၉၀၀၀၀ အထိ ဈေးမြင့်တက်ခဲ့သည်။

ပဲဈေးကွက် အပြောင်းအလဲကြောင့် ၂၀၁၈ နှစ်လယ်မတိုင်မီ ပဲစင်းငုံစိုက်ပျိုးချိန်က တောင်သူများအနေဖြင့် ပဲစင်းငုံကို စီးပွားဖြစ်မစိုက်ပျိုးကြရန် သက်ဆိုင်ရာမှ အကြံပြုပြောကြားမှုများရှိခဲ့ပြီး ပဲစင်းငုံအစား အခြားဒေသနှင့်ကိုက်ညီသော သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြရန်လည်း တိုက်တွန်းခဲ့သည်။ ယခုလပိုင်းတွင် မိုးစပါးကြမ်းများ စတင်ရိတ်သိမ်းနေပြီဖြစ်ပြီး တောင်သူများအနေဖြင့် သီးထပ်စိုက်ပျိုးကြတော့မည်ဖြစ်ရာ ယခု မတ်ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်လာနေ၍ သီးထပ်စိုက်ပျိုးရာတွင် မတ်ပဲစိုက်ပျိုးရန်ပြင်ဆင်မည်ဟု ကျောင်းကုန်းလှည်းဆိပ်ကျေးရွာမှ တောင်သူတစ်ဦးက ပြောကြားသည်။

**ခင်ဆိုင်**

# ချင်းတောင်ဒေသထွက် ခရမ်းချဉ်သီး ကလေးမြို့မှ ဝယ်ယူမှုများပြားနေ

**ကလေး အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် အပိုဝင်ငွေရရှိရန်အတွက် ခရမ်းချဉ်သီးများကို ဒေသအတွင်း စိုက်ပျိုးခဲ့သော်လည်း ယခုအခါ ဒေသထွက်ခရမ်းချဉ်သီးများ ရာသီချိန်ကုန်ပြီဖြစ်၍ ကလေးမြို့ရှိ ဒေသခံများမှာ ချင်းတောင်မှထွက်ရှိသည့် ခရမ်းချဉ်သီးများကိုသာ ဝယ်ယူစားသုံးနေရသောကြောင့် ချင်းတောင်ဒေသထွက် ခရမ်းချဉ်သီးများကို ကလေးမြို့မှ ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

ကလေးမြို့နယ်အတွင်း ကျေးရွာအများအပြားတွင် ခရမ်းချဉ်သီးများကို စိုက်ပျိုးခဲ့ကြရာ ဒေသထွက်ခရမ်းချဉ်သီးများပေါ်ချိန်က ကလေးမြို့သာမက တမူးမြို့ အထက်ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်မြို့များသို့လည်း သေတ္တာများဖြင့် တင်ပို့ရောင်းချခဲ့ရကြောင်း ခရမ်းချဉ်သီးကုန်သည်များထံမှ သိရသည်။

ယခုရက်ပိုင်းတွင်မူ ဒေသထွက်ခရမ်းချဉ်သီးများ ရာသီကုန်ပြီဖြစ်၍ ကလေးမြို့တွင် ချင်းတောင်ဒေသထွက် ခရမ်းချဉ်သီးများကိုသာ ရောင်းချနေကြပြီး တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၈၀၀ နှင့် လက်လီဈေး ကျပ် ၁၀၀၀ မှ ၁၂၀၀ အထိရှိကြောင်း၊ ယခင်နှစ်များက မုံရွာမြို့မှဝယ်ယူပြီး တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ခန့် ပေးဝယ်ခဲ့ရကြောင်း၊ ယခုနှစ်တွင်မူ ချင်းတောင်မှတင်ပို့လာသည့် ခရမ်းချဉ်သီးများ လုံလောက်စွာရနေသဖြင့် ကလေးမြို့မှပြည်သူများအနေဖြင့် သင့်တင့်သောဈေးဖြင့်သာ ဝယ်ယူစားသုံးနိုင်ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# စဉ့်ကူးမြို့နယ် မာလဲ-နတ်တောင်ဆည်မှ မိုးစပါးအတွက် စိုက်ပျိုးရေပေးဝေ

**စဉ့်ကူး အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်မှ တောင်သူများသို့ ယခုနှစ် မိုးစပါးစိုက်ပျိုးရေများကို မာလဲ-နတ်တောင်ရေလှောင်တမံမှ လုံလောက်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ဆည်ရေသောက်ဧရိယာအတွင်း မိုးရွာသွန်းမှု လျော့နည်းခဲ့သော်လည်း မိုးဦးကာလမှစ၍ တမံအတွင်း စီးဝင်ရေများကို သိုလှောင်ထိန်းသိမ်းပြီး မိုးစပါးရာသီအစမှစတင်၍ စနစ်တကျ ရေပေးဝေခဲ့သည့်အတွက် မာလဲ-နတ်တောင်ရေလှောင်တမံ၏ ယခုနှစ် မိုးစပါးလျာထားချက် ၅၇၅၅ ဧကထက်ကျော်လွန်၍ စက်တင်ဘာလကုန် ကွင်းပိတ်ချိန်တွင် ၆၂၅၉ ဧကထိ ရေပေးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၈ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်းလည်း သိရ သည်။

မာလဲ-နတ်တောင် ရေလှောင်တမံ၏ ယခုနှစ် မိုးစပါးတိုးတက်စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ မိုးရာသီ ရေဝင်ရောက်မှုအခြေအနေများ၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်ရမည့် တမံနှင့် တူးမြောင်းထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အောက်တိုဘာ ဒုတိယပတ်အတွင်းက တမံသို့ လာရောက်စစ်ဆေးပြီး ဆည်ရေ အလေအလွင့်နည်းပါးစွာ စနစ်တကျ ပေးဝေနိုင်ရေးအတွက် ရေအသုံးပြုသည့် တောင်သူအစုအဖွဲ့များအား အသိပညာပေးဆွေးနွေးမှုများပြုလုပ်ကာ တောင်သူများ ပူးပေါင်းပါဝင်ခြင်းဖြင့် ရေစီမံခန့်ခွဲမှုစနစ် ပိုပြင်အားကောင်းလာစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယခု အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးကြောင့် မာလဲ-နတ်တောင် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု ပြန်လည်ကောင်းမွန်ကာ အောက်တိုဘာ ၁၆ ရက်တွင် တမံရေမှတ် ၄၄၂ ဒသမ ၃ ပေသို့ ရောက်ရှိခဲ့ပြီး ရေပြည့်မှတ်ရောက်ရန် ၀ ဒသမ ၇ ပေသာ လိုတော့သည့်အတွက် ယခုနှစ်တွင်လည်း ဆည်ရေပြည့်မှတ်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ဆည်တွင်းဝင်ရေကို စနစ်တကျထိန်းသိမ်း၍ မိုးစပါးအောင်ရေ အပြည့်အဝ ဆက်လက်ပေးဝေနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ညောင်ဦးမြို့နယ်၌ ဆင်းပဒေသာ ၁၁ မြေပဲမျိုးကို ထိုင်ဝမ်နည်းဖြင့် စမ်းသပ်စိုက်ပျိုးမည်

**ညောင်ဦး အောက်တိုဘာ ၂၈**



မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းနှင့် ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင် ရေသောက်ဧရိယာအတွင်းရှိ မြေပဲစိုက်တောင်သူများ ပူးပေါင်း၍ ဆောင်းရာသီ ဆောင်းမြေပဲစိုက်ပျိုးချိန်တွင် ဆင်းပဒေသာ-၁၁ မြေပဲမျိုး စိုက်ဧက ၅၀ ကို ထိုင်ဝမ်နည်းစနစ်များဖြင့် အကျိုးတူ ပူးပေါင်းစမ်းသပ် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ယခုလို အကျိုးတူပူးပေါင်း စမ်းသပ်စိုက်ပျိုးရာတွင် ဆီစက်ပိုင်ရှင်များအသင်းက မျိုးမြေပဲအဆန်၊ ဓာတ်မြေဩဇာသွင်းအားစုနှင့် စိုက်ပျိုးနည်းစနစ်များ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများနှင့် စိုက်ပျိုးနည်းစနစ်များကို ပံ့ပိုးပေးပြီး ထိုင်ဝမ်နည်းဖြစ်သော ပေါင်တင်စနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်ကာ တစ်ဧကလျှင် တင်း ၇၀ အနည်းဆုံးထွက်ရှိနိုင်ကြောင်း ဆီစက်ပိုင်ရှင်များအသင်းအဖွဲ့မှ သိရှိရသည်။

"ကျွန်တော်တို့ မြေပဲမျိုးတွေကတော့ သိပ္ပံနည်းကျနဲ့ စနစ်တကျ ထားရှိတာဖြစ်ပါတယ်။ အပူတိုင်းကိရိယာ၊ အအေးတိုင်းကိရိယာများနဲ့ စနစ်တကျထားတာပါ။ မျိုးကတော့ မှန်ပါတယ်။ တောင်သူတွေဘက်ကတော့ မြေလည်း မှန်မယ်။ တောင်သူကလည်း ဂရုစိုက်မယ်။ ရေလိုအပ်ချိန်၊ ရေသွင်းချိန်မှာလည်း တောင်သူဘက်က တာဝန်ယူပေးနိုင်မယ်ဆိုရင်တော့ တစ်ဧက တင်း ၇၀ မက ရနိုင်ပါတယ်"ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်အသင်းအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဆီစက်ပိုင်ရှင်အသင်း၏ စိုက်ပျိုးရေးပညာရှင်တစ်ဦးကလည်း "ကျွန်တော်တို့က တောင်သူတွေစိုက်ပျိုးမယ့် မြေဧကတွေကိုလည်း မြေအချဉ်ဓာတ်၊ အငန်ဓာတ် များနေသလား၊ နည်းနေသလားဆိုတာ အခမဲ့ စမ်းသပ်ပေးမှာပါ။ ဒီအပေါ်အခြေခံပြီး မြေရဲ့လိုအပ်ချက်ဓာတ်တွေ၊ မြေဩဇာတွေကို ဆန်းစစ်သုံးစွဲသွားမှာပါ။ မြေတွေကိုလည်း ညက်နေအောင် ထွန်ယက်ပေးရမယ်၊ ထွန်ရေးကိုလည်း ၁၆ လက်မ၊ ၁၇ လက်မအထိ နက်နက် ထွန်ယက်ပေးဖို့ လိုအပ်တယ်။ ထွန်စက်နဲ့ထွန်မယ်ဆိုလည်း ၁၈ လက်မအထိ ထွန်ရေးနက်ပေးရမယ်"ဟု ပြောသည်။

သူကောင်းတည်မြစ်ရေတင် ရေသောက်ဧရိယာအတွင်းမှ မြေပဲစိုက်ပျိုးမည့်တောင်သူများမှာ လက်ရှိထွန်ယက်ရာတွင် နွားနှင့်တစ်မျိုး၊ ထွန်စက်နှင့်တစ်ဖုံ ထွန်ယက်နေကြရာ အများစုမှာ အသင်းနှင့် ပူးပေါင်းစိုက်ပျိုးနိုင်ရန် လိုအပ်သောထွန်ရေးအနက် မရရှိနိုင်သေးကြောင်းလည်း ဆောင်းရာသီ ဆင်းပဒေသာ-၁၁ မြေပဲစိုက်ပျိုးမည့် ညောင်ဦးဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

# ညောင်ဦးမြို့နယ်၌ ဖီးကြမ်းငှက်ပျောစိုက်သူများ ဈေးကောင်းရ

**ညောင်ဦး အောက်တိုဘာ ၂၈**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်း လက်ပံခြေပေါ်မြစ်ရေတင်မှ ရေဖြင့် စိုက်ပျိုးထားသည့် ဖီးကြမ်းငှက်ပျောခြံပိုင်ရှင်များအနေဖြင့် ယခုနှစ်တွင် ငှက်ပျောသီး ဈေးကောင်းရရှိသောကြောင့် အဆင်ပြေနေကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ်မှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် တပေါင်းလ၊ တန်ခူးလတို့တွင် စတင်စိုက်ပျိုးလေ့ရှိသည်။ "ကျွန်တော်တို့ လက်ပံခြေပေါ် ငှက်ပျောစိုက်တောင်သူတွေကတော့ ဖီးကြမ်းငှက်ပျောပဲ အစိုက်များကြတယ်။ ရခိုင်ငှက်ပျောကို အနည်းအကျဉ်းတော့ စိုက်သေးတယ်။ ရောင်းအားကောင်းတာက ဖီးကြမ်းပဲ ရောင်းအားကောင်းတော့ ဖီးကြမ်းငှက်ပျောပဲ စိုက်တာများတယ်"ဟု လက်ပံခြေပေါ်ကျေးရွာမှ တောင်သူဦးအောင်ဌေးက ပြောသည်။



ဖီးကြမ်းငှက်ပျောစိုက်ပျိုးရာတွင် တစ်ပင်တစ်ကျင်း စိုက်ပျိုးခြင်း၊ တစ်ကျင်းနှစ်ပင် စိုက်ပျိုးခြင်း စသည်ဖြင့် စိုက်ပျိုးကြပြီး တစ်ပင်တစ်ကျင်းစိုက်ပျိုးသည့် ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် သားတက်မထားတော့ဘဲ အပင်အားလုံး အသီးသီးပြီးလျှင် အသစ်ပြန်စိုက်ပျိုးကြကာ တစ်ကျင်းနှစ်ပင်စိုက် တောင်သူများမှာမူ သားတက် တစ်ပင် တစ်တက်ထား၍ စိုက်ပျိုးကြကြောင်း သိရသည်။ ထွက်ရှိသည့်ငှက်ပျောများကို ရောင်းချရာတွင် အခိုင်ဈေးဖြင့် ရောင်းချခြင်းမဟုတ်ဘဲ တစ်ဖီးချင်း အရေအတွက်ဖြင့်သာ ရောင်းချလေ့ရှိကြောင်းသိရပြီး တစ်ဖီးလျှင် ကျပ် ၅၅၀ မှ ကျပ် ၈၀၀ အထိ ဈေးနှုန်းများဖြင့် ရောင်းချရကြောင်းလည်း ဖီးကြမ်းငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။

ထွက်ရှိလာသည့် ငှက်ပျောများကို ပုဂံ-ညောင်ဦး၊ ပခုက္ကူ၊ မြင်းခြံနှင့် ငါ့သရောက်မြို့နယ်များမှ ငှက်ပျောပွဲစားများက သုံးဘီးဆိုင်ကယ်များ၊ ကားများဖြင့် ခြံအရောက် လာရောက်ဝယ်ယူနေကြသောကြောင့် သွားရောက်ရောင်းချရမည့် အချိန်နှင့် ကုန်ကျစရိတ်များ သက်သာသလို ဈေးကောင်းလည်းရနေ၍ တောင်သူများအနေဖြင့် ဝင်ငွေကောင်းပြီး အဆင်ပြေနေကြခြင်းဖြစ်သည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# သီပေါ၌ ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြို့နယ်လုံးကျွတ် သံဃာ့ဒါနဆွမ်းကြီးလောင်းပွဲကျင်းပ



**သီပေါ အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၏ အထင်ကရ ဘာသာရေးပွဲတော်တစ်ခု ဖြစ်သည့် ရှေးနှစ်ပေါင်း ၁၅၀ ကျော်က အစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့နယ်၏ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနီယ ပွဲတော်နှင့်(၁၂၃) ကြိမ်မြောက် မြို့နယ်လုံး ကျွတ် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်နှင့် ဆရာတော်သံဃာတော်များက ယမန်နေ့ နံနက် အရုဏ်တက်တွင် ဗုဒ္ဓါဘိသေက အနေ ကဇာတင်လှူပူဇော်ကြပြီး မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းတော်ကြီး လောင်းလှူပွဲကို စတင်ဖွင့်လှစ်ပေးတော်မူကြသည်။

အခမ်းအနားသို့ သီပေါမြို့နယ်အတွင်းမှ ဗုဒ္ဓနွယ်ဝင်တိုင်းရင်းသားပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ပဒေသာပင်များ ပြုလုပ်၍ တံစင့်ဘိုးဘိုးကြီး(စဝ်ပူစဝ်နိုင်း) ဒေဝါနန်းမှ ပင့်ဆောင်ကြပြီး မိုင်းပွန်လမ်းတစ်လျှောက် မဟာမြတ်မုနိဘုရားကြီးအထိ မြို့တွင်းသို့ လက်ယာရစ်လျက် ရှမ်းရိုးရာယဉ်ကျေးမှု အကအလှများ၊ ပဒေသာအကများနှင့် အတီးအမှုတ်အကအခုန်များဖြင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၍ အစဉ်အလာမပျက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ဆွမ်းတော်ကြီးလောင်းလှူပွဲကို သီပေါမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၈၅ ကျောင်းတို့မှ ရဟန်း၊ သံဃာတော် ၄၃၆ ပါး၊ ရှင်သာမဏေ ၁၂၄၁ ပါးတို့ကို ပင့်လျှောက်၍ နံနက် အရုဏ်တက်တွင် မဟာမြတ်မုနိဘုရားကြီး တန်ဆောင်းတော်အတွင်း၌ စာရေးတံမဲ (မဟာဒုက်)မဲဖောက်ကာ ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြသည်။

ရှမ်းပြည်နယ်တွင် ဘာသာရေးပွဲတော်များနှင့် စပ်လျဉ်း၍ သီပေါမြို့နယ်တွင် သီတင်းကျွတ် ဆွမ်းတော်ကြီး လောင်းလှူပွဲတော်၊ ကျောက်မဲမြို့နယ်တွင် ဝါဆိုပန်းကပ်လှူပွဲတော်၊ လားရှိုးမြို့နယ်တွင် ရှန်ခိုက်ဘုရားပွဲတော်နှင့် တောင်ကြီးညောင်ရွှေမြို့နယ်တို့တွင် ဖောင်တော်ဦး မြတ်ဘုရား ဒေသစာရီကြွချီအပူဇော်ခံပွဲတော်အပြင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်တို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပသည့်ပွဲတော်များဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# အိမ်မဲမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပရဟိတအဖွဲ့တို့ပူးပေါင်း၍ အခမဲ့ ကျန်းမာရေးစစ်ဆေးပေးမည်



**အိမ်မဲ အောက်တိုဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ ရွှေဘုံသာဘုရားတန်ဆောင်းတွင် အောက်တိုဘာ ၂၉ ရက်တွင် အိမ်မဲမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ လုပ်အားဒါနနှင့် ဇီဝိတဒါန အလှူပြုလုပ်မည်သည်။

